# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၄ ခုနှစ် ၊ တပို့တွဲလဆန်း (၆) ရက် ၊ ကြာသပတေးနေ့ ၊ (26-1-2023) ၊ အတွဲ (၃၁) ၊ အမှတ် (၂၇၁)


**ဒို့တာဝန်အရေးသုံးပါး**

❖ ပြည်ထောင်စုမပြိုကွဲရေး။

❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။

❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်**

(၁) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

(၂) လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

(၃) ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့်စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

(၄) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

(၅) အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရတနာပလ္လင်တော်ထက် ဗဟိုမဏ္ဍိုင်ဌာနေ၌ ဌာပနာတော်သွင်းလှူပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားတွင် ဌာပနာတော်သွင်းလှူပူဇော်နိုင်ရေး အသိပေးနှိုးဆော်ခြင်း



**နေပြည်တော် ဇန်နဝါရီ ၂၅**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် ခုနစ်ရက်သားသမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော် ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကို ပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများ လာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေနေပြည်တော် ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊

စာမျက်နှာ ၁၇ ကော်လံ ၂ သို့



ရတနာပုံ
၂၀၂၃ ခုနှစ် ဇန်နဝါရီ ၂၆ ရက်
အယ်ဒီတာ့အာဘော်

# တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့်ထာဝရငြိမ်းချမ်းရေး

မြန်မာနိုင်ငံရှိ တိုင်းရင်းသားပြည်သူအားလုံးသည် ရှေးနှစ်ပေါင်းများစွာကပင် ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်ဓလေ့ထုံးတမ်းအစဉ်အလာများကို ထိန်းသိမ်းစောင့်ရှောက်ပြီး စည်းလုံးညီညွတ်စွာအတူတကွ စုပေါင်း၍ ကိုယ့်ထီးကိုယ့်နန်းကိုယ့်ကြငှန်းဖြင့် နေထိုင်ခဲ့ကြသည့် အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင်ဝင့်ထည်စွာရပ်တည်ခဲ့သည်။ သို့ရာတွင် ကိုလိုနီနယ်ချဲ့တို့၏မတရားကျူးကျော်သိမ်းပိုက်မှုကြောင့် ၁၈၈၅ ခုနှစ်တွင် နိုင်ငံတော်၏လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာဆုံးရှုံးခဲ့ရသည်။

သို့သော် တိုင်းရင်းသားခေါင်းဆောင်များ၏ ဦးဆောင်မှုနှင့်အတူ ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံးတို့က ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကိုလိုနီနယ်ချဲ့နှင့် ဖက်ဆစ်တို့ကို စည်းလုံးညီညွတ်စွာ သက်စွန့်ကြိုးပမ်းတွန်းလှန်ခဲ့ခြင်းကြောင့် ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ရယူနိုင်ခဲ့သည်။ ရရှိပြီးသော လွတ်လပ်ရေးတည်တံ့ခိုင်မြဲစေရေးအတွက် ပြည်တွင်း၊ ပြည်ပ အဖျက်အမှောင့်များ၏ သွေးထိုးလှုံ့ဆော်မှုများ၊ ဖိအားပေးမှုများကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက အမျိုးသားရေးအသိဖြင့် သတိကြီးစွာကာကွယ်ကြရမည်ဖြစ်သည်။

ယခုအခါ ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက်လည်း တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)သဘောတူညီချက်များအရ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများကိုလည်း ဖော်ဆောင်လျက်ရှိသည်။ ထို့ပြင် ပြည်သူတစ်ရပ်လုံးလိုလားတောင့်တလျက်ရှိသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ပြည်ထောင်စုကြီးတည်ဆောက်နိုင်ရေးအတွက် လွတ်လပ်၍ တရားမျှတမှုရှိသော ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲဖြစ်ပေါ်လာစေရေး ဦးတည်ဆောင်ရွက်လျက်ရှိသည်။

ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲနှင့် မြန်မာ့နိုင်ငံရေးအသွင်ကူးပြောင်းမှုများ အောင်မြင်ထိရောက်စွာ ဆောင်ရွက်နိုင်ရန် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ထာဝရငြိမ်းချမ်းရေးရရှိရေးတို့မှာ မဖြစ်မနေလိုအပ်သည်။ စင်စစ်မြန်မာ့လွတ်လပ်ရေးရရှိသည်မှာ တိုင်းရင်းသားပေါင်းစုံသွေးစည်းညီညွတ်မှုကို ပြသနိုင်ခဲ့သော ပြည်ထောင်စုနေ့ဖြစ်ပေါ်လာရခြင်းကြောင့်ပင်ဖြစ်သည်။ တစ်နိုင်ငံလုံးရှိ တိုင်းရင်းသားညီအစ်ကိုများအားလုံးစုစည်းညီညွတ်မှုကြောင့် ပင်လုံစာချုပ်ချုပ်ဆိုနိုင်ရာမှ ပေါ်ပေါက်ခဲ့သော ပြည်ထောင်စုနေ့ နေ့ထူးနေ့မြတ်ကို ကမ္ဘာတည်သရွေ့အစွန့်ရှည်စေရန် နှစ်စဉ်ပြည်ထောင်စုနေ့ဦးတည်ချက်များ ချမှတ်ဆောင်ရွက်လျက်ရှိသည်။

ယခုဆိုလျှင် (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့သို့ ရောက်ရှိတော့မည်ဖြစ်ရာ ၂၀၂၃ ခုနှစ် (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့အမျိုးသားရေးဦးတည်ချက်များအဖြစ် တိုင်းရင်းသားစည်းလုံးညီညွတ်မှုထာဝစဉ်တည်တံ့ရေးနှင့် ပြည်ထောင်စုကြီးထာဝရတည်တံ့ခိုင်မြဲအောင် ပြည်တွင်းအင်အားဖြင့် ကြိုးပမ်းတည်ဆောက်ရေး၊ ရေရှည်တည်တံ့သောထာဝရငြိမ်းချမ်းရေးရရှိအောင် တိုင်းရင်းသားလူမျိုးများအားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ရေး၊ တိုင်းပြည်သာယာဝပြောရေးနှင့် စားနပ်ရိက္ခာဖူလုံစေရေးအမျိုးသားရေးလုပ်ငန်းစဉ်(၂)ရပ် အောင်မြင်စေရေးပြည်ထောင်စုစိတ်ဓာတ်ဖြင့် တက်ညီလက်ညီလက်တွဲဆောင်ရွက်ရေး၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ရေးနှင့် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ပြီး အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင်ဆောင်ရွက်ပေးရေး၊ တိုင်းရင်းသားညီအစ်ကို မောင်နှမများ၏ရင်းနှီးချစ်ကြည်မှု၊ စည်းလုံးညီညွတ်မှု၊ စုစည်းလုပ်ဆောင်မှုတို့ဖြင့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကိုကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်ရေးဟူ၍ ဖော်ပြထားသည်။

သို့ဖြစ်ရာ ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံးသည် စည်းလုံးညီညွတ်စွာဖြင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ပြည်ထောင်စုကြီးတည်ဆောက်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းကြပါရန် တိုက်တွန်းရေးသားလိုက်ရပေသည်။

# တောင်သမန်တံတားနှင့် အင်းသို့ ပြည်ပခရီးသွားလာရောက်လည်ပတ်မှုများပြား



**မန္တလေး ဇန်နဝါရီ ၂၅**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်ရှိ တောင်သမန်တံတားနှင့် အင်းသို့ ပြည်ပခရီးသွားလာရောက်လည်ပတ်မှု များပြားလာကြောင်း အဆိုပါတံတားပြုပြင်ထိန်းသိမ်းရေးအဖွဲ့မှ အတွင်းရေးမှူး ဦးစိုးဝင်းက ပြောပြ၍ သိရသည်။

မန္တလေးမြို့တွင် တောင်သမန်တံတားမှာ ပြည်တွင်း၊ ပြည်ပခရီးသွားများ စိတ်ဝင်တစားလည်ပတ်ကြသည့်နေရာများထဲတွင် တစ်ခုအပါအဝင်ဖြစ်ကြောင်း၊ တောင်သမန်တံတားနှင့်အင်းသို့ ယခုခရီးသွားရာသီတွင် ပြည်ပခရီးသွားများ စတင်ဝင်ရောက်လည်ပတ်လျက်ရှိကြောင်း၊ ဇန်နဝါရီလ တတိယပတ်ကစ၍ ထိုင်းနိုင်ငံသားများနှင့် ဗီယက်နမ်နိုင်ငံသားများ ဝင်ရောက်လည်ပတ်မှု ပြန်လည်များပြားလာကြောင်း သိရသည်။

"အခု တောင်သမန်တံတားနဲ့ အင်းကို ပြည်ပခရီးသွား ဝင်ရောက်လည်ပတ်မှုက တော်တော်လေး များပြားလာပါတယ်။ အခု လတ်တလော တောင်သမန်တံတားနဲ့ အင်းအတွင်း ငှက်လှေစီးရင်း လည်ပတ်ကြတဲ့ နိုင်ငံခြားသားတွေထဲမှာ ထိုင်းနိုင်ငံနဲ့ ဗီယက်နမ်နိုင်ငံက ခရီးသည်တွေ များလာပါတယ်"ဟု ဦးစိုးဝင်းက ပြောပြသည်။

အဆိုပါ တောင်သမန်တံတားနှင့် အင်းအတွင်းသို့ ဇန်နဝါရီလ ပထမပတ်က ပြည်ပခရီးသွား တစ်ရက်လျှင် ဦးရေ ၆၀ ကျော်သာရှိခဲ့သော်လည်း ဇန်နဝါရီလတတိယပတ်ကစ၍ ၎င်းတံတားနှင့် အင်းအတွင်းသို့ ပြည်ပခရီးသွားတစ်ရက်လျှင် ဦးရေ ၁၆၀ ကျော်ထိ ဝင်ရောက် လည်ပတ်လျက်ရှိကြောင်း သိရသည်။

တောင်သမန်အင်းအတွင်း၌ ပြည်တွင်း၊ပြည်ပခရီးသွားများ ၎င်းအင်းအတွင်း နေဝင်ဆည်းဆာအလှကို ငှက်လှေများဖြင့် ကြည့်ရှုနိုင်ရန် ငှက်လှေအစီးရေ ၅၀ ကျော်ဖြင့် ပြေးဆွဲပေးလျက်ရှိကြောင်း တောင်သမန်တံတား ပြုပြင်ထိန်းသိမ်းရေးအဖွဲ့မှ အတွင်းရေးမှူး ဦးစိုးဝင်းက ပြောပြ၍ သိရသည်။

(၁၈၄)

# မန္တလေးတိုင်းဒေသကြီးမှထွက်ရှိသော ထိုင်ဝမ်ဆီးသီးများ ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချရာတွင် ဈေးကောင်းရရှိနေ

**မန္တလေး ဇန်နဝါရီ ၂၅**

မန္တလေးတိုင်းဒေသကြီးမှ ထွက်ရှိသည့် ထိုင်ဝမ်ဆီးသီးများ ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချရာတွင် ဈေးကောင်းရရှိနေကြောင်း မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်မှ ဆီးသီးစိုက်ပျိုးထုတ်လုပ်ရောင်းဝယ်ရေးပိုင်ရှင် ဦးမြင့်ဆွေက ပြောပြ၍ သိရသည်။

ထိုင်ဝမ်ဆီးသီးများကို တရုတ်ဈေးကွက်သို့ ဇန်နဝါရီလဒုတိယပတ်ကစ၍ ၁၂ ဘီးကားဖြင့် နေ့စဉ်တင်ပို့ရောင်းချလျက်ရှိကြောင်း၊ တရုတ်နိုင်ငံဈေးကွက်သို့ တင်ပို့ရောင်းချရာတွင် ဆီးသီးအလုံးကြီး ရှယ်စအလုံး ၁၁၀ ပါ တစ်ဖာလျှင် ၈၅ ယွမ်၊ အလတ်တန်းစား ဆီးသီးအလုံး ၁၅၀ ပါ တစ်ဖာလျှင် ယွမ် ၆၀ နှင့် ဆီးသီးအလုံးသေး ၆၀၀ မှ ၇၀၀ ပါ တစ်ဖာလျှင် ၄၅ ယွမ်ဖြင့် ရောင်းချနေရကြောင်း၊ ရောင်းချရာတွင် ဝယ်လက်ပွဲစားများ အပြိုင်ဝယ်ယူနေကြသည့်အတွက် အရောင်းအဝယ်များ သွက်လက်ကာ ဈေးကောင်းရရှိနေကြောင်း သိရသည်။

"ဒီနှစ် တရုတ်နိုင်ငံဈေးကွက်ကို ဆီးသီးတွေ တင်ပို့ရောင်းချရာမှာ ဈေးကောင်းရရှိနေပါတယ်။ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်း ပြန်ဖွင့်လာတဲ့အတွက် ကုန်စည်စီးဆင်းမှုတွေအဆင်ပြေပြီး ဈေးကောင်းရရှိနေပါတယ်။ အခုလိုဈေးကောင်းရရှိတော့ ဆီးခြံစိုက်သူတွေ အဆင်ပြေကြပြီး တွက်ခြေကိုက်ကြပါတယ်။ ထိုင်ဝမ်ဆီးသီးတွေက ဒီဇင်ဘာလကုန်မှာစပေါ်ပြီးတော့ မတ်လကုန်ထိ ခူးဆွတ်ရောင်းချလို့ရပါတယ်။ လက်ရှိ ဆီးသီးဈေးကောင်းရရှိနေရာမှာ မြန်မာငွေကျပ်နဲ့ဆိုရင် အလုံးကြီးတစ်ဖာကို ငွေကျပ် ၂၅၀၀၀၊ အလတ်ဆိုရင် တစ်ဖာကို ငွေကျပ် ၁၈၀၀၀ နဲ့ အသေးဆိုရင် တစ်ဖာကို ငွေကျပ် ၈၀၀၀ ရရှိနေပါတယ်။ ဒီနှစ် ထိုင်ဝမ်ဆီးသီးဈေးက လေးပုံတစ်ပုံလောက် ဈေးတက်သွားပါတယ်"ဟု ဦးမြင့်ဆွေက ပြောပြသည်။

ယခုနှစ် ထွက်ရှိလာသည့် ထိုင်ဝမ်ဆီးသီးများကို တရုတ်နိုင်ငံဈေးကွက်နှင့် ပြည်တွင်းဈေးကွက်သို့ နေ့စဉ်တင်ပို့ရောင်းချနေကြကြောင်း၊ ပြည်တွင်းဈေးကွက်သို့ တင်ပို့ရောင်းချရာတွင် ရန်ကုန်နှင့် လားရှိုးမြို့တို့သို့ ရောင်းချရပြီး ရန်ကုန်နှင့် မြန်မာနိုင်ငံအောက်ပိုင်းဒေသများသို့ အဓိကအများဆုံး တင်ပို့ ရောင်းချနေရကြောင်း၊ လက်ရှိပေါက်ဈေးမှာ ဆီးသီးအမျိုးအစားပေါ်မူတည်၍ တစ်ဖာလျှင် ငွေကျပ် ၈၀၀၀ မှ ၁၅၀၀၀ ထိ ရရှိနေကြောင်း၊ ပုသိမ်ကြီးမြို့နယ်တွင် ဆီးသီးစိုက်ဧက ၅၀၀ ကျော်ရှိပြီး ဆီးသီးတစ်ဧကလျှင် ငွေကျပ် သိန်း ၁၀၀ ထိ ရရှိကြကြောင်း ပုသိမ်ကြီးမြို့နယ်မှ ဆီးသီးစိုက်ပျိုး ထုတ်လုပ်ရောင်းဝယ်ရေးပိုင်ရှင် ဦးမြင့်ဆွေက ပြောပြ၍ သိရသည်။

(၁၈၅)

# မန္တလေးဈေးကွက်အတွင်း တရုတ်အာလူးများ တစ်ပိဿာလျှင် ငွေကျပ် ၂၇၀၀ ခန့်ထိပေါက်ဈေးရှိ

**မန္တလေး ဇန်နဝါရီ ၂၅**

မန္တလေးဈေးကွက်အတွင်း တရုတ်အာလူးများ တစ်ပိဿာလျှင် ငွေကျပ် ၂၇၀၀ ခန့်ထိ ပေါက်ဈေးရှိနေကြောင်း အောင် ကြက်သွန်နှင့် အာလူးပွဲရုံပိုင်ရှင် ဒေါ်မေသဲဆွေက ပြောပြ၍ သိရသည်။

ယခုလက်ရှိတွင် တရုတ်အာလူးများ မန္တလေးဈေးကွက်အတွင်း ပြန်လည်ဝင်ရောက်လာကြောင်း၊ တရုတ်အာလူးများ မန္တလေးဈေးကွက်အတွင်း အရောင်းအဝယ်ကောင်းမွန်လာခြင်းကြောင့် ဈေးကောင်း ပြန်လည်ရရှိလာကြောင်း သိရသည်။

"တရုတ်အာလူးတွေက အလုံးလဲလှပြီး အရည်အသွေးလဲ ကောင်းမွန်လာပါတယ်။ ဒါကြောင့် တရုတ်အာလူးတွေကို အာလူးအရောင်းအဝယ်လုပ်တဲ့ ကုန်သည်တွေက မန္တလေးဈေးကွက်ထဲမှာ အဝယ်ပြန်လိုက်လာပြီး ဈေးကောင်းတွေ ရလာပါတယ်။ အခုလတ်တလော တရုတ်နိုင်ငံဘက်ကနေ ပြည်တွင်းကို အာလူးတင်ပို့မှုက တော်တော်လေး အားကောင်းလာပါတယ်။ တရုတ်အာလူးတွေက အခု မန္တလေးဈေးကွက်ထဲမှာ အရောင်းအဝယ်ကောင်းတဲ့အပြင် ဈေးကောင်းလဲရနေပါတယ်။ နောက်ပိုင်းမှာလဲ ဒီထက်ပိုပြီး ဈေးကောင်းရဖို့ အလားအလာရှိနေပါတယ်" ဟု ဒေါ်မေသဲဆွေက ပြောပြသည်။

မန္တလေးဈေးကွက်အတွင်း ဇန်နဝါရီလပထမပတ်က တရုတ်အာလူးဈေးနှုန်းမှာ တစ်ပိဿာလျှင် ငွေကျပ် ၂၀၀၀ ခန့်သာရှိခဲ့သော်လည်း ဇန်နဝါရီ ၂၄ ရက်စ၍ တရုတ်အာလူး တစ်ပိဿာလျှင် ငွေကျပ် ၂၇၀၀ ခန့်ထိ ပေါက်ဈေးရှိနေပြီး ဈေးကောင်းရရှိလာကြောင်း သိရသည်။

(၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# အုတ်တွင်းမြို့နယ် ကျေးရွာနှစ်ရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်မှု စစ်ဆေး

**အုတ်တွင်း ဇန်နဝါရီ ၂၅**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြို့နယ်အတွင်းရှိ ကျေးရွာနှစ်ရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးအောင်၊ တောင်ငူခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန့်ဇင်မျိုးနှင့် ဝန်ထမ်းများက သံဒိုင်ခင်ကျေးရွာရှိ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှုအခြေအနေများ၊ ဇီးဖြူသောင်(အထက်)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)ဖြင့် နေကြာသီးနှံစိုက်ပျိုးထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး အုတ်တွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇင်မာမြင့်က လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ညွှန်ကြားရေးမှူးက လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

အုတ်တွင်းမြို့နယ် သံဒိုင်ခင်ကျေးရွာ၌ ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၅၄ ဒသမ ၃၇၅ သန်းအသုံးပြု၍ အရှည် ၈၀၄၂ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် နှစ်ပေကိုးလက်မရှိ ကျေးလက်ကုန်ထုတ်လမ်း မြေသားတင်ခြင်းနှင့် မြေနီလမ်းခင်းခြင်းလုပ်ငန်း၊ အရှည်ပေ ၃၀၊ အကျယ် ၁၄ ပေ၊ အမြင့် ၁၀ ပေရှိ ကွန်ကရစ်တံတားတည်ဆောက်ခြင်းလုပ်ငန်းများကို Royal 42 ကုမ္ပဏီက ၂၀၂၂ ခုနှစ် နိုဝင်ဘာလပထမပတ်က ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း၊ ဇီးဖြူသောင်(အထက်)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)ဖြင့် နေကြာသီးနှံစိုက်တောင်သူ ၄၈ ဦး၊ မြေပဲစိုက်တောင်သူလေးဦး စုစုပေါင်းအသင်းသား၊ အသင်းသူ ၅၂ ဦးကို ငွေကျပ်သိန်း ၁၀၀ ထုတ်ချေးပေးထားပြီး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ဇင်မာမြင့်က ပြောပြ၍ သိရသည်။

**ကိုညို**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ စိတ္တဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့နေ ဒေါ်အုန်းမြင့် မိသားစုက ဆေးပဒေသာပင်အတွက် ငွေကျပ် ၅၀၀၀၀၀ လှူဒါန်းရာ ယာယီဆေးရုံအုပ် ဒေါက်တာဒေါ်ရီရီမြင့်က လက်ခံရယူစဉ်။

# ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၃၀၄၁ ဧက စိုက်ပျိုးပြီးစီး



**ငပုတော ဇန်နဝါရီ ၂၅**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၃၀၄၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြ၍ သိရသည်။

ဟိုင်းကြီးကျွန်းမြို့တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ လျာထား ၃၀၄၁ ဧကကို ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ပဲမျိုးစုံ ၃၀၄၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ ပဲမျိုးစုံ လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် ဒေသခံတောင်သူများနှင့် စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနတို့ ပူးပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

"ဟိုင်းကြီးကျွန်းမြို့မှာ ဆောင်းသီးနှံပဲမျိုးစုံ ၃၀၄၁ ဧကကို ၂၀၂၂ ခုနှစ် နိုဝင်ဘာလကနေ စတင်စိုက်ပျိုးခဲ့တာ ကနေ့ထိ ပဲမျိုးစုံ ၃၀၄၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ဆောင်းသီးနှံပဲမျိုးစုံ လျာထားချက်ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ လိုအပ်တာတွေ ပြင်ဆင်ဆောင်ရွက်ပေးခဲ့ပါတယ်။ ပဲသီးနှံတွေ ပြန်လည်သိမ်းဆည်းတဲ့အချိန်ထိ လိုအပ်တာတွေ ဆက်လက်ပံ့ပိုးကူညီပေးသွားမှာပါ။ ဆက်စပ်ဌာနတွေကလဲ တောင်သူတွေ စိုက်ပျိုးရေးလုပ်ငန်းတွေကို အခက်အခဲမရှိ စိုက်ပျိုးနိုင်ဖို့ လိုအပ်တာတွေကို ကဏ္ဍအလိုက် အားဖြည့်ကူညီပေးနေပါတယ်"ဟု ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြသည်။

ဟိုင်းကြီးကျွန်းမြို့တွင် စိုက်ပျိုးထားသည့် ဆောင်းပဲမျိုးစုံ လျာထား ၃၀၄၁ ဧကတွင် ပဲတီစိမ်း ၉၅ ဧက၊ မတ်ပဲ ၁၀၆၆ ဧက၊ ဘိုကိတ်ပဲ ဧက ၁၈၈၀ တို့ဖြစ်ကြောင်း၊ အဆိုပါ စိုက်ပျိုးပြီးသည့် ဆောင်းသီးနှံပဲမျိုးစုံ ဖျက်ပိုးမကျရောက်စေရန်နှင့် အထွက်နှုန်းကောင်းမွန်စေရေး လုပ်ငန်းများကို တောင်သူများနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# ဆိပ်ဖြူမြို့နယ် ငှက်ပြာကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဆိပ်ဖြူ ဇန်နဝါရီ ၂၅**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ဆိပ်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ငှက်ပြာကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ သတ္တမအကြိမ် ထုတ်ချေးခြင်းကို ဇန်နဝါရီ ၂၄ ရက် မွန်းလွဲပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဆိပ်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရဲမင်းအောင်က ရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့်အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းချေးငွေ၊ အတိုးငွေနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များနှင့် အရင်းပြန်လည်ပေးဆပ်ရမည့်ကာလများအကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ငှက်ပြာကြီးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၈၅ ဦးကို ငွေကျပ် ၃၀၂၅၀၀၀၀၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၂ ဦးကို ငွေကျပ် ၉၁၅၀၀၀၀၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူလေးဦးကို ငွေကျပ် ၁၃ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၁ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၀၇ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ ဆိပ်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရဲမင်းအောင်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများ၊ ကျေးရွာသူ၊ ကျေးရွာသားများ တက်ရောက်ကြကြောင်း သိရသည်။

**နှံ့ယဉ်**

# ဖျာပုံမြို့နယ် ကျေးရွာသုံးရွာ၌ ဆိုလာရေတင်စနစ်ဖြင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**ဖျာပုံ ဇန်နဝါရီ ၂၅**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ စိုက်ပျိုးရေဖူလုံစွာရရှိစေရန် ရည်ရွယ်၍ ဇင်းဘောင်၊ အောက္ကဘာ၊ နောင်တော်ကြီးကျေးရွာတို့၌ ဆိုလာရေတင်စနစ်ဖြင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဇန်နဝါရီ ၂၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဖျာပုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန်းဇော်စိုးနှင့်တာဝန်ရှိသူများက ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ ဇင်းဘောင်၊ အောက္ကဘာ၊ နောင်တော်ကြီးကျေးရွာတို့၌ ဆိုလာရေတင်စနစ်ဖြင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲအောင် ပိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ရှိသူများကို ဆွေးနွေးမှာကြားသည်။

ဇင်းဘောင်၊ အောက္ကဘာ၊ နောင်တော်ကြီးကျေးရွာတို့၌ ဆိုလာရေတင်စနစ်ဖြင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းအတွက် ကျေးရွာတစ်ရွာလျှင် 550W ဆိုလာ ၁၄ ချပ်စီတပ်ဆင်ခြင်းလုပ်ငန်းများကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၇၁၇ ဒသမ ၃၆ သန်းဖြင့် တင်ဒါအောင်မြင်သည့် SANDISOLAR ကုမ္ပဏီက ၂၀၂၂ ခုနှစ် နိုဝင်ဘာလ တတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ စိုက်ပျိုးရေရရှိရေးလုပ်ငန်း ဆောင်ရွက်နိုင်မှုကြောင့် ကျေးရွာသုံးရွာရှိ စိုက်ပျိုးမြေ ၁၁၉ ဧကအတွက် စိုက်ပျိုးရေဖူလုံစွာရရှိနိုင်မည်ဖြစ်ပြီး ယခင်ကထက် စက်သုံးဆီကုန်ကျစရိတ်များ လျော့နည်းသက်သာလာမည်ဖြစ်ကြောင်း ဖျာပုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန်းဇော်စိုးက ပြောပြ၍ သိရသည်။

**ချစ်ဦးကို**



# ချမ်းမြေ့သာယာ ငြိမ်းအေးကြပါစေ

ကိုကိုပံသု(ပခုက္ကူတက္ကသိုလ်)

**လောက၌ စန္ဒကူးသည် ချမ်းမြေ့စွာ၏**
**ထိုစန္ဒကူးချမ်းမြေ့သည်ထက်**
**လသည်သာလျှင် ချမ်းမြေ့၏**
**စန္ဒကူးနှင့် လတို့ချမ်းမြေ့သည်ထက်**
**ကောင်းစွာဆိုအပ်သော**
**သူတော်ကောင်းတို့၏ စကားသည် ချမ်းမြေ့စွာ၏**
**(လောကနီတိ-၄၈)**

ဆိုလိုသည်မှာ စန္ဒကူးနံ့နှင့် လအရောင်တို့သည် အသီးသီးချမ်းမြေ့ဖွယ်ဖြစ်၏။ သူတော်ကောင်းတို့၏ စကားသည် ၎င်းတို့ထက်ပို၍ ချမ်းမြေ့ပေသည်။ သူတော်ကောင်းတို့၏ အဆိုအမိန့်သည် ပူလောင်ခြင်းကို သက်သာပြေပျောက်၍ ချမ်းသာခြင်းကို ရရှိစေပါသည်ဟု ဆိုလိုသည်။

လောကသုံးပါးတွင် လူသည်သာလျှင် အသိဉာဏ်အရှိဆုံး၊ အမြင့်မြတ်ဆုံးနှင့် စွမ်းဆောင်ရည် အထက်မြက်ဆုံးဖြစ်သည်။ သုံးလောကထွတ်ထား ဗုဒ္ဓမြတ်စွာဘုရားသည် သာမန်လူသားတစ်ဦးပင်ဖြစ်လင့်ကစား သဗ္ဗညုတ ရွှေဉာဏ်တော်ကိုရရှိသော၊ ရန်အပေါင်းကို အောင်မြင်တော်မူသော၊ သတ္တဝါအားလုံးတို့အပေါ်တွင် မေတ္တာထားရှိသော ကုသိုလ်၊ အကုသိုလ်ကို ခွဲခြားသိမြင်ဉာဏ်နှင့်ယှဉ်၍ လောကအကျိုး၊ ဓမ္မအကျိုးကို သယ်ပိုးရွက်ဆောင် နိဗ္ဗာန်သောင်သို့ ရောက်အောင်ညွှန်ပြသွင်သင်ဆုံးမ နည်းလမ်းပြသူ အရှင်သူမြတ်ကြီးဖြစ်တော်မူပေသည်။

လောကကြီးအလယ်တွင် လူသားတို့သည် ဖြတ်ဗုဒ္ဓ၏ အဆုံးအမကိုနာခံကြလျက် မိမိတို့ဘဝကို ငြိမ်းအေးစွာ ဖြတ်သန်းနေကြသူများရှိသကဲ့သို့ တချို့မှာထိုသို့ဖြတ်သန်းနိုင်ခြင်း မရှိကြသည်ကို တွေ့နေရသည်။ မိမိတို့၏ ဘဝကို ပူလောင်မှု၊ စိုးရိမ်ပူပန်မှု၊ အလိုမကျမှုတို့နှင့် ဖြတ်သန်းကြမည်လော၊ သို့တည်းမဟုတ် အေးချမ်းမှု၊ ငြိမ်းချမ်းသာယာမှုတို့နှင့် ဖြတ်သန်းကြမည်လော ဆိုသည်ကို သေသေချာချာ စဉ်းစားကြစေလိုသည်။

ယနေ့ ဤကမ္ဘာသံသရာမှာ ပုပုရွရွ၊ ဝဝလှလှ၊ တိုတိုရှည်ရှည်၊ ပိန်ပိန်သွယ်သွယ်၊ ငယ်ငယ်ကြီးကြီး၊ မည်းမည်းဖြူဖြူ လူသားအားလုံးသည် အများအားဖြင့် မငြိမ်းအေးကြပါ။ ပူပင်သောကဗျာပါရများ၊ လောဘ ဒေါသမောဟများ၊ အလိုမကျမှုများ၊ မနာလိုမုန်းတီးမှုများ၊ မယုံနိုင်စရာ အဖြစ်အပျက်များ၊ သဘာဝဘေးအန္တရာယ်များ၊ မနှစ်မြို့ဖွယ်ရာ အတွေ့အကြုံများနှင့် ဆုံတွေ့နေကြရ၊ ရင်ဆိုင်ဖြေရှင်းနေကြရ၊ စီမံဆောင်ရွက်နေကြရသည်။ ကိစ္စများမြောင် လူတို့ဘောင်ဟု ဆိုရမည်။

ထိုကဲ့သို့သော ပတ်ဝန်းကျင်၊ ထိုကဲ့သို့သော အဖြစ်အပျက်၊ ထိုကဲ့သို့သော လူ့အဖွဲ့အစည်းအတွင်းမှာ လူတိုင်းလူတိုင်းက နေလိုကြသည်၊ ပျော်ပိုက်နေကြသည်တော့ မဟုတ်ပါ။ ငြိမ်းအေးသောဘဝ၊ ပြီးပြည့်စုံသောဘဝ၊ သောကကင်းဝေးသောဘဝမျိုးကို ပိုင်ဆိုင်လိုကြသည်။ ငြိမ်းအေးသော ဘဝပိုင်ရှင်များဖြစ်လိုကြသည်။ လူတိုင်းသည် ငြိမ်းအေးသော ဘဝပိုင်ရှင်များဖြစ်ကြပါစေဟူ၍ အထပ်ထပ်အခါခါ ဆုတောင်းနေမိသည်။

**❖ စိတ်ညစ်စိတ်ဆိုးများ ဝင်ရောက်မလာစေရေး၊ စိတ်ကောင်းစိတ်မြတ်များ ထာဝစဉ်ကိန်းအောင်းနေရေးအတွက် စိတ်ကိုထိန်း၍ လေ့ကျင့်ပေးရမည်။ စိတ်ထားမှန်ကန်မှ အတွေးအမြင်မှန်ကန်မည်။ အတွေးအမြင်မှန်မှ အမှန်တရားကိုသိမည်။ အမှန်တရားကိုသိမှသာ ဓမ္မနှင့်အဓမ္မကို ခွဲခြားနိုင်မည်။ အဆိုးနှင့်အကောင်း၊ အကျိုးနှင့်အပြစ်၊ အမှားနှင့်အမှန်ကို သိမြင်လာမည်။ အမှန်ကိုသိမှ အများအကျိုးကို သိမြင်လာမည်။ အများအကျိုးကို သယ်ပိုးနိုင်မှ၊ အတ္တနှင့်ပရကို မျှမျှတတလုပ် ဆောင်နိုင်မှသာ လူ့ဘောင်ဘဝငြိမ်းအေးမည်။ ❖**

ဤသို့ဆုတောင်းနေစဉ် အရှင်ဆန္ဒာဓိက(ရွှေပါရမီတောရ) ရေးသားတော်မူသော "ငြိမ်းအေးသောဘဝပိုင်ရှင်"ခေါင်းစဉ်ပါ ဓမ္မစာပေမှ စာပိုဒ်တစ်ခုကို သတိရမိသည်။ ဆရာတော်က ဖော်ပြထားသည်မှာ အောက်ပါအတိုင်းဖြစ်သည်။

"ငြိမ်းအေးသော ဘဝပိုင်ရှင်ဖြစ်ချင်တိုင်း လူသားတွေရဲ့ဘဝ ငြိမ်းအေးကြပါသလားဆိုတော့ မငြိမ်းအေးကြပါဘူး။ လူသားအများစုရဲ့ဘဝဟာ အနည်းနှင့်အများဆိုသလို ပူလောင်နေကြပါတယ်။ အချို့လူသားတွေရဲ့ ဘဝဆိုရင် ငြိမ်းအေးသော ဘဝပိုင်ရှင်ဖြစ်ချင်တဲ့ ဆန္ဒမှရှိပါ့မလား ထင်မှတ်ရလောက်အောင် ကိုယ်ကိုယ်တိုင် စိတ်လိုလက်ရ ဖန်တီးထားတဲ့ ပူလောင်မှုတွေနဲ့ အချိန်ပြည့် မီးဟုန်းဟုန်းတောက်နေပါတယ်"ဟု ဖတ်ရှုမိသည်။

သေသေချာချာ စဉ်းစားကြည့်သောအခါ ဆရာတော်ဟောကြားခဲ့သလို ငြိမ်းအေးမှုကို ဖန်တီးနေသူများသည် မည်သူနည်း။ ဒုက္ခအဖုံဖုံ မတွေ့မကြုံ မဆုံစေရေး၊ သောကကင်းဝေးနေထိုင်နိုင်ရေး၊ ဘေးကင်းရန်ကွာ ပြဿနာ ကင်းရှင်းစေရေး၊ ချမ်းမြေ့သာယာသီရိဂေဟာဖြစ်လာစေရေး စသည်တို့၏ ဖန်ဆင်းရှင်သည် မည်သူများဖြစ်ကြပါသနည်း။

ဖန်တီးရှင်ဆိုသူကား အခြားမဟုတ်ပေ။ လူသားအားလုံးတို့ကို များလှထွေထွေ ပြဿနာများကို ဖန်တီးပေးနေသော သို့မဟုတ် သုခနှင့်ဒုက္ခ နှစ်ဖြာကိုဖြစ်ပေါ်စေသော၊ အချင်းချင်းမုန်းတီးရွံရှာ မနှစ်မြို့ဖွယ်ရာကိုဖြစ်ပေါ်စေသော၊ ချစ်ခြင်းနှင့် မုန်းခြင်းကို ချုပ်ကိုင်ထားသောအရာသည် မိမိတို့၏စိတ်ပင်ဖြစ်သည်။ တိတိပပပြောပြရလျှင် လူသားအားလုံးတွင် ကိန်းအောင်းနေသော ကာယကံ၊ ဝစီကံ၊ မနောကံတည်းဟူသော "ကံ"သုံးပါး၏ စေလိုရာ စေခိုင်းရာအတိုင်း မဆိုင်းမတွ လုပ်ကိုင်နေကြရသည်။

ထိုကံသုံးပါးအနက် မနောကံတည်းဟူသော စိတ်၏စေခိုင်းမှုသည် အပူလောင်ဆုံးဖြစ်သည်။ အရှင်ဆန္ဒာဓိက(ရွှေပါရမီတောရ)က ငြိမ်းအေးသောဘဝပိုင်ရှင် ဓမ္မစာပေတွင် "ကိုယ့်ဘဝရဲ့ ပူလောင်မှု၊ ငြိမ်းအေးမှုကို စိတ်ကပဲ ဖန်တီးပါတယ်။ စိတ်ပူလောင်ရင် ဘဝပူလောင်ပြီး စိတ်အေးငြိမ်းရင် ဘဝငြိမ်းပါတယ်။ ဘဝဆိုတာ စိတ်ရဲ့ပုံရိပ်ပါ။ ဘဝဆိုတာ စိတ်ရဲ့ကိုယ်တိုင်ရေးပုံတူ ပန်းချီကားတစ်ချပ်ပါ"ဟု ရေးသားဖော်ပြထားသည်။

အထက်ပါ ရေးသားချက်သည် အမှန်ဖြစ်သည်။ အရာရာကို စိတ်ကဦးဆောင်နေသည်။ "စိတ္တေန နိယျတေ လောကော"ဟူ၍ ဗုဒ္ဓမြတ်စွာက မိန့်ဟောခဲ့သည်။ စိတ်၏စေ့ဆော်မှုကြောင့် နှုတ်ကပြောဆိုရသည်။ စိတ်၏စေခိုင်းမှုကြောင့် ကာယကံမြောက်ကျူးလွန်ကြရသည်။ ကောင်းသောစိတ်က စေခိုင်းပါမှ ကောင်းသောစကားကို ပြောကြားမည်။ ဖြူစင်သောစိတ်က လှုံ့ဆော်မှသာ ကောင်းသောအလုပ်၊ ကုသိုလ်အလုပ်ကို လုပ်ဆောင်မည်။

မိမိ၏စိတ်က မကောင်းသည်ကို ကြံစည်ပါက၊ တွေးတောနေပါက မမှန်သည်ကို လုပ်မည်။ မဟုတ်သည်ကိုပြောမည်။ လူတစ်ဦးနှင့်တစ်ဦး ခင်မင်နေကြသည်ကို မိမိ၏စိတ်တွင် မနာလိုမှု၊ မနှစ်မြို့မှုများက ဝင်ရောက်လာပါက ထိုနှစ်ဦး၏ခင်မင်မှုကို ဖျက်ဆီးလိုစိတ်၊ ကုန်းတိုက်စကား ပြောကြားလိုစိတ်၊ သွေးခွဲလိုစိတ်၊ သိမ်ဖျင်းသောစကားကို ပြောကြားလိုစိတ်များ ဖြစ်ပေါ်လာမည်။ စိတ်၏စေခိုင်းမှုအရ မပြောသင့်သည်ကို ပြောမည်။ နောက်ဆုံးတွင် ကာယကံမြောက် မလုပ်သင့်သည်ကို လုပ်ကိုင်ပါတော့သည်။

သူတစ်ပါးဥစ္စာကို ရယူပိုင်ဆိုင်လိုစိတ်ဖြစ်ပေါ်လာပါက စိတ်ကိုထိန်းရမည်။ စိတ်မထိန်းနိုင်ပါက အဒိန္နာဒါနာကံကို ကျူးလွန်တော့မည်။ လုယက်မည်။ ခိုးယူမည်။ ခိုးယူရန် အဆင်မသင့်ပါက နောက်ဆုံးတွင် ပါဏာတိပါတာ သူ့အသက်ကို သတ်သည်ထိ ကျူးလွန်လာတတ်သည်။ ထို့ပြင် သူတစ်ပါး၏ သားသမီးကို မတော်မသင့် ကြံစည်လိုစိတ်ကြီးစိုးလာပါက ကာမေသု မိစ္ဆာစာရာကံကို ကျူးလွန်မည်။

သို့ပါ၍ မိမိတို့၏ စိတ်ကိုထိန်းပါ။ စိတ်ကိုထိန်းချုပ်နိုင်မှသာ ကာယကံ၊ ဝစီကံမြောက်သောအပြုအမူမျိုး ပြုလုပ်ခြင်းမှ ကင်းဝေးမည်။ စိတ်ဆင်ရိုင်းကို ချွန်းနှင့်အုပ်ပါ။ ရိုင်းပြနေသောဆင်ကို ချွန်းနှင့်အုပ်၍ ထိန်းချုပ်သကဲ့သို့ မိမိတို့၏ စိတ်ရိုင်းစိတ်မိုက်ကို ချွန်းဟူသော အသိတရား၊ အသိစိတ်နှင့် နိုင်အောင်ထိန်းပေးရမည်။

စိတ်တွင်ဖြစ်ပေါ်လာမည့် အဓိကလမ်းနှစ်သွယ်ရှိသည်။ တစ်ခုမှာ ကောင်းမြတ်သောအာရုံကို ကပ်ငြိနေသောစိတ်နှင့် အခြားတစ်ခုမှာ ဆိုးညစ်သောအာရုံကို ကပ်ငြိနေသောစိတ်တို့ဖြစ်ကြသည်။ ဆိုလိုသည်မှာ အကောင်းနှင့်အဆိုးအာရုံ နှစ်ခုသည် မိမိတို့၏ စိတ်ခန္ဓာတွင် အားပြိုင်လျက်ရှိနေသည်။ ကောင်းသည့်အာရုံကို များများရယူပါ။ ကောင်းသည်ကိုသာ များများတွေးပါ။ စိတ်ကောင်းနှလုံးကောင်းထားပါ။ ကောင်းသည့်အတွေး၊ ကောင်းသည့်စိတ်များက မိမိကိုယ်တွင် လွှမ်းခြုံနေမှသာ ဒါနပြုမည်၊ သီလဆောက်တည်မည်၊ ဘာဝနာပွားမည်ဟူသော စိတ်ကောင်းစိတ်မြတ်များ ဝင်လာမည်။

စိတ်ကောင်း စိတ်မြတ်သည် လောကကို အေးချမ်းစေသည်။ ဘဝကို ငြိမ်းအေးစေသည်။ မိမိတို့၏ စိတ်ခန္ဓာတွင် ပူလောင်နေသောစိတ်၊ လောဘပြည့်လျှံနေသောစိတ်၊ ဒေါသလွှမ်းမိုးနေသောစိတ်၊ သောကများနေသောစိတ်၊ မောဟဖိစီးနေသောစိတ်၊ မနာလိုမုန်းတီးနေသောစိတ်၊ ရန်ပြုလိုစိတ်နှင့် မကောင်းကြံလိုစိတ်များကို ဖယ်ရှားကြရမည်။ စိတ်ညစ် စိတ်ဆိုးများ ဝင်ရောက်မလာရန် တားမြစ်ကြရမည်။

ဆိုလိုသည်မှာ စိတ်ညစ်စိတ်ဆိုးများ ဝင်ရောက်မလာစေရေး၊ စိတ်ကောင်းစိတ်မြတ်များ ထာဝစဉ်ကိန်းအောင်းနေရေးအတွက် စိတ်ကိုထိန်း၍ လေ့ကျင့်ပေးရမည်။ စိတ်ထားမှန်ကန်မှ အတွေးအမြင်မှန်ကန်မည်။ အတွေးအမြင်မှန်မှ အမှန်တရားကိုသိမည်။ အမှန်တရားကိုသိမှသာ ဓမ္မနှင့်အဓမ္မကို ခွဲခြားနိုင်မည်။ အဆိုးနှင့်အကောင်း၊ အကျိုးနှင့်အပြစ်၊ အမှားနှင့်အမှန်ကို သိမြင်လာမည်။ အမှန်ကိုသိမှ အများအကျိုးကို သိမြင်လာမည်။ အများအကျိုးကို သယ်ပိုးနိုင်မှ၊ အတ္တနှင့်ပရကို မျှမျှတတလုပ်ဆောင်နိုင်မှသာ လူ့ဘောင်ဘဝ ငြိမ်းအေးမည်။ ငြိမ်းအေးသော လူ့ဘောင်ဘဝတွင် နေထိုင်ခြင်းသည်သာ ထာဝရအေးချမ်းမည်။ ချမ်းမြေ့သာယာငြိမ်းအေးကြရမည်။

ထိုကဲ့သို့ မိမိတို့၏စိတ်တွင် ချမ်းမြေ့သာယာငြိမ်းအေးနေသည်နှင့်အမျှ ပင်ကိုစိတ်ထားများ တဖြည်းဖြည်းပြောင်းလဲလာမည်။ စိတ်ကြည်လင်လာမည်။ အပြောအဆို သိမ်မွေ့ညင်သာလာမည်။ အပြုအမူ အနေအထိုင် ယဉ်ကျေးလာမည်။ အဆိုးနှင့်အကောင်း၊ အကျိုးနှင့်အကြောင်းကို ဆက်စပ်သိမြင်ဆင်ခြင်နိုင်စွမ်း တိုးမြင့်လာမည်။ အတွေးအခေါ်များ မှန်ကန်ရင့်ကျက်လာမည်။ အရာရာကို လုပ်သင့်၊ မလုပ်သင့် ချင့်ချိန်စဉ်းစားလာမည်။ ထိုအချိန်တွင် ကာယကံ၊ ဝစီကံ၊ မနောကံ ဆိုသော ကံသုံးပါးတို့သည် ငြိမ်းအေးနေပြီး ပူလောင်မှုနှင့် ကင်းဝေးနေမည်။

သို့ပါ၍ ဤသတ္တလောက မှန်သမျှတွင် ရှိရှိသမျှ လူသားအားလုံးတို့သည် ချမ်းမြေ့သာယာငြိမ်းအေးသော ဘဝပိုင်ရှင်များ၊ လောဘ၊ ဒေါသ၊ မောဟ တရားများ ကင်းစင်ကွာလျက် သူတော်ကောင်းတရားကို လက်ကိုင်ထားကြသူများဖြစ်ကြပါစေဟု ဆုမွန်ခြွေကာ ရေးသားလိုက်ရပါသည်။

**ကိုးကား**

- **တက်တိုး(၂၀၀၀) လောကနီတိ**
- **အရှင်ဆန္ဒာဓိက(ရွှေပါရမီတောရ) ငြိမ်းအေးသောဘဝပိုင်ရှင်**

---

# စဉ့်ကိုင်မြို့နယ် ကန်တွင်းကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**စဉ့်ကိုင် ဇန်နဝါရီ ၂၅**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကန်တွင်းကျေးရွာ၌ ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၇၅ ဒသမ ၄၀၇ သန်းဖြင့် ကုန်ထုတ်လမ်းဖောက်လုပ်နေမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျောက်ဆည်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြင့်နှင့်တာဝန်ရှိသူများက ကန်တွင်းကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ကန်တွင်းကျေးရွာ၌ ကုန်ထုတ်လမ်း အရှည် ငါးဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် လေးပေ ကိုးလက်မရှိ မြေသားတင် ချင်းကျောက်ခင်းခြင်းလုပ်ငန်းနှင့် Box Culvert တစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၇၅ ဒသမ ၄၀၇ သန်းဖြင့် ပုဂံနန်းတော်ကုမ္ပဏီက တာဝန်ယူ၍ ၂၀၂၂ ခုနှစ် အောက်တိုဘာလ တတိယပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါကုန်ထုတ်လမ်း ဖောက်လုပ်ပြီးစီးပါက ကန်တွင်းကျေးရွာ၌ ဒေသခံတောင်သူများ၏ သွားလာရေးအပြင် လယ်ယာထွက်ကုန်ပစ္စည်းများကို ဈေးကွက်သို့ လွယ်ကူစွာသယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း ကျောက်ဆည်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြင့်ထံမှ သိရသည်။ **အေးသူ**

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလို မကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကို လက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ် ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီ ၁၀၆၇ ဧက စိုက်ပျိုးပြီးစီး

**ကသာ ဇန်နဝါရီ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီ ၁၀၆၇ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကသာခရိုင်တွင် ကြက်သွန်နီ ၁၆၀၆ ဧကစိုက်ပျိုးရန် လျာထားပြီး ၂၀၂၂ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ကြက်သွန်နီ ၁၀၆၇ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ကသာခရိုင်အတွင်း ကြက်သွန်နီ ၁၆၀၆ ဧကစိုက်ပျိုးဖို့ လျာထားပါတယ်။ လက်ရှိအချိန်ထိ ကြက်သွန်နီ ၁၀၆၇ ဧက စိုက်ပျိုးပြီးပါပြီ။ ကြက်သွန်နီစိုက်ဧက လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ ကြက်သွန်နီ ဈေးကောင်းရဖို့လဲ ချိတ်ဆက်ဆောင်ရွက်ပေးနေပါတယ်"ဟု ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်စိုးက ပြောပြသည်။

ကသာခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီစိုက်ပျိုးပြီးစီးမှုအနေဖြင့် ကသာမြို့နယ်တွင် ၄၂ ဧက၊ ထီးချိုင့်မြို့နယ်တွင်၁၀၂၅ ဧကတို့ဖြစ်ကြောင်း သိရသည်။

ကြက်သွန်နီစိုက်တောင်သူများ ဈေးကောင်းရစေရန် ဈေးကွက်ချိတ်ဆက်မှုများ ဆောင်ရွက်ပေးခြင်း၊ ကြက်သွန်နီကို ကြာရှည်စွာထားခံနိုင်ရန် နည်းပညာပေးခြင်း၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရန် အသိပညာပေးခြင်းများဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကသာခရိုင်အတွင်း ကြက်သွန်နီစိုက်ပျိုးရာတွင် တောင်သူများအနေဖြင့် ကြက်သွန်နီ တစ်ဧကလျှင် ငွေကျပ် ၁၈ သိန်းခန့်ကုန်ကျပြီး တစ်ဧကလျှင် ပိဿာချိန် ၅၀၀၀ ထွက်ရှိကြောင်း သိရသည်။ (၂၀၆)



# ညောင်လေးပင်မြို့နယ် ကျွဲသေမြောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ညောင်လေးပင် ဇန်နဝါရီ ၂၅**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျွဲသေမြောင်ကျေးရွာအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ပဉ္စမအကြိမ် ထုတ်ချေးခြင်းကို ယနေ့နံနက် ၁၀ နာရီက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန့်ဇင်အောင်က ကျေးလက်နေပြည်သူများ၏ ဝင်ငွေလျော့နည်းလာမှုနှင့် စားဝတ်နေရေး အခက်အခဲများကို ကုစားပေးနိုင်ရန်၊ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာစေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များထံ ရန်ပုံငွေများ စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များက ကျွဲသေမြောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းပဉ္စမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူဦးရေ ၁၂၀၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၃၁ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ခြောက်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၅၇ ဦးကို ရန်ပုံငွေကျပ် ၃၇၂ ဒသမ ၂ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန့်ဇင်အောင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ကြီးကြပ်မှု ကော်မတီဝင်များ၊ အသင်းသား၊ အသင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

**သန်းလွင်(မကွေး)**

# မွေးနေ့နှင့် သေနေ့

\- မွေးနေ့ မွေးနေ့<br>
အတွေးဝေ့ပြီး<br>
မေ့မေ့မနေနဲ့။

\- မွေးနေ့နောက်မှာ<br>
ကပ်ပါလာတာ<br>
ဘာနေ့ဆိုတာများ<br>
သိရဲ့လား။

\- မြေသားကိုရွက် ထမ်းပိုးလျက်နှင့်<br>
မြေထက်ထွက်လာ "မှို"ပမာပင်<br>
နှိုင်းစာမြော်ထောက် "မွေးနေ့"နောက်တွင်<br>
ပေါ်ပေါက်အသိ "သေနေ့"ရှိဟု<br>
သတိဆင်ခြင်တတ်ပါစေ။

\- မွေးနေ့ရှင်မှာ မင်္ဂလာဖြင့်<br>
အလာလည်းကောင်း<br>
အခါလည်းမနှောင်း<br>
အပြန်လည်းကောင်းအောင်<br>
ထောင်းထောင်းဝင့်ဝင့် မပျံ့လွင့်ဘဲ<br>
ပြုကျင့်ထိုထို ကုသိုလ်ကောင်းမှု<br>
မြတ်ကြောင်းစုလျက်<br>
ယခုဘဝ<br>
အခြေတကျ<br>
နေသမျှ<br>
အသေလှအောင်<br>
နေကြ ထိုင်ကြသင့်တကား။ ။

(ဒွိပိဋကရေ-ဒွိပိဋကကောဝိဒ "အရှင်သိရီဒတ္တာလင်္ကာရ"၏ မွေးနေ့နှင့် ဓမ္မဘောဇဉ်များစာအုပ်မှ အတွေးရသည်။)

**မင်းယဉ်စု**

# မကွေးမြို့နယ် ကံသစ်ကျေးရွာ၌ မြေသားရေကန်တိုးချဲ့ခြင်းပြီးစီးမှု စစ်ဆေး

**မကွေး ဇန်နဝါရီ ၂၅**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မကွေးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂- ၂၀၂၃ ဘဏ္ဍာနှစ်တွင် ကံသစ်ကျေးရွာ၌ ပြည်ထောင်စုရန်ပုံငွေဖြင့် မြေသားရေကန်တိုးချဲ့ခြင်းလုပ်ငန်းပြီးစီးမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မကွေးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ကြီး၊ မကွေးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်စိုးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာရေရရှိရေး ကော်မတီဝင်များနှင့်အတူ ကံသစ်ကျေးရွာ၌ မြေသားရေကန်တိုးချဲ့ခြင်းလုပ်ငန်း ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာနေပြည်သူများအနေဖြင့် မိမိတို့နှစ်စဉ်သောက်သုံးရေဖူလုံစွာသုံးစွဲနိုင်ရေး ဆောင်ရွက်ပေးထားသည့် ရေကန်ကို ရေရှည်တည်တံ့ရန်နှင့် တာပေါင်ပျက်စီးမှုမရှိစေရန် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

ကံသစ်ကျေးရွာ၌ မြေသားရေကန် ကုဗပေ ၆၀၀၀၀၀ တိုးချဲ့ခြင်းလုပ်ငန်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေကျပ် ၃၇ သန်းဖြင့် Dear Brains ကုမ္ပဏီက ၂၀၂၂ ခုနှစ် ဩဂုတ်လဒုတိယပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း မကွေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ကိုလှိုင်**




# ရုရှားရေတပ်၏ အက်မိုင်ရယ်ဂေါ့ရှ်ကော့ဗ်ဖရီးဂိတ်စစ်သင်္ဘော အတ္တလန္တိတ်အနောက်ပိုင်း၌ ထိုးစစ်စွမ်းရည်စမ်းသပ်



**မော်စကို ဇန်နဝါရီ ၂၅**

ရုရှားရေတပ်၏ အက်မိုင်ရယ် ဂေါ့ရှ်ကော့ဗ် ဖရီးဂိတ်စစ်သင်္ဘောသည် အနောက်အတ္တလန္တိတ်သမုဒ္ဒရာဒေသ၌ ထိုးစစ်စွမ်းဆောင်ရည်များစမ်းသပ်ခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာန၏အဆိုကို ကိုးကား၍ ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အက်မိုင်ရယ်ဂေါ့ရှ်ကော့ဗ် ဖရီးဂိတ်စစ်သင်္ဘောသည် ဇာကွန်အမျိုးအစားဟိုက်ပါဆိုးနစ်ဒုံးကျည်ပစ်လွှတ်တိုက်ခိုက်မှုကို ကွန်ပျူတာဖြင့်ပုံစံတူလေ့ကျင့်ခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

သို့သော် အက်မိုင်ရယ်ဂေါ့ရှ်ကော့ဗ် ဖရီးဂိတ်စစ်သင်္ဘောထိုးစစ်စွမ်းရည်စစ်ဆေးမှု ပြုလုပ်ခဲ့သည့်နေ့ရက်ကို အဆိုပါကြေညာချက်၌ ဖော်ပြထားခြင်း မရှိကြောင်း သိရသည်။

အက်မိုင်ရယ်ဂေါ့ရှ်ကော့ဗ်ဖရီးဂိတ်စစ်သင်္ဘောသည် အသံ၏မြန်နှုန်းထက် ခြောက်ဆပိုသည့် အမြန်နှုန်းဖြင့် မိုင် ၅၆၀ ထိ ပျံသန်းနိုင်သော ဇာကွန်ဟိုက်ပါဆိုးနစ်ခရုဇ်ဒုံးကျည်များ တပ်ဆင်ထားသည့် စစ်သင်္ဘောဖြစ်သည်။

အနောက်အုပ်စုနှင့် ရုရှားနိုင်ငံတို့ကြား ယူကရိန်းပြဿနာကို အကြောင်းပြု၍ ဆက်ဆံရေးတင်းမာနေချိန်တွင် အက်မိုင်ရယ်ဂေါ့ရှ်ကော့ဗ်က အနောက်အတ္တလန္တိတ်ဒေသ၌ ထိုးစစ်စွမ်းရည်များ စမ်းသပ်ခဲ့ခြင်းဖြစ်သည်။

အက်မိုင်ရယ် ဂေါ့ရှ်ကော့ဗ်ကို ရုရှားသမ္မတပူတင်က ဇန်နဝါရီ ၁၄ ရက်တွင် အတ္တလန္တိတ်သမုဒ္ဒရာဒေသသို့ စေလွှတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

KKO

# အီဂျစ်သမ္မတ အက်ဘ်ဒယ်လ်ဖာတားအယ်လ်စီစီ အိန္ဒိယနိုင်ငံသို့ ရောက်ရှိ

**နယူးဒေလီ ဇန်နဝါရီ ၂၅**

အီဂျစ်သမ္မတ အက်ဘ်ဒယ်လ်ဖာတားအယ်လ်စီစီသည် ဇန်နဝါရီ ၂၄ ရက်တွင် အိန္ဒိယနိုင်ငံခရီးစဉ်ကို စတင်ခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အိန္ဒိယခရီးစဉ်အတွင်း အီဂျစ်သမ္မတ အယ်လ်စီစီသည် ဇန်နဝါရီ ၂၆ ရက်တွင် ကျင်းပမည့် အိန္ဒိယသမ္မတနိုင်ငံနေ့ အခမ်းအနားသို့ ဂုဏ်ပြုဧည့်သည်တော်အဖြစ် တက်ရောက်မည်ဖြစ်သည်။

အီဂျစ်သမ္မတ အယ်လ်စီစီသည် အိန္ဒိယခရီးစဉ်အတွင်း အိန္ဒိယစီးပွားရေး လုပ်ငန်းခေါင်းဆောင်များနှင့်လည်းတွေ့ဆုံရန် စီစဉ်ထားသည်။

သုံးရက်ကြာ ခရီးစဉ်အဖြစ် အိန္ဒိယနိုင်ငံသို့ ရောက်ရှိလာသည့် အီဂျစ်သမ္မတအယ်လ်စီစီကို အိန္ဒိယဝန်ကြီးချုပ် မိုဒီက နယူးဒေလီမြို့၌ ကြိုဆိုနှုတ်ဆက်ခဲ့သည်။

သမ္မတ အယ်လ်စီစီသည် ယနေ့တွင် ဝန်ကြီးချုပ် မိုဒီနှင့် နယူးဒေလီမြို့ ဟိုက်ဒရာဘတ်အိုးရည်ဂေဟာ၌ ထိပ်သီးဆွေးနွေးပွဲတစ်ရပ် ကျင်းပခဲ့သည်။

အမေရိကန်ဒေါ်လာငွေကြေး နည်းပါးပြတ်လပ်မှု ပြဿနာနှင့် ရင်ဆိုင်နေရသည့် အီဂျစ်နိုင်ငံသည် ပြည်ပရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်ရေးအတွက် ကြိုးစားလျက်ရှိကြောင်း သိရသည်။

KKO

# အိန္ဒိယနိုင်ငံမြောက်ပိုင်း လပ်ခနောင်းမြို့၌ လူနေအဆောက်အအုံပြိုကျ ပိတ်မိနေသူ ၁၂ ဦးကို ကယ်ထုတ်နိုင်ခဲ့

**နယူးဒေလီ ဇန်နဝါရီ ၂၅**

အိန္ဒိယနိုင်ငံ မြောက်ပိုင်း လပ်ခနောင်းမြို့၌ ဇန်နဝါရီ ၂၄ ရက်က လူနေတိုက်ခန်းတွဲတစ်ခု ပြိုကျခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အဆောက်အအုံ ပြိုကျခဲ့ပြီးနောက် အိန္ဒိယရှာဖွေကယ်ဆယ်ရေးသမားများသည် အပျက်အစီးများအောက် ပိတ်မိနေသူ ၁၂ ဦးကို ကယ်ထုတ်နိုင်ခဲ့သည်။

သို့သော် အပျက်အစီးများအောက်၌ ပိတ်မိနေသူများ ရှိနေနိုင်သေးကြောင်း လပ်ခနောင်းမြို့ရဲတပ်ဖွဲ့က ပြောကြားထားသည်။

အပျက်အစီးများ အောက်၌ ပိတ်မိနေသူ အရေအတွက်မှာ အနည်းဆုံး ၁၂ ဦးထိရှိနိုင်ကြောင်း ရဲတပ်ဖွဲ့က ခန့်မှန်းထားသည်။

ပြိုကျခဲ့သော အဆောက်အအုံမှာ အထပ်လေးထပ်ထိရှိပြီး ပြိုကျရခြင်း၏အကြောင်းရင်းကို မသိရသေးကြောင်း လပ်ခနောင်းရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

၂၀၂၁ ခုနှစ်အတွင်း အိန္ဒိယနိုင်ငံ၌ အဆောက်အအုံပြိုကျမှုကြောင့် လူပေါင်း ၁၆၇၀ ထိသေဆုံးခဲ့ရကြောင်း အိန္ဒိယအစိုးရ အမျိုးသားရာဇဝတ်မှတ်တမ်းဗျူရို၏ အဆိုအရ သိရသည်။ KKO



# ဖိလစ်ပိုင်နိုင်ငံ၌ နှစ်ရက်တာကာလအတွင်း လေယာဉ်တစ်စင်းပျောက်ဆုံး၍ တစ်စင်းပျက်ကျမှုဖြစ်ပွား

**မနီလာ ဇန်နဝါရီ ၂၅**

ဖိလစ်ပိုင်နိုင်ငံ၌ နှစ်ရက်တာကာလအတွင်း ကိုယ်ပိုင်လေယာဉ်တစ်စင်း ပျောက်ဆုံးမှုနှင့် စစ်လေယာဉ်တစ်စင်းပျက်ကျမှုတို့ ဆက်တိုက်ဖြစ်ပွားခဲ့ကြောင်း အေပီသတင်းဌာနက ဇန်နဝါရီ ၂၄ ရက်တွင် ဖော်ပြခဲ့သည်။



ယနေ့တွင် ဖိလစ်ပိုင်လေတပ်မှ စစ်လေယာဉ်တစ်စင်းသည် မနီလာမြို့အနောက်မြောက်ပိုင်းလယ်တောတစ်ခုပေါ်၌ပျက်ကျခဲ့ရာ လိုက်ပါသွားသူ နှစ်ဦး သေဆုံးခဲ့ရကြောင်း သိရသည်။

အက်စ်အက်ဖ်-၂၆၀အမျိုးအစား အဆိုပါလေယာဉ်သည် ကာဗီတီပြည်နယ် ဆန်ဂလေလေတပ်စခန်းမှ ပျံတက်ခဲ့ပြီး လေ့ကျင့်ပျံသန်းမှုပြုလုပ်စဉ် ဘာတန်းပြည်နယ် စပါးကွင်းတစ်ကွင်းအတွင်းသို့ ပျက်ကျခဲ့ခြင်းဖြစ်သည်။

ထို့အတူ ဇန်နဝါရီ ၂၄ ရက်ကလည်း လူခြောက်ဦး လိုက်ပါသွားသည့် ဆက်စနာ အမျိုးအစား လေယာဉ်ငယ် တစ်စင်းသည် လေဆိပ်မှပျံတက်ပြီး လေးမိနစ်အကြာတွင် ဖိလစ်ပိုင်မြောက်ပိုင်း အစ္စဘဲလားပြည်နယ်၌ ပျောက်ဆုံးခဲ့ကြောင်း သိရသည်။

လက်ရှိအချိန်တွင် အဆိုပါ ဆက်စနာလေယာဉ်ကို ဖိလစ်ပိုင်တာဝန်ရှိသူများက ရှာဖွေနေကြဆဲဖြစ်သည်။

၎င်းလေယာဉ်ပေါ်၌ လိုက်ပါသွားသူများမှာလည်း မည်သူမည်ဝါများဖြစ်ကြသည်ကို ဖိလစ်ပိုင်တာဝန်ရှိသူများက ထုတ်ပြောနိုင်မှုမရှိသေးကြောင်း သိရသည်။ KKO

# ဂျပန်အနောက်တောင်ပိုင်း ကမ်းလွန်ပင်လယ်၌ ကုန်တင်သင်္ဘောတစ်စီးနစ်မြုပ် လူကိုးဦး ပျောက်ဆုံးနေ

**တိုကျို ဇန်နဝါရီ ၂၅**

ဂျပန်နိုင်ငံအနောက်တောင်ပိုင်း ကမ်းလွန်ရေပြင်၌ ဇန်နဝါရီ ၂၄ ရက်က ဆောင်းလေပြင်းများ တိုက်ခတ်နေစဉ် ကုန်တင်သင်္ဘော တစ်စီးနစ်မြုပ်ခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

နစ်မြုပ်ခဲ့သော အဆိုပါကုန်တင်သင်္ဘောပေါ်၌ ရေယာဉ်ဝန်ထမ်း ၂၂ဦးလိုက်ပါလာခဲ့ရာ ၁၃ဦးကို ယနေ့တွင် ကယ်တင်နိုင်ခဲ့ပြီး ပျောက်ဆုံးနေသူ ကိုးဦးကိုလေယာဉ်များ၊ အခြားရေယာဉ်များ အကူအညီဖြင့် ဆက်လက်ရှာဖွေနေဆဲဖြစ်သည်။

ဟောင်ကောင်၌ မှတ်ပုံတင်ထားသော ကျန်းကျိုးယန်အမည်ရှိ အဆိုပါ ကုန်တင်သင်္ဘောသည် မနစ်မြုပ်မီ အရေးပေါ်အခြေအနေ သတင်းပေးပို့မှု ပြုလုပ်ခဲ့ကြောင်း ဂျပန် ကမ်းခြေစောင့်တပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။


ကျန်းကျိုးယန်ကုန်တင်သင်္ဘော ရေယာဉ်ဝန်ထမ်း ၂၂ ဦးအနက် ငါးဦးကို ဂျပန်လေတပ်ကလည်းကောင်း၊ ရှစ်ဦးကို တောင်ကိုရီးယား ကမ်းခြေစောင့်တပ်ကလည်းကောင်း ကယ်တင်နိုင်ခဲ့ခြင်းဖြစ်ပြီး ကိုးဦး ပျောက်ဆုံးနေကြောင်း ဂျပန်ကမ်းခြေစောင့်တပ် ကြေညာချက်အရ သိရသည်။

လက်ရှိအချိန်တွင်ကျန်းကျိုးယန် ကုန်တင်သင်္ဘောနစ်မြုပ်ခဲ့ရခြင်း၏ အကြောင်းရင်းကို မသိရသေးကြောင်း သိရသည်။

သို့သော် အဆိုပါကုန်တင်သင်္ဘောက အရေးပေါ်အခြေအနေ သတင်းပေးပို့မှု ပြုလုပ်ချိန်တွင် သင်္ဘောနစ်မြုပ်ခဲ့ရာ ရေပြင်အတွင်း ဆောင်းလေပြင်းများ တိုက်ခတ်နေကြောင်း သိရသည်။ KKO

# SCIENCE AND TECHNOLOGY

## နာဆာက လူစီအာကာသယာဉ်၏ နေစွမ်းအင်ပြားတစ်ချပ်ကို အပြည့်အဝဖြန့်ထုတ်ပေးနိုင်ရေးကြိုးပမ်းမှုများ ရပ်ဆိုင်းတော့မည်ဖြစ်



**ဝါရှင်တန် ဇန်နဝါရီ ၂၅**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)သည် လူစီအာကာသယာဉ်၏ နေစွမ်းအင်ပြားတစ်ချပ်ကို အပြည့်အဝဖြန့်ထုတ်ပေးနိုင်ရေး ကြိုးပမ်းမှုများကို ရပ်ဆိုင်းတော့မည်ဖြစ်ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဇန်နဝါရီ ၂၄ ရက်က ရေးသားတင်ပြထားသည်။

နာဆာအဖွဲ့သည် ကြာသပတေးဂြိုဟ် နေပတ်လမ်းပေါ်ရှိ ထရိုဂျင်ခေါ် ဂြိုဟ်သိမ်အုပ်စုဝင် ဂြိုဟ်သိမ်များကို လေ့လာရေးအတွက် ၂၀၂၁ ခုနှစ် အောက်တိုဘာလတွင် လူစီအာကာသယာဉ်ကို လွှတ်တင်ခဲ့ကြောင်း သိရသည်။

သို့ရာတွင် အာကာသဟင်းလင်းပြင်အတွင်း ရောက်ရှိချိန်တွင် လူစီအာကာသယာဉ်၏ အချင်း ၂၄ ပေစီရှိသည့် နေစွမ်းအင်ပြားနှစ်ချပ်အနက် တစ်ချပ်မှာ အပြည့်အဝ ဖြန့်ထွက်ခဲ့ခြင်းမရှိကြောင်း သိရသည်။

နာဆာအဖွဲ့သည် လူစီအာကာသယာဉ်၏ နေစွမ်းအင်ပြားကို အပြည့်အဝဖြန့်ထုတ်ရေးအတွက် ကြိုးစားခဲ့သော်လည်း လက်ရှိအချိန်ထိ အောင်မြင်မှုမရှိသေးပေ။

သို့ဖြစ်ရာ လက်ရှိအခြေအနေအရ လူစီအာကာသယာဉ်၏ နေစွမ်းအင်ပြား အပြည့်အဝဖြန့်ထုတ်ရေး ကြိုးပမ်းမှုများကို ရပ်ဆိုင်းရန် ဆုံးဖြတ်လိုက်ပြီဖြစ်ကြောင်း နာဆာအဖွဲ့က သတင်းထုတ်ပြန်ထားသည်။

သို့ရာတွင် အဆိုပါနေစွမ်းအင်ပြား၏ လက်ရှိဖြန့်ထုတ်ထားနိုင်မှုအတိုင်းအတာအရ လူစီမစ်ရှင်အတွက် လိုအပ်သည့်စွမ်းအင်ကို အလုံအလောက် ဖြည့်ဆည်းပေးနိုင်ဆဲဖြစ်ကြောင်း နာဆာတာဝန်ရှိသူများက ပြောကြားသည်။ KKO

## ကမ္ဘာမြေနှင့် အလင်းနှစ် ကိုးဘီလီယံခန့်ကွာဝေးသော ကြယ်စုတစ်စုမှထုတ်လွှင့်နေသည့် ရေဒီယိုလှိုင်းများကို ဖမ်းယူထားနိုင်ခဲ့

**နယူးဒေလီ ဇန်နဝါရီ ၂၅**

ကမ္ဘာမြေနှင့် အလင်းနှစ် ကိုးဘီလီယံခန့်ကွာဝေးသော ကြယ်စုတစ်စုမှ ထုတ်လွှင့်နေသည့် ရေဒီယိုလှိုင်းများကို သိပ္ပံပညာရှင်များက ဖမ်းယူထားနိုင်ခဲ့ကြောင်း The Daliy Mail သတင်းစာက ဇန်နဝါရီ ၂၄ ရက်က ရေးသားတင်ပြထားသည်။

SDSSJ-0826 ဟူ၍ အမည်ပေးထားသော ကြယ်စုမှထုတ်လွှင့်လိုက်သည့် ရေဒီယိုလှိုင်းများကို ကနေဒါနှင့် အိန္ဒိယသိပ္ပံပညာရှင်များက မြေပြင်အခြေစိုက်ရေဒီယိုတယ်လီစကုပ်တစ်ခုဖြင့် ဖမ်းယူနိုင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ ရေဒီယိုလှိုင်းကို လေ့လာဆန်းစစ်ခြင်းဖြင့် စကြဝဠာ ခေတ်ဦးပိုင်းကာလအခြေအနေများကို ဖော်ထုတ်ရာတွင် အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း သိပ္ပံပညာရှင်များက သုံးသပ်ထားသည်။

SDSSJ-0826 ကြယ်စုရေဒီယိုလှိုင်းကို လေ့လာမှုသည် လွန်ခဲ့သော နှစ်ပေါင်း ၈ ဒသမ ၈ ဘီလီယံကာလကို နောက်ကြောင်းပြန်လေ့လာသည့်သဘောဖြစ်ကြောင်း၊ အဆိုပါ ရေဒီယိုလှိုင်းများသည် စကြဝဠာ၏သက်တမ်း နှစ်ပေါင်း ၄ ဒသမ ၉ ဘီလီယံမျှသာရှိသေးချိန်တွင် ကြယ်များဖွဲ့စည်းဖြစ်ပေါ်နေသော ကြယ်စုက ထုတ်လွှင့်ခဲ့သည့် ရေဒီယိုလှိုင်းများဖြစ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။



ကနေဒါနှင့် အိန္ဒိယသိပ္ပံပညာရှင်များသည် SDSSJ-0826 ကြယ်စုရေဒီယိုလှိုင်းကို အိန္ဒိယနိုင်ငံ မဟာရက်ရှ်ကြပြည်နယ် အခြေစိုက် ဂျီအမ်အာရ်တီအမည်ရှိ ရေဒီယိုတယ်လီစကုပ်ဖြင့် ဖမ်းယူနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

KKO

## ကမ္ဘာဂြိုဟ်အတွင်းဝတ်ဆံသံသတ္တုစက်လုံး မွှတ်မွှတ်လည်မှု ပုံစံအပြောင်းအလဲကြောင့် ကမ္ဘာပေါ်၌ နေ့တာပိုရှည်လာနိုင်

**ပေကျင်း ဇန်နဝါရီ ၂၅**

ကမ္ဘာဂြိုဟ် အတွင်းဝတ်ဆံသံသတ္တုစက်လုံး မွှတ်မွှတ်လည်မှုပုံစံအပြောင်းအလဲကြောင့် ကမ္ဘာပေါ်၌ နေ့တာပိုရှည်လာနိုင်ကြောင်း သိပ္ပံပညာရှင်များ၏အဆိုကို ကိုးကား၍ The Daliy Mail သတင်းစာက ဇန်နဝါရီ ၂၄ ရက်က ရေးသားတင်ပြထားသည်။

ကမ္ဘာ့သံလိုက်စက်ကွင်းသည် မွှတ်မွှတ်လည်နေသော သံသတ္တုဝတ်ဆံစက်လုံးကို ထပ်မံခြုံလွှမ်းတည်ရှိသည့် သတ္တုရည်ပူအပြင်လွှာ လှုပ်ရှားမှုကြောင့် ပေါ်ထွက်လာခြင်းဖြစ်သည်။

သို့ရာတွင် တရုတ်နိုင်ငံ ပီကင်းတက္ကသိုလ်မှ သိပ္ပံပညာရှင်များ၏ အဆိုအရ ကမ္ဘာ့သံသတ္တုဝတ်ဆံစက်လုံး မွှတ်မွှတ်လည်မှုသည် ပြီးခဲ့သည့် ၁၄ နှစ်အတွင်း နှေးကွေးခဲ့ပြီး ပြောင်းပြန်လားရာသို့ ပြန်လှည့်ပတ်စပြုနေဖွယ်ရှိကြောင်း သိရသည်။

တရုတ်သိပ္ပံပညာရှင်များသည် ၁၉၆၀ ပြည့်နှစ်နောက်ပိုင်း လှုပ်ခတ်ခဲ့သော ငလျင်များအနက် အတွင်းဝတ်ဆံစက်လုံးကို ဖြတ်သန်းခဲ့သည့်ငလျင်လှိုင်းများကို လေ့လာခဲ့ကြပြီး လေ့လာချက်ရလဒ်များအရ ၂၀၀၉ ခုနှစ်နောက်ပိုင်း လှုပ်ခတ်ခဲ့သည့် ငလျင်များ၏လှိုင်းလက္ခဏာများမှာ အတွင်းဝတ်ဆံစက်လုံး လည်ပတ်မှုနှေးကွေးသွားပြီး ကမ္ဘာ၏ဝင်ရိုးအပေါ် ဗဟိုပြုမွှတ်မွှတ်လည်နှုန်းထက်ပင် နှေးကွေးလာမှုကို ပြသနေကြောင်း တရုတ်သိပ္ပံပညာရှင်များက ပြောကြားသည်။

အလားတူ အချင်း ၇၄၆ မိုင်ရှိသည့် ကမ္ဘာ့သံသတ္တုဝတ်ဆံစက်လုံး မွှတ်မွှတ်လည်မှု လားရာအပြောင်းအလဲမှာ နှစ် ၇၀ လျှင် တစ်ကြိမ်ကျဖြစ်ပွားတတ်ကြောင်း တရုတ်သိပ္ပံပညာရှင်များက ဖော်ထုတ်တွေ့ရှိခဲ့ကြောင်း သိရသည်။ KKO

# HEALTH

## IBS ရောဂါနှင့် အစာခြေလမ်းကြောင်းစနစ် ဗက်တီးရီးယားမျိုးစုံမှုနည်းပါးခြင်းက ဆက်စပ်မှုရှိနိုင်

**ဆိုးလ် ဇန်နဝါရီ ၂၅**

အစာခြေလမ်းကြောင်းစနစ် ဗက်တီးရီးယားစုဖွဲ့မှုပုံစံ၌ ဗက်တီးရီးယားမျိုးစုံမှုနည်းပါးခြင်းနှင့် အူမကြီးမတည်ငြိမ်မှုရောဂါ (IBS) တို့ကြား ဆက်စပ်မှုရှိနိုင်ကြောင်း Health Day News ဆေးပညာသတင်းဝက်ဘ်ဆိုက်က ဇန်နဝါရီ ၂၄ ရက်က ရေးသားတင်ပြထားသည်။

သာမန်အားဖြင့် လူသားများ၏ အစာခြေလမ်းကြောင်းစနစ်၌ ဗက်တီးရီးယားမျိုးစိတ်ပေါင်း ၂၀၀၀၀ ကျော်ထိ စုဝေးတည်ရှိနေတတ်ကြောင်း တောင်ကိုရီးယားနိုင်ငံ ကိုရီးယားတက္ကသိုလ် ဆေးကောလိပ်မှ သုတေသနပညာရှင်များ၏အဆိုအရ သိရသည်။

တောင်ကိုရီးယားသုတေသနပညာရှင်များသည် IBS လူနာ ၅၇၆ ဦးနှင့် ကျန်းမာရေးပုံမှန်ရှိသူ ၄၈၇ ဦးတို့၏ ကျန်းမာရေးအချက်အလက်များကို စိစစ်လေ့လာခဲ့ကြကြောင်း သိရသည်။

လေ့လာချက်ရလဒ်များအရ IBS လူနာများ၏ အစာခြေလမ်းကြောင်းစနစ်အတွင်း စုစည်းတည်ရှိသည့် ဗက်တီးရီးယားမျိုးစိတ်များမှာ ကျန်းမာရေးပုံမှန်ရှိသူများလောက် စုံလင်များပြားမှုမရှိကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ထို့ပြင် IBS လူနာများနှင့် ကျန်းမာရေး ပုံမှန်ရှိသူများကြား အထူးဗက်တီးရီးယားမျိုးစိတ် ၂၁ ခုပေါ်များမှုအဆင့်မှာလည်း ကွာခြားချက်ရှိနေတတ်ကြောင်း တောင်ကိုရီးယားသုတေသနပညာရှင်များ၏အဆိုအရ သိရသည်။

သို့ဖြစ်ရာ အစာခြေလမ်းကြောင်းစနစ် ဗက်တီးရီးယားမျိုးစိတ်စုံလင်မှု အတိုင်းအဆသည် IBS ရောဂါနှင့် တစ်စုံတစ်ရာဆက်စပ်နေနိုင်ကြောင်း သုတေသနပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။

KKO

## နှလုံးခုန်ရှုတ်တရက်ရပ်တန့်သူလူနာများအတွက် ဆီးရှင်ဆေးနှစ်မျိုး၏ အာနိသင်ကွာခြားမှုမရှိ

**နယူးယောက် ဇန်နဝါရီ ၂၅**

နှလုံးခုန်ရှုတ်တရက်ရပ်တန့်မှုပြဿနာရှိသည့် လူနာများအတွက် အသုံးများသည့် ဆီးရှင်ဆေးနှစ်မျိုး၏ ထိရောက်မှုအတိုင်းအတာမှာ ကွာခြားမှုမရှိကြောင်း Health Day News ဆေးပညာသတင်းဝက်ဘ်ဆိုက်က ဇန်နဝါရီ ၂၄ ရက်က ရေးသားတင်ပြထားသည်။

နှလုံးခုန်ရှုတ်တရက်ရပ်တန့်သူလူနာများကို ကုသရာတွင် ဆေးပညာရှင်များသည် Furosemide နှင့် Torsemide အမည်ရှိ ဆီးရှင်ဆေးနှစ်မျိုးကို ကျယ်ကျယ်ပြန့်ပြန့်သုံးစွဲလေ့ရှိသည်။

အမေရိကန်အစိုးရ အမျိုးသားကျန်းမာရေးအင်စတီကျုမှ သုတေသနပညာရှင်များ၏ လေ့လာချက်အရ အဆိုပါဆေးနှစ်မျိုးသည် လူနာများ၏ အသက်ရှင်သန်နိုင်မှုကို မြှင့်တင်ပေးရာတွင် ထိရောက်မှုချင်း ကွာခြားမှုမရှိကြောင်း သိရသည်။

အမေရိကန်သုတေသနပညာရှင်များသည် ဆေးရုံတက်ရောက်ကုသနေသော နှလုံးခုန်ရှုတ်တရက်ရပ်တန့်သူလူနာဦးရေပေါင်း ၂၈၀၀ ကျော်တို့ကို လေ့လာပြီးနောက် ၎င်းတို့၏ တွေ့ရှိချက်ကို တင်ပြခဲ့ခြင်းဖြစ်သည်။

လေ့လာချက် ရလဒ်များအရ Furosemide သုံးစွဲသူအစုနှင့် Torsemide သုံးစွဲသူအစုတို့ကြား လူနာများ ဆုံးပါးမှုရာခိုင်နှုန်းမှာ ကွာခြားမှုမရှိကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ဆီးရှင်ဆေးများသည် နှလုံးခုန်ရှုတ်တရက်ရပ်တန့်သူလူနာများ၌ ကိုယ်တွင်းအရည်တည်မှုကြောင့် ဖြစ်ပွားသည့်ပိတ်ဆို့မှုများ၊ အသက်ရှူရခက်ခဲမှုပြဿနာများကို လျှော့ချပေးနိုင်ကြောင်း သိရသည်။ KKO



## နိုင်ငံတကာ အားကစားသတင်းများ

# ဆိုစီဒက်အသင်းမှ ဇူဘီမန်ဒီကို ယူရို သန်း ၆၀ ဖြင့် ခေါ်ယူရန် အာဆင်နယ်အသင်း ကြိုးပမ်း

**လန်ဒန် ဇန်နဝါရီ ၂၅**

အာဆင်နယ်အသင်းသည် လက်ရှိအပြောင်းအရွှေ့ကာလ၌ ကွင်းလယ် ပိုင်းထပ်မံဖြည့်တင်းလိုသောကြောင့် ဆိုစီဒက်အသင်း ကွင်းလယ်ခံစစ် ကစားသမား ဇူဘီမန်ဒီကိုပြောင်းရွှေ့ ကြေးယူရို သန်း ၆၀ ဖြင့် ခေါ်ယူရန် ကမ်းလှမ်းခဲ့ရာ ဆိုစီဒက်အသင်း က ပြန်လည်တုံ့ပြန်ခဲ့ခြင်းမရှိသဖြင့် လာမည့်နွေရာသီတွင် ထပ်မံခေါ်ယူ ရန် ကြိုးပမ်းခဲ့ကြောင်း Dailycan-non.com က ယနေ့တွင် ဖော်ပြ ခဲ့သည်။

အာဆင်နယ်အသင်းသည် ဇူဘီ မန်ဒီကိုခေါ်ယူရန် ပြီးခဲ့သည့်လပိုင်း ကတည်းက ကစားသမား၏အေးဂျင့် ဖြစ်သူနှင့် လန်ဒန်မြို့တွင် ဆွေးနွေး မှုပြုလုပ်ခဲ့သော်လည်း ၎င်းအနေ ဖြင့် လက်ရှိအပြောင်းအရွှေ့ကာလ တွင် အသင်းမှထွက်ခွာရန် ဆန္ဒမရှိ သောကြောင့် လက်လျှော့ခဲ့ရသော် လည်း လာမည့်နွေရာသီအပြောင်း အရွှေ့ကာလတွင် ဆိုစီဒက်အသင်း က အလိုရှိနေသည့် ယူရိုသန်း ၆၀ ဖြင့်ထပ်မံကမ်းလှမ်းမည်ဟု သတင်း ထွက်ပေါ်ခဲ့သည်။

ထို့ပြင် ဆိုစီဒက်အသင်းက လည်း လာလီဂါအမှတ်ပေးပြိုင်ပွဲ၌ အဆင့် (၃)နေရာတွင် ရပ်တည် နေသောကြောင့် အသင်း၏ မောင်းနှင်အားဖြစ်သည့် ကွင်းလယ် ခံစစ်ကစားသမား ဇူဘီမန်ဒီကို လက်ရှိ ဘောလုံးရာသီကုန်ဆုံးချိန် ထိ ဆက်လက်ထိန်းသိမ်းသွားမည်ဟု ပြောကြားခဲ့သဖြင့် အာဆင်နယ် အသင်းက ဆက်လက်စောင့်ဆိုင်း၍ လာမည့်နွေရာသီတွင် ခေါ်ယူနိုင် ရန် ကြိုးပမ်းလျက်ရှိနေသည်။

အာဆင်နယ်အသင်းသည် ကစား သမား အပြောင်းအရွှေ့များတွင် ခြေစွမ်းပြကစားသမားများကို ခေါ် ယူနိုင်ရန်ကြိုးပမ်းလေ့ရှိပြီး ပြီးခဲ့သည့် နှစ် ဇန်နဝါရီအပြောင်းအရွှေ့ကာလ က ဗလာဟိုဗစ်ကိုခေါ်ယူရန် ပစ်မှတ် ထားခဲ့သော်လည်း အောင်မြင်မှုမရှိ ခဲ့သဖြင့် နွေရာသီအပြောင်းအရွှေ့၌ ဂျီးဆပ်စ်ကိုသာ ခေါ်ယူခဲ့သကဲ့သို့ လက်ရှိအပြောင်းအရွှေ့တွင်လည်း ရှက်တာဒိုးနက်အသင်းမှ မက်ဒရိုင်းခ် ကိုခေါ်ယူရန် ကာလရှည်ကြိုးပမ်းခဲ့ သော်လည်း ချဲလ်ဆီးအသင်းသို့ ပြောင်းရွှေ့ခဲ့သောကြောင့် ဘရိုက် တန်အသင်းမှ ထရိုဆာ့ဒ်ကိုသာ ခေါ်ယူခဲ့ရကြောင်း သိရသည်။ ML

# ဂါဗီကို ပထမအသင်းလူစာရင်းတွင်မှတ်ပုံတင်နိုင်ခဲ့ဟု ဘာစီလိုနာအသင်းပြောကြား







**ဘာစီလိုနာ ဇန်နဝါရီ ၂၅**

ဘာစီလိုနာအသင်းက ယခုနှစ် ဘောလုံးရာသီ အစပိုင်းတွင် သက်တမ်းတိုးစာချုပ် ချုပ်ဆိုနိုင်ခဲ့ သည့် ဂါဗီကို ပထမအသင်းကြီး လူစာရင်းတွင် တရားဝင်မှတ်ပုံတင် နိုင်ခဲ့သည်ဟု ပြောကြားခဲ့ကြောင်း Barcablaugranes.com က ယနေ့ တွင် ဖော်ပြခဲ့သည်။

ဂါဗီသည် ပြီးခဲ့သည့်ဘောလုံး ရာသီက အသင်းကြီးနှင့် ပူးပေါင်း ခွင့်ရရှိခဲ့ပြီးနောက် အမှတ်ပေးပြိုင်ပွဲ တွင် သွင်းဂိုး နှစ်ဂိုးနှင့် ဂိုးဖန်တီးမှု ငါးကြိမ်ထိပြုလုပ်နိုင်ခဲ့သည့်အပြင် ယခုနှစ်တွင်လည်း အမှတ်ပေးပွဲ ၁၇ ပွဲတွင် ဂိုးဖန်တီးမှုနှစ်ကြိမ်ထိ ပြုလုပ်ပြီး အသင်းကွင်းလယ်ပိုင်း တွင် ခြေစွမ်းပြကစားနေသော ကြောင့် အသင်းတာဝန်ရှိသူများက သက်တမ်းတိုးစာချုပ် ချုပ်ဆိုနိုင်ခဲ့ သော်လည်း ပထမအသင်းလူစာရင်း တွင် ကစားသမားအရေအတွက် ပြည့်နေသဖြင့် တရားဝင်မှတ်ပုံတင် ရန် စောင့်ဆိုင်းခဲ့ရသည်။

သို့သော် ယခုအပြောင်းအရွှေ့ ကာလ၌ ဒီပေးအနေဖြင့် အေတီကို အသင်းသို့ပြောင်းရွှေ့ခဲ့သောကြောင့် လူငယ်ကစားသမား ဂါဗီသည် ပထမ အသင်းလူစာရင်း၌ ကစားသမား ဟောင်း လက်ရှိနည်းပြ ဇာဗီ၏ ကျောနံပါတ် ၆ ဖြင့် တရားဝင် မှတ်ပုံတင်နိုင်ခဲ့သည်။

လက်ရှိအချိန်တွင် ဘာစီလိုနာ အသင်းသည် လူငယ်ခံစစ်ကစား သမား အာရှူဂျိနှင့် ဘလိတ်တို့ကို သက်တမ်းတိုးရန် စီစဉ်နေသော် လည်း ၎င်းတို့အနေဖြင့် ပထမ အသင်းလူစာရင်းတွင် တရားဝင် မှတ်ပုံတင်ရန် ကျန်ရှိနေသေးသည်။

ယခုအပြောင်းအရွှေ့ကာလတွင် ဘာစီလိုနာအသင်းက လာလီဂါမှ ချမှတ်ထားသည့် ဝင်ငွေထွက်ငွေ မျှတမှုစည်းမျဉ်းကြောင့် ကစား သမားသစ်ခေါ်ယူရန် ရှုန်းကန်နေရ သော်လည်း အမှတ်ပေးပြိုင်ပွဲ ၁၇ ပွဲ ကစားအပြီး ရမှတ် ၄၄ မှတ်ဖြင့် အမှတ်ပေးဇယားထိပ်၌ ရပ်တည် နိုင်ခဲ့ကြောင်း သိရသည်။

ML

# IBF Continental Africa စူပါလိုက်ဝိတ်တန်းချန်ပီယံ အားရှီနှင့် WBO NABO ဝယ်သာဝိတ်တန်းချန်ပီယံ ရီချာတို့ယှဉ်ပြိုင်ထိုးသတ်မည်

**ကယ်လီဖိုးနီးယား ဇန်နဝါရီ ၂၅**

WBO NABO ဝယ်သာ ဝိတ်တန်း ချန်ပီယံကာကွယ်ပွဲစဉ် အဖြစ် လက်ရှိချန်ပီယံ အမေရိကန် လက်ဝှေ့သမား ရီချာနှင့် စိန်ခေါ်သူ IBF Continental Africa စူပါ လိုက်ဝိတ်တန်းချန်ပီယံ ဂါနာ လက်ဝှေ့သမား အားရှီတို့သည် ဇန်နဝါရီ ၂၈ ရက်တွင် အမေရိကန် နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် အင်ဂလီဝုဒ်တွင် ထိုးသတ်သွားမည် ဖြစ်ကြောင်း DAZN သတင်းဌာန က ယနေ့တွင် ဖော်ပြခဲ့သည်။

ရီချာသည် မူလက အမေရိကန် လက်ဝှေ့သမား အန်တိုနီယန်းနှင့် ထိုးသတ်ရန် ပွဲစီစဉ်ထားသော်လည်း လေ့ကျင့်ရေးအစီအစဉ်၌ နှာခေါင်း ရိုးကျိုးသည့်ဒဏ်ရာ ရရှိခဲ့သည့် အတွက် စိန်ခေါ်ပွဲမှ နုတ်ထွက်ခဲ့ပြီး အားရှီက အန်တိုနီယန်းနေရာတွင် အစားထိုးဝင်ရောက်ထိုးသတ်မည် ဖြစ်သည်။

ပြိုင်ဘက် အပြောင်းအလဲဖြစ် ခဲ့သည့်အတွက် အန်တိုနီယန်းနှင့် ထိုးသတ်သွားရန် ကြိုတင်ပြင်ဆင် မှုများပြုလုပ်ထားသည့် ရီချာအတွက် အားရှီကို ထိုးသတ်ရန် ပြင်ဆင်မှု များ ပြန်လည်ပြုလုပ်ခဲ့ရသော်လည်း ၎င်းအတွက် ပြဿနာမရှိကြောင်း ရီချာက ပြောကြားခဲ့သည်။

ရီချာက "အန်တိုနီယန်းက လေ့ကျင့်ရေးအစီအစဉ်မှာ ဒဏ်ရာရ သွားလို့ ပြိုင်ပွဲကနေနုတ်ထွက်ခဲ့ရပါ တယ်။ အန်တိုနီယန်းနေရာမှာ အားရှီ က အစားထိုးဝင်ရောက်လာတာပါ။ ပြိုင်ဘက်တိုင်းကို အနိုင်ထိုးသတ်ဖို့ ယုံကြည်မှုအပြည့်ရှိပါတယ်။လက်ရှိ ချန်ပီယံဆုကိုလဲ ဆက်လက် ထိန်းသိမ်းနိုင်မယ်လို့ ယုံကြည်ပါ တယ်။ ဒါကြောင့် ဘယ်လိုပြိုင်ဘက် မျိုးကိုမဆိုရင်ဆိုင်ဖို့အဆင်သင့်ပါ" ဟု ပြောကြားခဲ့သည်။

အားရှီက "ဒီပွဲနဲ့ပတ်သက်ပြီး ပရိသတ်တွေကို ကတိပေးချင်တာ ကတော့ ကြီးကျယ်ခမ်းနားတဲ့ စိန်ခေါ်ပွဲတစ်ပွဲဖြစ်လာမှာပါ။အလဲ ထိုးရလဒ်နဲ့ အနိုင်ယူပြပါမယ်။ ဒီစိန်ခေါ်ပွဲ ဖြစ်မြောက်ဖို့အတွက် စီစဉ်ပေးခဲ့တဲ့သူတွေ အားလုံးကို ကျေးဇူးတင်ပါတယ်။ ကျွန်တော့်ရဲ့ နာမည်ပြောင်ကကို ကျားနီဖြစ်တဲ့ အတွက် ကြိုးဝိုင်းထဲဝင်လိုက်ပြီဆို တာနဲ့ ဒီကြိုးဝိုင်းက ကျွန်တော့်အပိုင် ဖြစ်လာလိမ့်မယ်"ဟု ပြောကြားခဲ့ ကြောင်း သိရသည်။

AZL

# ဂျာမန်ဘွန်ဒက်လီဂါပွဲစဉ် (၁၈) ပွဲကြိုသုံးသပ်ချက်

STA

**လိုက်ပ်ဇစ် Vs စတုဂတ်**

**ကစားမည့်ရက်/အချိန် ၂၈-၁-၂၀၂၃ (နံနက် ၀၂:၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**စတုဂတ် ၁ – ၁ လိုက်ပ်ဇစ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **လိုက်ပ်ဇစ်** | – | **အိမ်(နိုင်)** | **အိမ်(သရေ)** | **ဝေး(နိုင်)** |
| **စတုဂတ်** | – | **အိမ်(ရှုံး)** | **အိမ်(သရေ)** | **ဝေး(သရေ)** |

နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာ လေးပွဲထိနိုင်ပွဲရယူထားတဲ့ လိုက်ပ်ဇစ် အသင်းခြေစွမ်းပိုင်းက အကောင်းဆုံးပုံစံမှာရှိနေပါတယ်။ စတုဂတ်အသင်း ကတော့ သုံးပွဲဆက်နိုင်ပွဲပျောက်ဆုံးနေပြီး ခြေစွမ်းပိုင်းဆိုးရွားနေလို့ လိုက်ပ်ဇစ်အသင်းကို ပွဲချိန်ပြည့်တုံ့ပြန်နိုင်ဖို့ခက်ခဲမှာပါ။ ဒါကြောင့်ခြေစွမ်း ပိုင်းအသာစီးမှာရှိနေတဲ့ လိုက်ပ်ဇစ်အသင်းပဲအနိုင်ရယူသွားပါလိမ့်မယ်။

**အင်တာနက်ခန့်မှန်း – လိုက်ပ်ဇစ် ၃ – ၁ စတုဂတ်**

# ချဲလ်ဆီးအသင်းက အသင်းမှ တောင်ပံတိုက်စစ်ကစားသမား ကိုင်ဟာဗက်ကို စတာလင်ပေါင် ၅၃ သန်းဖြင့်ရောင်းချရန် ပြင်ဆင်



**လန်ဒန် ဇန်နဝါရီ ၂၅**

ချဲလ်ဆီးအသင်းသည် ကစား သမား ဝယ်ယူရောင်းချမှုများတွင် ဝင်ငွေထွက်ငွေ မျှတမှုရှိစေရန် အတွက် တောင်ပံတိုက်စစ်ပိုင်းတွင် ခြေစွမ်းပြကစားနေသည့် ကိုင်ဟာ ဗက်ကို ပြောင်းရွှေ့ကြေး စတာလင် ပေါင် ၅၃ သန်းဖြင့် ပြန်လည် ရောင်းချရန် စီစဉ်နေကြောင်း Goal.com က ယနေ့တွင် ဖော်ပြ ခဲ့သည်။

ချဲလ်ဆီးအသင်းသည် ပိုင်ရှင် သစ် တော့ဘိုလီလက်ထက်တွင် လက်ရှိ အပြောင်းအရွှေ့ကာလ ကစားသမား ဝယ်ယူမှုအပါအဝင် ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၃၃၄ သန်းထိ သုံးစွဲခဲ့သောကြောင့် အသင်း၏ ကစားသမားဝယ်ယူ ရောင်းချမှုတွင် ဝင်ငွေထွက်ငွေ မျှတမှုရှိစေရန်အတွက် တောင်ပံ တိုက်စစ်ပိုင်းတွင် ခြေစွမ်းပြကစား နေသည့် ကိုင်ဟာဗက်ကို စတာလင် ပေါင် ၅၃ သန်းဖြင့် ပြန်လည် ရောင်းချသွားမည်ဖြစ်သည်။

ကိုင်ဟာဗက်အနေဖြင့် နည်းပြ ဂရာဟမ်ပေါ်တာ လက်အောက် တွင် ကစားရသည်ကို နှစ်သက်မှုရှိ သော်လည်း အသင်းအနေဖြင့် လက်ရှိအပြောင်းအရွှေ့ကာလတွင် တိုက်စစ်ပိုင်း၌ ဒက်ထရိုဖိုဖန်နာ၊ ဂျာအိုဖီးလစ်နှင့် မက်ဒရိုင်းခ်၊ ကွင်းလယ်ပိုင်း၌ အန်ဒရီဆန်းတိုစ် နှင့် နိုနီ၊ ခံစစ်ပိုင်း၌ ဘာဒီယာရှီး တို့ကိုခေါ်ယူရာတွင် ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၁၅၀ ထိ သုံးစွဲခဲ့သောကြောင့် ဘဏ္ဍာရေး မျှတမှုစည်းမျဉ်းနှင့် ကိုက်ညီရန် အတွက် တောင်ပံကစားသမား ကိုင်ဟာဗက်ကို ပြန်လည်ရောင်းချ ရန် ဆန္ဒရှိနေခြင်းဖြစ်သည်။

အသက် ၂၃ နှစ်ရှိ ကိုင်ဟာဗက် သည် တောင်ပံတိုက်စစ်တွင် သာမက နောက်ချန်နှင့် အထောင် တိုက်စစ်ပိုင်းတို့တွင် လိုက်ပါကစား နိုင်သည့် ကစားသမားတစ်ဦးဖြစ် သော်လည်း ချဲလ်ဆီးအသင်း၏ သွင်းဂိုးလိုအပ်ချက်ကို ဖြည့်ဆည်း ပေးနိုင်ခြင်းမရှိဘဲ ပြိုင်ပွဲစုံ ၁၀၉ ပွဲ ပါဝင်ကစားခဲ့ရာတွင် သွင်းဂိုး ၂၉ ဂိုး သာ သွင်းယူနိုင်ခဲ့သောကြောင့် အသင်းအနေဖြင့် တိုက်စစ်ကစား သမားများ ထပ်မံခေါ်ယူခဲ့ရပြီး ၎င်းကိုပြန်လည်ရောင်းချရန် ဆုံးဖြတ် ခဲ့ကြောင်း သိရသည်။ ML

## အားကစားသတင်း အတိုအထွာများ

- တောင်အမေရိကတိုက်ရှိ ဘရာဇီးနိုင်ငံနှင့် အာဂျင်တီးနား နိုင်ငံတို့မှ ကစားသမားအများစုကို ပရီးမီးယားလိဂ်ထိပ်သီး ကလပ်အသင်းများက အများဆုံးဝယ်ယူခဲ့ကြောင်း ဘောလုံး လေ့လာသုံးသပ်သူများက ထုတ်ပြန်ခဲ့သည်။
- ကွာရာဘောင်းဖလား ပထမအကျော့ပွဲစဉ်တွင် ဆောက်သမ် တန်အသင်းကို အနိုင်ရခဲ့သည့် နယူးကာဆယ်အသင်းသည် ဒုတိယအကျော့ကို အိမ်ကွင်းတွင် ဧည့်ခံရမည်ဖြစ်သောကြောင့် နောက်တစ်ဆင့်တက်ရောက်ရန် အခြေအနေကောင်းနေ ကြောင်း သိရသည်။
- လိဒ်အသင်းက မန်ယူအသင်း လက်ထောက်နည်းပြဟောင်း ခရစ်အာမက်စ်ကို နည်းပြဂျက်ဆီမက်၏ လက်ထောက်နည်းပြ အဖြစ် ခန့်အပ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။ ML

# အဲဗာတန်အသင်းပိုင်ရှင် မိုရှီရီက အသင်းကို စတာလင်ပေါင် သန်း ၅၀၀ ဖြင့်ရောင်းချမည်

**လန်ဒန် ဇန်နဝါရီ ၂၅**

အဲဗာတန်အသင်းပိုင်ရှင် မိုရှီရီက အသင်းကိုရောင်းချရန် အရောင်းစာရင်းတင်သွင်းပြီး စတာလင်ပေါင် သန်း ၅၀၀ ရရှိပါက ရောင်းချသွားမည်ဟု အတည်ပြုကြေညာခဲ့ကြောင်း ဒေးလီးမေးလ်သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။




အင်္ဂလန်-အီရန်နွယ်ဖွား စီးပွားရေးလုပ်ငန်းရှင် မိုရှီရီသည် အဲဗာတန်အသင်းကို ၂၀၁၆ ခုနှစ်က ပိုင်ဆိုင်လာခဲ့ခြင်းဖြစ်ပြီး အသင်းကို ခုနစ်နှစ်ကြာပိုင်ဆိုင်ခဲ့ပြီးနောက် ပြန်လည်ရောင်းချရန်ဆုံးဖြတ်ခဲ့ပြီး အရောင်းစာရင်းတင်သွင်းခဲ့ခြင်းဖြစ်သည်။

မိုရှီရီသည် အသင်းကို ၎င်းပိုင်ဆိုင်ခဲ့သည့် ခုနစ်နှစ်တာကာလအတွင်း ကစားသမားခေါ်ယူမှုများတွင် ပြောင်းရွှေ့ကြေးစတာလင်ပေါင် သန်း ၇၀၀ ကျော်အသုံးပြုခဲ့သကဲ့သို့ စတာလင်ပေါင် သန်း ၅၅၀ ကျော်အကုန်ကျခံပြီး အားကစားကွင်းသစ်ကိုလည်း တည်ဆောက်ခဲ့သူဖြစ်သည်။

မိုရှီရီသည် နောက်ပိုင်းနှစ်များတွင် ကစားသမားခေါ်ယူမှုအများအပြားပြုလုပ်ပြီး အသင်းကို ထိပ်တန်းအသင်းတစ်သင်းဖြစ်အောင် တည်ဆောက်ရန် ပြင်ဆင်ခဲ့သော်လည်း အသင်းအနေဖြင့် ရလဒ်ပိုင်းမတည်ငြိမ်မှုများနှင့်သာ ရှုန်းကန်ခဲ့ရပြီး ၎င်းအသင်းကိုပိုင်ဆိုင်ခဲ့သည့်ကာလအတွင်း နည်းပြအပြောင်းအလဲ အများအပြားပြုလုပ်ခဲ့ကာ ရော်နယ်လ်ကိုးမန်း၊ဆမ်အလာဒိုက်၊ မာကိုဆေးလ်ဗား၊အန်ဆယ်လော့တီ၊ ဘင်နီတက်ဇ်၊လမ်းပတ်အစရှိသည့် နည်းပြများကို ပြောင်းလဲခန့်အပ်ခဲ့ပြီး နောက်ဆုံးနည်းပြအဖြစ် ပြီးခဲ့သည့်ရက်ပိုင်းအတွင်းက နည်းပြလမ်းပတ်ကိုထုတ်ပယ်ခဲ့ပြီး လက်ရှိတွင်နည်းပြလက်မဲ့ဖြစ်နေသည်။

အဲဗာတန်အသင်းသည် ကိုဗစ်-၁၉ ကာလအတွင်း အသင်းဝင်ငွေများစွာ လျော့နည်းခဲ့သည့်အပြင် ကစားသမားခေါ်ယူမှုများတွင်လည်း ငွေကြေးများစွာ အသုံးပြုခဲ့သော်လည်း အောင်မြင်မှုမရရှိခဲ့သည့်အတွက် အသင်းဝင်ငွေ၊ ထွက်ငွေ မမျှတသည့်အခြေအနေများကြောင့် မိုရှီရီက ပြန်လည်ရောင်းချရန် ဆုံးဖြတ်ခဲ့ပြီး လက်ရှိတွင် အသင်းကို အရောင်းအဝယ်ပြုလုပ်ရန် Deloitte အုပ်စုကို လွှဲပြောင်းပေးထားကြောင်း သိရသည်။ STA

# ဂျူဗင်တပ်အသင်း၏ ငွေစာရင်းလွဲမှားမှုကြောင့် စီရော်နယ်ဒိုအပါအဝင် အသင်းမှ ကစားသမားအများစု ပွဲပယ်ပြစ်ဒဏ် ကျခံရဖွယ်ရှိနေ

**ရောမ ဇန်နဝါရီ ၂၅**

ဂျူဗင်တပ်အသင်း၏ ငွေစာရင်းအလွဲများဖြင့် ဘဏ္ဍာရေးစည်းမျဉ်းချိုးဖောက်မှုတွင် ပါဝင်ပတ်သက်မှုများကြောင့် ကစားသမားဟောင်း စီရော်နယ်ဒိုအပါအဝင် ကစားသမားအများစု ပွဲပယ်ပြစ်ဒဏ် ချမှတ်ခံရဖွယ်ရှိနေသည်ဟု The Athletic သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျူဗင်တပ်အသင်းသည် ဘဏ္ဍာရေးစည်းမျဉ်းနှင့်မငြိစွန်းရန်အတွက် အီတလီနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် ဥရောပ ဘောလုံးအဖွဲ့ချုပ်တို့ထံ ကစားသမားများကို လုပ်ခလစာ လျှော့ချနိုင်ခဲ့သည်ဟု ငွေစာရင်းအတုပြုလုပ်ကာ တင်ပြခဲ့သည့်အတွက် ပြီးခဲ့သည့်ရက်ပိုင်းက အီတလီနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ဂျူဗင်တပ်အသင်းကို ရမှတ် ၁၅ မှတ်လျှော့ပြစ်ဒဏ်ချမှတ်ခဲ့သည်။

အီတလီနိုင်ငံဘောလုံးအဖွဲ့ချုပ်က ဂျူဗင်တပ်အသင်းကို အရေးယူမှုပြုလုပ်ခဲ့ပြီးနောက် အဆိုပါ ငွေစာရင်းအတုပြုလုပ်မှုတွင် ပါဝင်ပတ်သက်ခဲ့သည့်ကစားသမားများကို စစ်ဆေးမှုများပြုလုပ်ရန်ပြင်ဆင်နေပြီး အဆိုပါကစားသမားများစာရင်းတွင် ထိပ်တန်းကစားသမားများဖြစ်သည့် စီရော်နယ်ဒို၊ ဘာနာဒက်ချီ၊ ကူလူဆက်စကီး၊ ချီလီနီ၊ ဘွူဖွန်၊ ဘန်တန်ကာ အစရှိသည့် ကစားသမားများအပါအဝင် ကစားသမား ၂၃ဦးထိကိုအရေးယူမှုပြုလုပ်ရန် ပြင်ဆင်လျက်ရှိနေသည်။

လက်ရှိတွင် ငွေစာရင်းအတုပြုလုပ်မှု၌ ပါဝင်နေသည့်ကစားသမားများမှ စီရော်နယ်ဒိုအပါအဝင် ကစားသမားအများစုမှာ အခြားအသင်းများတွင် ကစားနေသော်လည်း ပြစ်ဒဏ်ချမှတ်မည်ဆိုပါက ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်လက်အောက်နိုင်ငံများတွင် ကစားနေသည့်အတွက် ပြစ်ဒဏ်အကျုံးဝင်မည်ဖြစ်သောကြောင့် လက်ရှိကစားနေသည့်အသင်းများတွင်လည်း ပွဲပယ်ပြစ်ဒဏ်ကျခံရမည်ဖြစ်သည်။

လက်ရှိတွင် အီတလီနိုင်ငံဘောလုံးအဖွဲ့ချုပ်က အဆိုပါကစားသမားများကို ရက် ၃၀ ပွဲပယ်ပြစ်ဒဏ် ချမှတ်ရန် ပြင်ဆင်နေကြောင်း သိရသည်။ STA

# ၂၀၂၂-၂၀၂၃ ဥရောပနေးရှင်းလိဂ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် နယ်သာလန်နှင့် ခရိုအေးရှား၊ စပိန်နှင့် အီတလီတို့ ထိပ်တိုက်တွေ့ဆုံ




**နံပွန် ဇန်နဝါရီ ၂၅**

၂၀၂၂-၂၀၂၃ ဥရောပနေးရှင်းလိဂ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်များအတွက် မဲခွဲမှုအပြီးတွင် နယ်သာလန်အသင်းနှင့်ခရိုအေးရှားအသင်း၊ စပိန်အသင်းနှင့် အီတလီအသင်းတို့ ထိပ်တိုက်တွေ့ဆုံခဲ့ကြသည်ဟု Euro Sports သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဥရောပနေးရှင်းလိဂ် ပြိုင်ပွဲကို ဥရောပမှအသင်းများဖြင့် အုပ်စုလေးခုခွဲခြားကာ ၂၀၁၉-၂၀၂၀ ဘောလုံးရာသီက စတင်ကျင်းပခဲ့ခြင်းဖြစ်ပြီး ပထမဆုံးကျင်းပခဲ့သည့်ပြိုင်ပွဲတွင် ပေါ်တူဂီအသင်းက နယ်သာလန် အသင်းကိုအနိုင်ရရှိခဲ့ပြီး ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ကာ ပထမဆုံး ချန်ပီယံအသင်းအဖြစ် ရပ်တည်နိုင်ခဲ့သည်။

ထို့နောက် ဒုတိယပြိုင်ပွဲအဖြစ် ၂၀၂၀-၂၀၂၁ ဘောလုံးရာသီတွင် ပြင်သစ်အသင်းက စပိန်အသင်းကို အနိုင်ရရှိခဲ့ပြီး ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ကာ လက်ရှိ ၂၀၂၂-၂၀၂၃ ဘောလုံးရာသီ ဥရောပနေးရှင်းလိဂ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် ပေါ်တူဂီအသင်းနှင့် ပြင်သစ်အသင်းတို့တက်ရောက်နိုင်ခဲ့ခြင်းမရှိသည့်အတွက် ချန်ပီယံသစ်အသင်းတစ်သင်း ထပ်မံပေါ်ထွက်မည်ဖြစ်သည်။

၂၀၂၂-၂၀၂၃ ဘောလုံးရာသီ ဥရောပနေးရှင်းလိဂ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်များအဖြစ် ဇွန် ၁၅ ရက်တွင် နယ်သာလန်အသင်းနှင့် ခရိုအေးရှားအသင်း၊ ဇွန် ၁၆ ရက်တွင် စပိန်အသင်းနှင့် အီတလီအသင်းတို့ ကစားသွားမည်ဖြစ်ပြီး ဆီမီးဖိုင်နယ်အဆင့်နှင့် ဗိုလ်လုပွဲစဉ်များကို နယ်သာလန်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ကာ တတိယလုပွဲကို ဇွန် ၁၈ ရက်နှင့် ဗိုလ်လုပွဲစဉ်ကို ဇွန် ၁၉ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

STA

# ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲတွင် စတီဖာနို့စ်က ဆီမီးဖိုင်နယ်တက်ရောက်

**ကင်ဘာရာ ဇန်နဝါရီ ၂၅**

ဩစတြေးလျ အိုးပင်းတင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်အဖြစ် ဂရိတင်းနစ်ကစားသမား စတီဖာနို့စ်နှင့် ချက်တင်းနစ်ကစားသမား လီဟက်ကာတို့ ယှဉ်ပြိုင်ကစားခဲ့ရာ စတီဖာနို့စ်က (၆-၃၊ ၇-၆၊ ၆-၄) ရလဒ်ဖြင့်အနိုင်ရရှိပြီး ဆီမီးဖိုင်နယ်အဆင့် တက်ရောက်နိုင်ခဲ့ကြောင်း yahoo sports သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

လီဟက်ကာသည် ကွာတားဖိုင်နယ်အဆင့်မတိုင်မီထိအကောင်းဆုံးပုံစံရရှိခဲ့ပြီး စတုတ္ထအဆင့်တွင် ကနေဒါအဆင့်(၁) တင်းနစ်ကစားသမား ဖီလစ်အူကာကိုပင်အနိုင်ရရှိအောင် ကစားနိုင်ခဲ့သော်လည်း ကွာတားဖိုင်နယ်အဆင့်တွင် စတီဖာနို့စ်နှင့် ကစားခဲ့ရာ ဒုတိယပွဲငယ်တစ်ပွဲ၌သာ အမှားနည်းခဲ့ပြီး ပထမပွဲငယ်နှင့် တတိယပွဲငယ်တို့တွင် ပြတ်သားသည့်ရလဒ်များဖြင့် ရှုံးနိမ့်ခဲ့ရသည်။

စတီဖာနို့စ်သည် ဂရန်းစလန်းဆုဖလားများ ဆွတ်ခူးထားနိုင်ခြင်းမရှိသေးသည့်အတွက် ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲ၌ အောင်မြင်မှုရရှိရေးပစ်မှတ်ထားနေသည်။

စတီဖာနို့စ်က “ကွာတားဖိုင်နယ်အဆင့်က ကျွန်တော့်အတွက်အရေးပါတဲ့ ပွဲစဉ်တစ်ပွဲပါ။ ဒီပွဲမှာအနိုင်ရခဲ့လို့ ဆီမီးဖိုင်နယ်အဆင့်အတွက် ယုံကြည်မှုပိုရှိလာတယ်။ ကျွန်တော်လိုချင်တဲ့အောင်မြင်မှုကို ရယူဖို့အတွက် ပိုပြီးယုံကြည်မှုရှိလာတယ်။ ကွာတားဖိုင်နယ်အဆင့်ကို အကောင်းဆုံးပုံစံနဲ့ကျော်ဖြတ်နိုင်ခဲ့ပြီး ဆီမီးဖိုင်နယ်အဆင့်ကို ရောက်လာတာက ကျွန်တော့်ရဲ့ အောင်မြင်မှုတစ်ခုပါ။ ဒီထက်ပိုကောင်းတဲ့ ရလဒ်တွေရယူနိုင်အောင်ကြိုးစားပြီး ပိုတိုးတက်လာအောင်ပြင်ဆင်သွားမယ်”ဟု ပြောကြားခဲ့သည်။

စတီဖာနို့စ်သည် ဆီမီးဖိုင်နယ်အဆင့်တွင် ရုရှားတင်းနစ်ကစားသမား ကာချန်နော့ဗ်နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ကာချန်နော့ဗ်သည် ကွာတားဖိုင်နယ်အဆင့်တွင် အမေရိကန် တင်းနစ်ကစားသမား ကော့ဒါကို အနိုင်ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ AZL



# Farmers Insurance Open ပြိုင်ပွဲတွင် ဂျွန်ရမ်း ပါဝင်ယှဉ်ပြိုင်မည်

**ကယ်လီဖိုးနီးယား ဇန်နဝါရီ ၂၅**

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်တွင် ကျင်းပမည့် Farmers Insurance Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဂျွန်ရမ်းအပါအဝင် ကမ္ဘာ့အဆင့်နာမည်ကြီးကစားသမားအများအပြားပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း RFI သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျွန်ရမ်းသည် ကမ္ဘာ့အဆင့် (၁) နေရာ ပြန်လည်ရရှိရေးအတွက် ကြိုးပမ်းလျက်ရှိနေပြီး အောင်မြင်မှုများရယူနိုင်ရေးအတွက် အကောင်းဆုံးပြင်ဆင်နေကာ Farmers Insurance Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အခြားနာမည်ကြီးဂေါက်သီးရိုက် ကစားသမားများဖြစ်ကြသည့် ဂျက်ဆင်ဒေး၊ မိုရီကာဝါ၊ ရှက်ဖီလီ၊ မတ်ဆူယာမာအစရှိသည့် ကစားသမားများလည်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သောကြောင့် ဂျွန်ရမ်းအတွက် ချန်ပီယံဆုဆွတ်ခူးနိုင်ရေးမှာ ခက်ခဲဖွယ်ရှိနေသည်။

ဂျွန်ရမ်းသည် ယခုနှစ်ဂေါက်သီးရိုက်ရာသီစတင်ခဲ့ပြီးနောက် ဆုဖလားနှစ်လုံးဆွတ်ခူးထားပြီး တတိယမြောက်ဆုဖလားကို ဆွတ်ခူးနိုင်ရန်လည်း ပစ်မှတ်ထားနေကာ ဂေါက်သီးရိုက်ရာသီစတင်ပြီး ဆုဖလားသုံးလုံးဆက်ရရှိထားသည့် ကစားသမားအဖြစ် ၂၀၁၇ ခုနှစ် ဂေါက်သီးရိုက်ရာသီတွင် ဒက်စတင်ဂျွန်ဆင်က မှတ်တမ်းဝင်ထားသည်။

ဂျွန်ရမ်းက “ရာသီအစ ဖလားသုံးလုံးဆက်တိုက်ရဖို့ဆိုတာလွယ်ကူတဲ့ကိစ္စမဟုတ်ဘူးဆိုတာ ကျွန်တော်နားလည်ပါတယ်။ ဒါပေမဲ့ ကြိုးစားရင်ဖြစ်နိုင်တဲ့အတွက် ကိုယ့်မှာရှိတဲ့ အရည်အချင်းနဲ့ ကြိုးစားမှုကို ပေါင်းစပ်လိုက်ရင် လိုချင်တဲ့ရလဒ်ကိုတော့ရယူနိုင်မှာပါ”ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL

# ဆေးလိပ်သောက်ခြင်း၏ အဆုတ်ကျန်းမာရေးအပေါ် အကျိုးသက်ရောက်မှုများ



လူသားများ၏ ခန္ဓာကိုယ်အတွင်းမှ အဆုတ်၏ အဓိကလုပ်ငန်းတာဝန်မှာ အသက်ရှင်သန်ရန်အတွက် အရေးပါသော အောက်ဆီဂျင်ဓာတ်ကို လေထဲမှရယူပြီး သွေးထဲသို့ ပို့ဆောင်ပေးခြင်းဖြစ်သည်။ ခန္ဓာကိုယ်၏ ကလာပ်စည်း(ဆဲလ်)များက စွန့်ထုတ်လိုက်သော ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ကို သွေးထဲမှတစ်ဆင့် လေထဲသို့စွန့်ထုတ်နိုင်ရန် ဆောင်ရွက်ပေးသည်။ ထို့ပြင် ခန္ဓာကိုယ်အတွင်းသို့ အသက်ရှူလမ်းကြောင်းမှ ဝင်ရောက်လာသော အန္တရာယ်ဖြစ်စေသည့် အမှုန်အမွှားများနှင့် ပိုးမွှားများကို ချောင်းဆိုး၍ဖြစ်စေ၊ နှာချေ၍ဖြစ်စေ အဆုတ်ထဲမှ ပြန်လည်စွန့်ထုတ်ပေးသည်။

ကျွန်ုပ်တို့ခန္ဓာကိုယ်၏ အသက်ရှူအဖွဲ့အစည်းတွင် နှာခေါင်း၊ နှာခေါင်းပတ်လည်ရှိ လေအိတ်များ၊ ပါးစပ်၊ လည်ချောင်း၊ လေပြွန်ချောင်း (Bronchus)၊ လေပြွန်ချောင်းငယ်များ (Bronchioles) နှင့် လေအိတ်ငယ်များ (Alveolus)ဖြင့် ဖွဲ့စည်းထားသည်။ လူ၏အဆုတ်တွင် လေအိတ်ငယ် (Alveolus) များစွာပါရှိသည်။ ထိုလေအိတ်ငယ်များ၏ နံရံတွင် သွေးကြောမျှင် (Capillaries)များပါရှိပြီး လေထဲမှ အောက်ဆီဂျင်နှင့် သွေးထဲမှ ကာဗွန်ဒိုင်အောက်ဆိုက်ကို လဲလှယ်ခြင်း ပြုလုပ်ပေးသည်။ အဆုတ်သည် အသက် ၂၅ နှစ်အရွယ်တွင် အကြီးထွားဆုံးအဆင့်သို့ ရောက်ရှိပြီး အသက် ၃၅ နှစ်နောက်ပိုင်းတွင် အဆုတ်၏ လုပ်ငန်းဆောင်ရွက်နိုင်စွမ်းမှာ တဖြည်းဖြည်းလျော့နည်းသွားသည်။

**ကိုယ်ဝန်ဆောင်အမျိုးသမီးများနှင့် ဆေးလိပ်သောက်ခြင်းအန္တရာယ်**

ကိုယ်ဝန်ဆောင်အမျိုးသမီးများ ဆေးလိပ်သောက်လျှင် သို့မဟုတ် ဆေးလိပ်ငွေ့ကို ရှူရှိုက်မိလျှင် ဆေးလိပ်အငွေ့တွင်ပါသော ခဲ၊ နီကိုတင်း၊ ဟိုက်ဒရိုဂျင်ဆိုက်ယာနိုက် (Hydrogen cyanide)၊ ကက်ဒ်မီယံ (Cadmium)၊ ကာဗွန်မိုနောက်ဆိုက် (Carbon monoxide) စသည့် များစွာသောဓာတုပစ္စည်းများသည် အချင်းနှင့်ချက်ကြိုးကို ဖြတ်သန်းသွားပြီး ကြီးထွားဆဲဖြစ်သော သန္ဓေသားကို အဆိပ်အတောက်ဖြစ်စေသည်။ ကိုယ်ဝန်ပျက်ကျခြင်း၊ ကိုယ်အလေးချိန်မပြည့်သောကလေးမွေးခြင်းတို့ကိုလည်း ဖြစ်စေနိုင်ပါသည်။ ဆေးလိပ်အငွေ့တွင် ပါဝင်သော ကာဗွန်မိုနောက်ဆိုက်ဓာတ် (Carbon monoxide) သည် သန္ဓေသားအတွက် အောက်ဆီဂျင်ရရှိမှုကို နည်းပါးစေသည်။ ထို့ပြင် အချင်းတွင်စုနေသော ကက်ဒ်မီယံ (Cadmium)ဓာတ်သည် သန္ဓေသား၏သွေးကြောမျှင် (Capillary) ပမာဏကို လျော့နည်းစေသည်။ ဆေးလိပ်အငွေ့တွင် ပါဝင်သော နီကိုတင်းဓာတ်သည်လည်း မိခင်မှ သန္ဓေသားထံသို့ အကျိုးပြု အမိုင်နိုအက်စစ်ဓာတ်များရောက်ရှိမှုကို လျော့ပါးစေသည်။

ထိုသို့ ဆေးလိပ်အငွေ့သည် သန္ဓေသားဆီသို့ အာဟာရဓာတ်များ လုံလောက်စွာရောက်ရှိမှုကို အဟန့်အတားဖြစ်စေသောကြောင့် သန္ဓေသား၏ ကြီးထွားဖွံ့ဖြိုးမှုများနှင့် ကျန်းမာရေးတို့အပေါ်တွင် အနှောင့်အယှက်ဖြစ်စေပါသည်။ ထို့ပြင် ဆယ်ကျော်သက်လူငယ်လေးများနှင့် မိန်းကလေးများ၏အဆုတ်သည် အသက် ၂၀ ကျော်ထိ ဆက်လက်ကြီးထွားနေပါသည်။ သို့သော် ဆယ်ကျော်သက်အရွယ်တွင် ဆေးလိပ်သောက်သူများ၏အဆုတ်သည် အကောင်းဆုံးအရွယ်အစားသို့ ရောက်ရှိနိုင်တော့မည်မဟုတ်ပေ။ အကျိုးဆက်အနေဖြင့် အားကစားလုပ်ငန်းများ၊ အားစိုက်ခွန်စိုက်လုပ်ရသော လုပ်ငန်းများတွင် ဆေးလိပ်မသောက်သူများကဲ့သို့ ရေရှည်ဆောင်ရွက်နိုင်မည်မဟုတ်ပေ။ နားလည်လွယ်အောင် ပြောရမည်ဆိုလျှင် အမောမခံနိုင်တော့ခြင်းပင်ဖြစ်သည်။ လူကြီးအရွယ်ရောက်မှ ဆေးလိပ်ဖြတ်လိုက်လျှင် ယေဘုယျအားဖြင့် ကျန်းမာရေးအခြေအနေတိုးတက်ကောင်းမွန်လာမည်ဖြစ်သော်လည်း ပျက်စီးသွားသောအဆုတ်အတွက်ကိုမူ ပြန်လည်အစားထိုး၍ မရနိုင်တော့ပေ။ ထို့ကြောင့် လူကြီးဖြစ်စေ၊ လူငယ်ဖြစ်စေ မိမိကျန်းမာရေးကို တန်ဖိုးထားသောအားဖြင့် ဆေးလိပ်သောက်ခြင်းကို ရှောင်ကြဉ်ကြရပါမည်။

**ဆေးလိပ်သောက်ခြင်းနှင့် အဆုတ်ကင်ဆာ**

ဆေးလိပ်သောက်ခြင်းသည် အဆုတ်ကင်ဆာရောဂါဖြစ်ပွားစေသည့် အကြောင်းရင်းတစ်ခုလည်းဖြစ်သည်။ ဆေးလိပ်သောက်သူများသည် ဆေးလိပ်မသောက်သူများထက် အဆုတ်ကင်ဆာဖြစ်စေနိုင်သည့်အလားအလာ ပို၍မြင့်မားနေပါသည်။ ထို့ပြင် အဆုတ်ကင်ဆာဖြစ်စေနိုင်သည့် အန္တရာယ်သည် ဆေးလိပ်အရေအတွက် များများသောက်ခြင်းနှင့် အချိန်ကာလကြာရှည်စွာသောက်ခြင်းတို့အပေါ်တွင် မူတည်ပါသည်။ သို့သော် ဆေးလိပ်စွဲနေသူများအနေဖြင့် ဆေးလိပ်ကိုဖြတ်နိုင်ပါက အဆုတ်ကင်ဆာကြောင့် အသက်သေဆုံးမှုအန္တရာယ်ကို လျော့ပါးစေနိုင်ပါသည်။ ဆေးလိပ်သောက်ခြင်းကို အသက်ငယ်ရွယ်စဉ်ကပင် စောစီးစွာဖြတ်နိုင်လေ အကျိုးရှိလေဖြစ်သည်။ မိမိကိုယ်ကို အဆုတ်ကင်ဆာရှိကြောင်း သိရှိပြီးသူများအနေဖြင့် ဆေးလိပ်ကို လုံးဝမသောက်သင့်တော့ပေ။ ထိုသို့မဟုတ်ဘဲ ဆေးလိပ်ကို ဆက်သောက်နေပါက ရောဂါကုသမှုနှင့် ရောဂါသက်သာမှုတို့ကိုနှောင့်နှေးစေပြီး အသက်အန္တရာယ်ကိုပင် ထိခိုက်စေနိုင်ပါသည်။

**ဆေးလိပ်သောက်ခြင်းကြောင့် အဆုတ်၏ အကာအကွယ်စနစ်ပျက်စီးလာခြင်း**

လူ့ခန္ဓာကိုယ်ထဲရှိ အဆုတ်နှင့် လေပြွန်ချောင်းများသည် ဆေးလိပ်ငွေ့များ ဝင်ရောက်ရာလမ်းကြောင်းဖြစ်နေသည်။ ထို့ကြောင့် ဆေးလိပ်ငွေ့တွင်ပါဝင်သော များပြားလှသည့် အဆိပ်အတောက်၊ အမှုန်အမွှားများနှင့် အချိန်ကြာကြာထိတွေ့နေရသည်။ ဆေးလိပ်ငွေ့သည် အဆုတ်၏အကာအကွယ်စနစ်ကို အားနည်းစေပါသည်။ အဆိုးဆုံးအနေဖြင့် အဆုတ်ကို ဆိုးရွားစွာပျက်စီးစေပါသည်။ ခန္ဓာကိုယ်ထဲရှိ အဆုတ်သည် လေထဲတွင်ပါဝင်သော ဓာတ်ငွေ့များ၊ အမှုန်အမွှားများ၊ ရောဂါပိုးမွှားများနှင့် အမြဲထိတွေ့နေရပါသည်။ ထိုအရာများ၏ အန္တရာယ်တို့ကို တွန်းလှန်နိုင်ရန်အတွက် သဘာဝကပေးထားသော အကာအကွယ်စနစ်ရှိသည်။ အသက်ရှူသွင်းလိုက်သည့်အခါ လေထဲရှိ အမှုန်အမွှားများကို ရှူမိကြသည်။ တချို့သည် အန္တရာယ်ကင်းသော်လည်း တချို့မှာ ရောဂါဖြစ်စေသော ဗက်တီးရီးယားနှင့် ဗိုင်းရပ်များ ပါဝင်နေတတ်ပါသည်။ ထိုအရာများကို နှာခေါင်းနှင့် အသက်ရှူလမ်းကြောင်း၏ အထက်ပိုင်းရှိ အမွေးအမှင်များနှင့် အကျိအချွဲများက ဖမ်းယူထားလိုက်ပြီး ခန္ဓာကိုယ်၏ပြင်ပသို့ ပြန်လည်ထုတ်ပစ်ပေးပါသည်။ ထိုလုပ်ငန်းစဉ်သည် အဆုတ်အတွက် သဘာဝအတိုင်းဖြစ်ပေါ်နေသော အကာအကွယ်စနစ်ပင်ဖြစ်သည်။

သို့ရာတွင် ဆေးလိပ်သောက်သူများ၏ အဆုတ်ထဲသို့ ဆေးလိပ်မှုန်များသည် စုပုံရောက်ရှိသွားတတ်သည်။ ထိုဆေးလိပ်ငွေ့များကြောင့် နှာခေါင်းအတွင်းရှိ အမှင်ကလေးများမှာ တိုသွားခြင်း သို့မဟုတ် လျော့နည်းသွားခြင်းဖြစ်လာပါသည်။ ထို့ပြင် အကျိအချွဲအလွှာမှာ ပါးသွားသောကြောင့် အန္တရာယ်ရှိသော အမှုန်များကို ရှင်းထုတ်နိုင်မှုစွမ်းအားမှာလည်း လျော့နည်းလာပါသည်။ ထို့ကြောင့် အဆုတ်၏ အကာအကွယ်စနစ်သည် တဖြည်းဖြည်းယိုယွင်းပျက်စီးလာပါသည်။ ဆေးလိပ်သောက်ခြင်းကြောင့် အဓိကဖြစ်တတ်သောအဆုတ်ရောဂါမှာ နာတာရှည်အဆုတ်ပြွန်ရောင်ခြင်းပင်ဖြစ်သည်။ နာတာရှည်အဆုတ်ပြွန်ရောင်ရောဂါတွင် ချောင်းဆိုးခြင်းနှင့် ချွဲသလိပ်များထွက်ခြင်းတို့ကို တွေ့ရသည်။ ထိုဝေဒနာများကို တစ်နှစ်လျှင် သုံးလခန့်ခံစားရပြီး သုံးနှစ်ခန့် ဆက်တိုက်ဖြစ်နေပါက နာတာရှည်အဆုတ်ပြွန်ရောင်ရောဂါရှိသည်ဟုဆိုနိုင်ပါသည်။ ဆေးလိပ်ကို အလွန်အကျွံသောက်သူ ၅၀ ရာခိုင်နှုန်းခန့်တွင် ဤရောဂါဖြစ်ပွားလေ့ရှိပါသည်။

> ❖ ဆေးလိပ်သောက်ခြင်းသည် အဆုတ်ကင်ဆာရောဂါဖြစ်ပွားစေသည့် အကြောင်းရင်းတစ်ခုလည်းဖြစ်သည်။ ဆေးလိပ်သောက်သူများသည် ဆေးလိပ်မသောက်သူများထက် အဆုတ်ကင်ဆာဖြစ်စေနိုင်သည့် အလားအလာ ပို၍မြင့်မားနေပါသည်။ ထို့ပြင် အဆုတ်ကင်ဆာဖြစ်စေနိုင်သည့် အန္တရာယ်သည် ဆေးလိပ်အရေအတွက် များများသောက်ခြင်းနှင့် အချိန်ကာလကြာရှည်စွာသောက်ခြင်းတို့အပေါ်တွင် မူတည်ပါသည်။ သို့သော် ဆေးလိပ်စွဲနေသူများအနေဖြင့် ဆေးလိပ်ကိုဖြတ်နိုင်ပါက အဆုတ်ကင်ဆာကြောင့် အသက်သေဆုံးမှုအန္တရာယ်ကို လျော့ပါးစေနိုင်ပါသည်။ ❖

အဆုတ်ပြွန်ရောင်ရမ်းခြင်းကြောင့် အကျိအချွဲထွက်သော ဂလင်းအိတ်များကြီးထွားခြင်း၊ အဆုတ်ပြွန်နံရံများထူလာခြင်းတို့ကို ဖြစ်စေပါသည်။ ဤရောဂါရှိသူများသည် ပြင်ပမှ ရောဂါပိုးများဝင်ရောက်လာလျှင် အလွယ်တကူရောဂါရရှိစေနိုင်ပါသည်။ ထို့ပြင် ဆေးလိပ်သောက်ခြင်းကြောင့် ဖြစ်ပေါ်တတ်သော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါတစ်မျိုးမှာ ပန်းနာရင်ကျပ်ရောဂါ (Asthma) ဖြစ်သည်။

ပန်းနာရင်ကျပ်ရောဂါ (Asthma)သည် ဆေးလိပ်သောက်သူတိုင်းတွင် စတင်ဖြစ်ပွားရန် အလားအလာ ပိုများစေပါသည်။ ထိုသို့ ဆေးလိပ်သောက်သူများသည် ပြင်းထန်သောရင်ကျပ်ရောဂါဖြင့် ဆေးရုံတက်ရခြင်း၊ အသက်သေဆုံးခြင်းတို့ကို ပို၍ဖြစ်စေသောကြောင့် ဆေးလိပ်ကို ရှောင်ကြဉ်ကြရပါမည်။

ဆေးလိပ်သောက်ခြင်းနှင့်ပတ်သက်၍ နောက်ထပ်သတိပြုစရာတစ်ခုမှာ တစ်ဆင့်ခံဆေးလိပ်ငွေ့ပင်ဖြစ်သည်။ တစ်ဆင့်ခံဆေးလိပ်ငွေ့ဆိုသည်မှာ ဆေးလိပ်သောက်သူက ရှူရှိုက်၍ မှုတ်ထုတ်လိုက်သော ဆေးလိပ်ငွေ့နှင့် မီးညှိထားသောဆေးလိပ်မှ တငွေ့ငွေ့ထွက်နေသည့် ဆေးလိပ်မီးခိုးငွေ့များကို ခေါ်ဆိုခြင်းဖြစ်သည်။ ဆေးလိပ်ကို မိမိကိုယ်တိုင်မသောက်သည့် လူကြီးများ၊ အမျိုးသမီးများ၊ ကလေးများ၊ ကိုယ်ဝန်ဆောင်အမျိုးသမီးများသည် အခြားသူများသောက်သည့် ဆေးလိပ်ငွေ့ကို အိမ်ထဲတွင်ဖြစ်စေ၊ အများပြည်သူနှင့်ဆိုင်သော အခြားနေရာများ၌ဖြစ်စေ ရှူရှိုက်နေရလျှင် တစ်ဆင့်ခံဆေးလိပ်သောက်ခြင်းအဖြစ် ရောက်ရှိသွားပါသည်။ ထိုအခါ ဆေးလိပ်ငွေ့ကြောင့်ဖြစ်သော ရောဂါများကို ဆေးလိပ်သောက်သူများကဲ့သို့ ရရှိခံစားရပါသည်။ ထို့ကြောင့် ဆေးလိပ်ကို ကိုယ်တိုင်လည်း မသောက်သုံးသင့်ပေ။ တစ်ဆင့်ခံဆေးလိပ်ငွေ့အန္တရာယ်ကိုလည်း သတိပြုရှောင်ကြဉ်ကြရပါမည်။

အချုပ်အားဖြင့်ဆိုရသော် ဆေးလိပ်သောက်ခြင်းသည် အရည်လည်းမရ၊ အဖတ်လည်းမရ၊ သွေးသားလည်းမဖြစ်၊ အားအင်လည်းမဖြစ်ပေ။ ကျန်းမာရေးချို့တဲ့မှုဆီကိုသာ ဦးတည်နေပြီး အသက်အန္တရာယ်ကိုပင် ထိခိုက်ပျက်စီးစေသည်။ ကာယ၊ ဉာဏစွမ်းရည်များကို မှေးမှိန်စေပြီး မည်သူ့အပေါ်မှ ကောင်းကျိုးမပြုနိုင်ပေ။ ထို့ကြောင့် ဆေးလိပ်ကို စွဲလမ်းနေပါက အမြန်ဆုံးဖြတ်တောက်နိုင်ကြပါစေ။ လက်ရှိတွင် စတင်၍သောက်သုံးနေလျှင်လည်း သတိပြုရှောင်ကြဉ်နိုင်ကြပါစေ။ လူသားတိုင်းအနေဖြင့်လည်း ကျန်းမာပျော်ရွှင်သောဘဝများကို ရရှိပိုင်ဆိုင်နိုင်ကြပါစေဟု ဆန္ဒပြုရင်း မျှဝေရေးသားတင်ပြပေးလိုက်ရပါသည်။

**ကိုးကား—**

**၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန (ဒီနေ့အတွက် သိကောင်းစရာ)**

**၂။ ဆေးလိပ်ဖြတ်ရင် ဘာအကျိုးကျေးဇူးတွေ ရရှိမလဲ**

**ကိုငြိမ်းငယ်(ကျွန်းခေါင့်)**

# သဃ်န်းကျွန်းမြို့နယ် သမိုင်းဝင်ကျိုက္ကစံဆံတော်ရှင်စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနီယပွဲတော် ဖေဖော်ဝါရီ ၂ ရက်မှ ၈ ရက်ထိ ကျင်းပသွားမည်



**ရန်ကုန် ဇန်နဝါရီ ၂၅**

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်ရှိ သမိုင်းဝင်ကျိုက္ကစံဆံတော်ရှင်စေတီတော်မြတ်ကြီး၏ (၁၂၃) ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကို ဖေဖော်ဝါရီ ၂ ရက်မှ ဖေဖော်ဝါရီ ၈ ရက်ထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း ကျိုက္ကစံဆံတော်ရှင်စေတီတော်မြတ်ကြီး ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင် ဦးထွန်းအေးက ပြောပြ၍ သိရသည်။

အဆိုပါ သမိုင်းဝင်ကျိုက္ကစံဆံတော်ရှင်စေတီတော်မြတ်ကြီး၏ (၁၂၃) ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်တွင် မြန်မာ့ရိုးရာထမနဲထိုးပွဲကိုလည်း ထည့်သွင်းကျင်းပသွားမည်ဖြစ်ပြီး ဆွမ်းဆန်စိမ်းလောင်းလှူပွဲကိုလည်း အစဉ်အလာမပျက် ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

"နှစ်စဉ် ကျင်းပနေကျဖြစ်တဲ့ စေတီတော်မြတ်ကြီးရဲ့ ဗုဒ္ဓပူဇနီယပွဲတော်ကို ခုနှစ်ရက်တိုင်တိုင် အစဉ်အလာမပျက် ကျင်းပသွားမှာဖြစ်ပါတယ်။ ထမနဲထိုးပွဲနဲ့ ဆွမ်းဆန်စိမ်းလောင်းလှူပွဲကတော့ မပါမဖြစ် ပါဝင်မှာဖြစ်ပါတယ်။ အရင်နှစ်တွေလိုတော့ ဇာတ်၊ အငြိမ့်တွေ ထည့်သွင်းမှာမဟုတ်ပေမဲ့ ခြင်းခတ်ပြိုင်ပွဲနဲ့ ကလေးတွေအတွက် ပွဲဈေးတန်းတော့ရှိမှာပါ"ဟု ဦးထွန်းအေးက ပြောပြသည်။

သမိုင်းဝင်ကျိုက္ကစံဆံတော်ရှင်စေတီတော်မြတ်ကြီး၏ (၁၂၃) ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်၌ ဖေဖော်ဝါရီ ၂ ရက်တွင် ထမနဲထိုးပွဲကို ကျင်းပမည်ဖြစ်ပြီး ဖေဖော်ဝါရီ ၄ ရက်တွင် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ကျင်းပသွားမည်ဖြစ်ကြောင်း၊ ကျိုက္ကစံဆံတော်ရှင်စေတီတော်မြတ်ကြီးအား နေ့စဉ် နံနက် ၆ နာရီမှ ည ၈ နာရီထိ ဖူးမြော်ကြည်ညိုနိုင်ရန် ဖွင့်လှစ်ထားသော်လည်း ပွဲတော်ကာလအတွင်း နေ့စဉ် နံနက် ၄ နာရီမှ ည ၁၀ နာရီထိ တိုးမြှင့်ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ASH

# ရှမ်းတိုင်းရင်းသားများ၏ စုပေါင်းရှင်ပြုပွဲတော် ကျင်းပမည်ဖြစ်

**မိုးညှင်း ဇန်နဝါရီ ၂၅**

ကချင်ပြည်နယ်ရှိ ရှမ်းတိုင်းရင်းသားများ၏ ရိုးရာအစဉ်အလာပွဲတော်တစ်ခုဖြစ်သည့် (၂၃) ကြိမ်မြောက် စုပေါင်းရှင်ပြုပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း ပွဲတော်ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုင်းတင်လှက ပြောပြ၍ သိရသည်။

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် မြို့မရပ်ကွက်ရှိ ပညာလင်္ကာရ ဇေတီရှမ်းကျောင်းတွင် ရှမ်းတိုင်းရင်းသားများ၏ ရိုးရာအစဉ်အလာပွဲတော်တစ်ခုဖြစ်သည့် စုပေါင်းရှင်ပြုပွဲတော်ကို (၂၃) ကြိမ်မြောက်အဖြစ် မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ် တပို့တွဲလဆန်း ၉ ရက်မှ တပို့တွဲလပြည့်နေ့ (၂၀၂၃ ခုနှစ် ဇန်နဝါရီ ၂၉ ရက်မှ ဖေဖော်ဝါရီ ၄ ရက်)ထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

"ကချင်ပြည်နယ်ထဲမှာရှိတဲ့ ရှမ်းတိုင်းရင်းသားနွယ်ဖွား ဇေတီရှမ်းတိုင်းရင်းသားတွေရဲ့ အစဉ်အလာမပျက်ကျင်းပလေ့ရှိတဲ့ ရိုးရာပွဲတော်တစ်ခုဖြစ်ပါတယ်။ သုံးနှစ်မှ တစ်ကြိမ်သာ ကျင်းပလေ့ရှိတဲ့ စုပေါင်းရှင်ပြုပွဲတော်လဲဖြစ်ပါတယ်။ ဒီပွဲတော်အတွက် တစ်နိုင်ငံလုံးမှာရှိတဲ့ ဇေတီရှမ်းတိုင်းရင်းသားတွေဟာ ပွဲတော်ရက်မတိုင်ခင်ကတည်းက ကြိုတင်ရောက်ရှိနေကြပြီးတော့ ပွဲတော်ကျင်းပမဲ့ နန်းရင်းချောင်းသဲသောင်ပြင်က ယာယီတည်းခိုဆောင်တွေမှာ နေထိုင်ပြီး ပွဲတော်ကိုကြိုနေကြပြီဖြစ်ပါတယ်။ ပွဲတော်ကာလအတွင်းမှာလဲ ပွဲတော်လာပရိသတ်တွေကို စတုဒိသာ ကျွေးမွေးလှူဒါန်းမှာ ဖြစ်သလို ရိုးရာအကတွေနဲ့လဲ ဧည့်ခံဖျော်ဖြေမှာဖြစ်ပါတယ်"ဟု ဦးစိုင်းတင်လှက ပြောပြသည်။



ဇေတီရှမ်းတိုင်းရင်းသားတို့၏ စုပေါင်းရှင်ပြုပွဲတော်ကြီးတွင် အနယ်နယ်အရပ်ရပ်မှ လာရောက်ကြသည့် ဇေတီရှမ်းတိုင်းရင်းသားများက ဒေသထွက်ကုန်၊ စားသောက်ကုန်၊ လူသုံးကုန်တို့ကို တည်ခင်းရောင်းချသည့် ဈေးပွဲတော်ဖြင့် စည်ကားလေ့ရှိပြီး ဇေတီရှမ်းတိုင်းရင်းသားတို့က ပွဲတော်လာပရိသတ်များကို ဓားသိုင်းအက၊ တိုးနရားအက၊ စုပေါင်းယိမ်းအကတို့ဖြင့် ဧည့်ခံဖျော်ဖြေကြကြောင်း သိရသည်။ ASH

# ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် နန္ဒိယရာမ မိုးကုတ်ဓမ္မရိပ်သာမှ သံဃာတော်များအား သရုပ်ဆောင် နေဆန်းမိသားစုက ဆွမ်းကပ်လှူပြီး အလှူငွေများ လှူဒါန်း

**ရန်ကုန် ဇန်နဝါရီ ၂၅**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် နန္ဒိယရာမ မိုးကုတ်ဓမ္မရိပ်သာမှ သံဃာတော်များကို သရုပ်ဆောင် နေဆန်းမိသားစုက နေအိမ်တွင် ဆွမ်းကပ်လှူပြီး နဝကမ္မအလှူငွေများ လှူဒါန်းခြင်းကို ဇန်နဝါရီ ၂၄ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

သရုပ်ဆောင် နေဆန်းမိသားစုက ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ နန္ဒိယရာမ မိုးကုတ်ဓမ္မရိပ်သာမှ သံဃာတော်ငါးပါးအား နေအိမ်တွင် နေ့ဆွမ်းကပ်လှူခဲ့ပြီး နဝကမ္မအလှူငွေအဖြစ် သံဃာတော်တစ်ပါးလျှင် ငွေကျပ်တစ်သိန်းစီ လှူဒါန်းခဲ့ကြောင်း သိရသည်။

"ဆိုင်သစ်ဖွင့်ပွဲအနေနဲ့ နေအိမ်မှာ နန္ဒိယရာမ မိုးကုတ်ဓမ္မရိပ်သာ ဆရာတော် ဘဒ္ဒန္တနန္ဒိယအပါအဝင် ပင့်သံဃာတော် ငါးပါးကို အုန်းဆွမ်းထမင်းနဲ့ ကြက်သားဟင်း ကပ်လှူခဲ့ပါတယ်။ ဒါ့ပြင် ဆိုင်သစ်မှာလဲ အန္တရာယ်ကင်းပရိတ်တရားနာကြားခဲ့ပါတယ်။ သံဃာတော်တစ်ပါးကို နဝကမ္မအလှူငွေကျပ် တစ်သိန်းစီလဲ လှူဒါန်းခဲ့ပါတယ်"ဟု သရုပ်ဆောင် နေဆန်းက ပြောပြသည်။

သရုပ်ဆောင် နေဆန်းမိသားစုသည် ကိုဗစ်ကာလကစတင်ကာ တောင်ဥက္ကလာပမြို့နယ် ဒဂုံမြို့သစ်(တင်ပိုင်း)မြို့နယ်ရှိ ရပ်ကွက်အချို့တွင် ဝင်ငွေနည်းအခက်အခဲရှိ မိသားစုများအား ထမင်းနှင့်ဟင်းများ လှူဒါန်းခြင်းကို လစဉ်နီးပါး လှူဒါန်းလျက်ရှိကြောင်း သိရသည်။ ASH

# A Quiet Place:Day One ဇာတ်ကားတွင် မင်းသား အဲလက်ဝုဖ် ပါဝင်လာ

**နယူးယောက် ဇန်နဝါရီ ၂၅**

A Quiet Place နောက်ဆက်တွဲဇာတ်ကားဖြစ်သော A Quiet Place: Day One ဇာတ်ကားတွင် မင်းသား အဲလက်ဝုဖ် ပါဝင်လာကြောင်း Deadline သတင်းဝက်ဘ်ဆိုက်က ဇန်နဝါရီ ၂၄ ရက်တွင် ရေးသားတင်ပြထားသည်။

အဆိုပါဇာတ်ကားတွင် အဲလက်ဝုဖ်သည် မင်းသား ဂျိုးဆက်ကွင်း၊ မင်းသမီး လူပီတာယောင်အိုတို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

မင်းသား အဲလက်ဝုဖ်သည် Pig (2012) ဒရာမာဇာတ်ကား၌ မင်းသားကြီး နီကိုလပ်ကေ့နှင့်အတူ သရုပ်ဆောင်ထားသူဖြစ်သည်။

လက်ရှိတွင် A Quiet Place: Day One ဇာတ်ကား၌ မင်းသား အဲလက်ဝုဖ် ပါဝင်သရုပ်ဆောင်ရမည့် ဇာတ်ကောင်နေရာကို မသိရသေးကြောင်း သိရသည်။

အဆိုပါဇာတ်ကားကို ဒါရိုက်တာ မိုက်ကယ်ဆာနိုစကီးက တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

A Quiet Place: Day One ဇာတ်ကားကို ၂၀၂၄ ခုနှစ် မတ် ၈ ရက်တွင် ရုံတင်ပြသရန် ထုတ်လုပ်သူများက စီစဉ်ထားကြောင်း သိရသည်။ KKO



# Tron နောက်ဆက်တွဲဇာတ်ကား ရိုက်ကူးရန် ဒစ္စနီးရုပ်ရှင်ကုမ္ပဏီ စီစဉ်နေ

**နယူးယောက် ဇန်နဝါရီ ၂၅**

Tron သိပ္ပံအက်ရှင်ဇာတ်ကားများ၏ နောက်ဆက်တွဲဇာတ်ကားကို ရိုက်ကူးထုတ်လုပ်ရန် ဒစ္စနီးရုပ်ရှင်ကုမ္ပဏီက စီစဉ်နေကြောင်း Deadline သတင်းဝက်ဘ်ဆိုက်က ဇန်နဝါရီ ၂၄ ရက်တွင် ရေးသားတင်ပြထားသည်။

Tron ဇာတ်ကားကို ဒါရိုက်တာ ယိုအာချင်းရွှန်နင်းက တာဝန်ယူရိုက်ကူးဖွယ်ရှိသည်။

လက်ရှိတွင် Tron ဇာတ်ကားရိုက်ကူးရေးအတွက် ဒါရိုက်တာ ယိုအာချင်းရွှန်နင်းမှာ ဒစ္စနီးကုမ္ပဏီနှင့်ဆွေးနွေးနေကြောင်း သိရသည်။

အဆိုပါဇာတ်ကားကို ယခုနှစ် ဩဂုတ်လတွင် ကနေဒါနိုင်ငံ ဗင်ကူးဗားပြည်နယ်၌ စတင်ရိုက်ကူးရန် ဒစ္စနီးကုမ္ပဏီက စီစဉ်ထားသည်။

Tron ဇာတ်ကားတွင် မင်းသား ဂျာရက်လီတို ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

Tron ဇာတ်ကားများသည် ၁၉၈၂ ခုနှစ်တွင် စတင်ထွက်ရှိခဲ့ပြီး နောက်ဆုံးထွက်ရှိခဲ့သောဇာတ်ကားမှာ ၂၀၁၀ ပြည့်နှစ်တွင် ရုံတင်ခဲ့သော Tron: Legacy ဇာတ်ကားဖြစ်ကြောင်း သိရသည်။ KKO



# Over 200 international cargo vessels, over 100,00 containers in 2022 increase rather than that of 2021


An international cargo vessel seen at Yangon port.

**Yangon January 25**

The Ministry of Transport and Communications stated that international ports of Yangon admitted more than 200 international cargo vessels and handled over 100,000 containers from January to December 2022 rather than last year.

A total of 27 international ports are located in Yangon wharves and 19 at Thilawa terminal area, totalling 46 in Yangon Region.

These international ports admit increasing number of ocean-liners.

Myanma Port Authority under the ministry gives services for smooth process of export and import so as to develop maritime trade on time.

In 2022, number of international vessels was increased by 203 international cargo ships which docked at international ports of Yangon, rather than that of 2021.

A total of 1,213 international cargo ships docked at these ports in 2021, compared to 1,416 vessels in 2022. So the port handled increased number of containers within a year.

These ports handled 694,000 containers in 2021, compared to over 846,400 containers in 2022 with excessive number of 152,400 containers.

At present, 30,000-ton vessels can enter and depart from the international ports of Yangon safely. 336

# Over 20,900 of over 22,000 workers pass skill tests at three levels within eight years

**Yangon January 25**

The Ministry of Labour issued a press release on 20 January, saying that more than 20,900 entries of more than 22,000 candidates passed the skill tests at three levels within eight years.

The National Skills Standards Authority-NSSA of the Ministry of Labour conducts skill tests at three levels for Myanmar workers to have skills to shoulder with international workers in the international labour market.

As such, the National Skills Standards Authority-NSSA held the skill tests as from November 2014. Up to 13 January 2023, a total of 20,926 out of 22,925 candidates passed the tests.

A total of 19,668 workers of 21,541 workers passed the tests for 30 jobs at the first level.

Likewise, 1,378 workers took the tests for 14 kinds of jobs at the second level and 1,253 workers passed them.

At the third level which emphasizes welding only, all five candidates passed it.

During the eight years period, the National Skills Standards Authority-NSSA has issued certificates of skills to the workers who passed the respective level tests. 336


A workshop in operation for workers for their skill tests.

# Number of tanker to take fuel from Yangon resurges as from third week of January

**Mandalay January 25**

Number of tankers which will carry fuel from Yangon to Shwekyetyet port of Mandalay resurged as from the third week of January this year, said U Win Maung, Chair of Mandalay Region Private Vessel Discipline Enforcement Committee.

Currently, travelling in Ayeyawady River is good due to proper waterway. So, tankers which will carry fuel from Yangon to Shwekyetyet port of Mandalay are on the rise in the third week of January 2023.

"Proper flow of water in the water course in Ayeyawady River helps increase number of tankers. At present, those oil tankers will have the proper flow of water in the water course of Ayeyawady River," he added.

In the first week of January this year, number of tanker reached more than 100 at Shwekyetyet port compared to more than 140 vessels in the third week of January.

In addition, number of vessels carrying pebble increased to transport stocks from Shwekyetyet port to Yangon.

184

# Microsoft Outlook and Teams down for tens of thousands around world

**London January 25**

Microsoft says it has "rolled back a network change" it thinks may be linked to tens of thousands of worldwide users being unable to access its services, including Teams and Outlook.

Downdetector, which tracks website outages, showed more than 5,000 people in the UK had reported the email service Outlook was inaccessible.

Other services including Teams and Xbox Live were also reported as not working.

Microsoft said it was "monitoring the service" as the change takes effect.

Previously, the firm said it had "isolated the problem to networking configuration issues" and was analysing the "best mitigation strategy to address these without causing additional impact".

Microsoft also said it was investigating a connectivity issue with its cloud computing service, Azure, affecting what it called "a subset of users".

Microsoft Teams is used by more than 280 million people globally, primarily in businesses and schools, where it can be of critical importance for calls, meetings and general service organisation.

According to Downdetector, issues have been reported in many countries around the world, with thousands of reports in India and Japan alone.

As well as Teams and Outlook, the services affected according to the Microsoft 365 status page are SharePoint Online, OneDrive for Business, Microsoft Graph, PowerBi, and Microsoft 365 Admin Center. BBC

# JNU: India students angry after screening of BBC Modi documentary blocked

**Delhi January 25**

Tensions flared up at one of India's best-known universities over the screening of a BBC documentary on Prime Minister Narendra Modi and his role in the 2002 Gujarat riots.

Students accused officials at Jawaharlal Nehru University (JNU) of cutting off power and internet supply to stop Tuesday evening's screening.

University officials have not commented on the allegation yet.

India has said that the BBC documentary lacks objectivity and is "propaganda".

It has invoked emergency laws to block the documentary on YouTube and Twitter.

The JNU administration had earlier asked the students' union not to hold the screening, as it could "disturb the peace and harmony of the university campus".

Although the power cut prevented the public screening, student leaders distributed QR codes to people and asked them to stream the video on their laptops and phones.

There was a heavy police presence on campus. A BBC Hindi reporter who was there said while students were watching the documentary, stones were thrown at them by "a group of 20-30 people". Students say they have filed a police complaint.

The first episode of India: The Modi Question - a two-part series - aired in the UK on 17 January. The second part was broadcast on Tuesday. BBC

# Authorities invite tender to purchase gold foils for Shwedagon Pagoda


The magnificent Shwedagon Pagoda in Yangon.

**Yangon January 25**

Shwedagon Pagoda's Board of Trustees will invite private entrepreneurs to purchase gold foils through a competitive tender system to be used in the gold foils offering to Shwedagon Pagoda in 2023, according to reports of the Shwedagon Pagoda's Board of Trustees released on January 18, 2023.

The board stated that 10,000 two inch round (2 inches x 2 inches) gold foils made by machine and 14,000 traditional handmade gold foils will be purchased through bidding.

The board donated gold foils to stupas at Shwedagon Pagoda and Naungdawgyi Pagoda once every five years.

The gold foils were offered to the stupas at Shwedagon Pagoda and Naungdawgyi Pagoda in the 2016-2017 FY.

Therefore, in the next 2013-2014 FY, gold foils will be offered to the pagodas.

Therefore, it is said that a wake-up call has also been issued for the donors who have donated gold foils to the pagodas in the past to participate and donate merit.

336

## Public Notice for elimination of violence

1. So called "CRPH", "NUG" and "PDF" terrorist groups are unlawfully committing killings monks, teachers, civil servants and general people and lotting under the pretext of sayings "for the people".
2. Not rendering encourage support and assistance to the "CRPH", "NUG" and "PDF" terrorists that are committing intimidations, killings and destructive activities could be construed as protecting lives and property of general public.
3. Giving information secretly relating to bearing of their arms, ammunitions and terrorists to authorities could be tantamount to protecting lives and property of innocent people.

# Myanmar's rattan and bamboo finished works to penetrate international market

**Nay Pyi Taw January 25**

Arrangements are being made to create chances for Myanmar's rattan and bamboo finished works to penetrate the international market with the help of the Netherlands, according to the Myanmar Rattan and Bamboo Entrepreneurs Association on 20 January 2023.

The industries manufacturing rattan and bamboo finished works create job opportunities for the local people and earn foreign exchange.

During the period from 2000 to 2004, such kinds of industries exported products worth US$10 million per year to the international market but its earnings declined to US$2 million per year later.

As such, local businesspersons sought the ways and techniques to manufacture the quality bamboo and rattan works to be exported.

Now, Myanmar's products are able to penetrate the international market online with the help of the Netherlands.

As such, anyone can visit the website named Burma Crafts to view rattan and bamboo finished works such as home decorations, gifts, handicrafts, lacquerwares and furniture with the assistance of the Political Ministry of the Netherlands.

Myanmar possesses the third largest bamboo and rattan forests in Asia, endowed with 21 species and 102 varieties of bamboo which can be extracted 147 pieces of bamboo per year. Likewise, the country is filled with 4.8 million pieces of rattan per year.

336


Rattan ware including chairs and tables seen at a local shop.

# Rubber exported on border land and in shipping in December

**Nay Pyi Taw January 25**

The Ministry of Commerce stated that rubber was exported through border and maritime trade routes in December 2022.

Myanmar sent its rubber to China and Thailand through border trade route. Due to high demand, rubber was also exported to customer countries in shipping.

In December, Myanmar sold out 22,380 tons of rubber worth US$27.48 million to customer countries. In this regard, the stock weighing 17,650 tons worth US$21.377 was exported in shipping and 4,730 tons worth US$6.103 million on border land.

During the period, 11,230 tons of rubber was exported to China, 4,480 tons to Malaysia and 1,940 tons to India in shipping.

Moreover, 3,260 tons of rubber were sent to China on border land and 1,470 tons to Thailand.

At present, domestic market trades K1,320 per pound of RSS-3 rubber and K1,220 per pound of RSS-5. The prices of rubber depend on the forex rate of US dollar.

Myanmar set a target to export 350,000 tons of rubber to the foreign market this fiscal year.

336


Rubber sheets being unloaded.

# Nat island in Kachin State to become important tour for tourism services

**Myitkyina January 25**

The tour of Nat island in Kachin State will be important for tourism services, according to the Yangon-based pilgrimage tour agencies.

Nat island is located in midstream of Malikha River between Putao and Machanbaw townships of Kachin State. It is a natural island piled by stones which flow down along the river.

Natkyun Pagoda is located on the island. Travellers may pay visit to the island by land or ship. They can enjoy natural beauties of Malikha River.

They can view panoramic views, natural rocks and beauties of confluence of Malikha and Mulashide rivers.

It is a one and a half hours drive of round trip from Nawngkhaing Village on the opposite site of Machanbaw Township. In open season, some 10 motor schooners give transport services to the travellers to the island.

Each motor schooner can carry 10 travellers. Its fare will be charged at K50,000 per boat.

Machanbaw Township is blessed with Namkham seven-layer water fall, Kaunghmulon Pagoda, Nat island, Gubar guest house, and rocky dragon and other significant sites where Putao Township is endowed with show-capped mountains, Mulashedi bridge, Monlang creek and other natural beauties.

Kaunghmulon Pagoda is 14 miles from Putao and Nat island is located between Machanbaw and Putao.

336

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## တရုတ်၊ တောင်အာဖရိကနိုင်ငံရေတပ်တို့ ပူးပေါင်းစစ်ရေးလေ့ကျင့်မှုတွင် Hypersonic ဒုံးကျည်တပ်ဆင်ထားသော ရုရှားစစ်သင်္ဘောပါဝင်မည်



တရုတ်၊ တောင်အာဖရိက ရေတပ်တို့ ဖေဖော်ဝါရီလ ပူးပေါင်းစစ်ရေးလေ့ကျင့်မှု၌ Hypersonic ဒုံးကျည်တပ်ဆင်ထားသော ရုရှားစစ်သင်္ဘောတစ်စီးပါဝင်မည်ဖြစ်ကြောင်း ရုရှားနိုင်ငံပိုင်အေဂျင်စီ TASS က ဇန်နဝါရီ ၂၃ ရက်တွင် ပြောကြားခဲ့သည်။

၎င်းသည် Zircon ဒုံးကျည်များတပ်ဆင်ထားသည့် ဖရီဂိတ်စစ်ရေယာဉ် Admiral Gorshkov ပါဝင် လုပ်ဆောင်ခြင်းနှင့်ပတ်သက်၍ ပထမဆုံးတရားဝင် ဖော်ပြခြင်းလည်းဖြစ်ကြောင်း သိရသည်။

အဆိုပါဒုံးကျည်များသည် အသံ၏ အမြန်နှုန်းကိုးဆဖြင့် ပျံသန်းနိုင်ပြီး အကွာအဝေးကီလိုမီတာ ၁၀၀၀ ထိ တိုက်ပွဲဝင်နိုင်ကြောင်း ရုရှားက ပြောကြားထားသည်။ ၎င်းတို့သည် ၂၀၁၉ ခုနှစ်တွင် တိုက်ခိုက်ရေးတာဝန်များစတင်ထမ်းဆောင်ခဲ့သည့် Avangard Glide လေဟုန်စီးဒုံးပျံယာဉ်နှင့်အတူ ၎င်း၏ Hypersonic လက်နက်တိုက်စွမ်းအားစုဗဟိုချက်မအဖြစ် ဖွဲ့စည်းထားခြင်းဖြစ်သည်။

Admiral Gorshkov သည် ဆီးရီးယားနိုင်ငံ Tartus ရှိ ထောက်ပံ့ရေးစခန်းသို့ သွားရောက်မည်ဖြစ်ပြီး ထို့နောက် တရုတ်နှင့် တောင်အာဖရိက ရေတပ်များနှင့် ပူးတွဲရေတပ်လေ့ကျင့်မှုတွင် ပါဝင်ဆောင်ရွက်မည်ဖြစ်သည်ဟု အမည်မသိကာကွယ်ရေးသတင်းရင်းမြစ်ကို ကိုးကား၍ TASS သတင်းအေဂျင်စီက ပြောကြားခဲ့သည်။

ဖေဖော်ဝါရီ ၁၇ ရက်မှ ၂၇ ရက်ထိ ဆိပ်ကမ်းမြို့ Durban နှင့် Richards Bay အနီးတွင်ပြုလုပ်မည့် အဆိုပါစစ်ရေးလေ့ကျင့်မှုသည် တောင်အာဖရိက၊ ရုရှားနှင့် တရုတ်နိုင်ငံတို့ ရှိရင်းစွဲနိုင်ငံများကြားဆက်ဆံရေးကို ပိုမိုခိုင်မာစေရန်ရည်ရွယ်ကြောင်း တောင်အာဖရိက အမျိုးသားကာကွယ်ရေးတပ်ဖွဲ့က ဇန်နဝါရီ ၁၉ ရက်က ပြောကြားခဲ့သည်။

အဆိုပါစစ်ရေးလေ့ကျင့်မှုသည် ၂၀၁၉ ခုနှစ်ပြီးနောက် တောင်အာဖရိကနိုင်ငံ၌ သုံးနိုင်ငံပူးပေါင်းပါဝင်သည့် ဒုတိယမြောက်စစ်ရေးလေ့ကျင့်မှုဖြစ်ကြောင်း ကာကွယ်ရေးတပ်ဖွဲ့၏ထုတ်ပြန်ချက်တွင် ထည့်သွင်းပြောကြားခဲ့သည်။

ရုရှားသမ္မတ ဗလာဒီမာပူတင်က ယူကရိန်းပဋိပက္ခအပေါ် ရုရှားက နောက်ပြန်ဆုတ်မည်မဟုတ်ဟု အနောက်နိုင်ငံများထံ သတင်းစကားပေးပို့ခဲ့ပြီး အတ္တလန္တိတ်သမုဒ္ဒရာဆီသို့ ဖရီဂိတ်စစ်ရေယာဉ် Gorshkov ကို စေလွှတ်ခဲ့ပြီးနောက်ပိုင်း ယခုလအတွင်း၌ပင် နော်ဝေပင်လယ်ပြင်၌ စစ်ရေးလေ့ကျင့်မှုများပြုလုပ်ခဲ့ကြကြောင်း သိရသည်။

ရုရှားက အဆိုပါလက်နက်များကို ခေတ်မီဆန်းပြားသော အမေရိကန်ဒုံးကျည်ကာကွယ်ရေးစနစ်များကို ထိုးဖောက်တိုက်ခိုက်နိုင်မည့်နည်းလမ်းအဖြစ် ရှုမြင်သည်။ ရုရှားသမ္မတ ပူတင်က တစ်နေ့တွင် ၎င်း၏ ဇျူကလီးယားဒုံးကျည်များကို အဆိုပါကာကွယ်ရေးစနစ်များက ပစ်ချနိုင်ကြောင်း သတိပေးခဲ့ဖူးသည်။

တရုတ်၊ ရုရှားနှင့် အမေရိကန်နိုင်ငံတို့သည် အသံထက်ငါးဆပိုမြန်သော အလျင်နှုန်းများဖြင့် ထောက်လှမ်းရခက်ခဲသောကြောင့် ရန်သူများထက်သာလွန်စွမ်းအားအဖြစ် ရှုမြင်သုံးသပ်ထားသည့် Hypersonic လက်နက်များ တီထွင်ထုတ်လုပ်ရန် အပြိုင်အဆိုင်ကြိုးပမ်းနေကြခြင်းဖြစ်ကြောင်း သိရသည်။

**Russian warship armed with hypersonic missiles to join drills with China, S.Africa ကို ဘာသာပြန်ဆိုထားပါသည်။**

## ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများက ယူကရိန်းအတွက် လက်နက်တပ်ဆင်ရန် အမေရိကန်ဒေါ်လာ သန်း ၅၄၀ ထပ်မံကူညီရေးသဘောတူ



ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသည် ယူကရိန်းနိုင်ငံအတွက် လက်နက်တပ်ဆင်ရန် ဘုံဘဏ္ဍာငွေများမှအမေရိကန်ဒေါ်လာ သန်း ၅၄၀ ထပ်မံကူညီရေး ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ နိုင်ငံခြားရေးဝန်ကြီးများက ဇန်နဝါရီ ၂၃ ရက်တွင် သဘောတူညီခဲ့ကြောင်း သက်ဆိုင်ရာသံတမန်များက ပြောကြားခဲ့ပြီး ယခုထုတ်ပြန်ချက်သည် ယူကရိန်းဘက်မှ အကြီးစားစစ်လက်နက်ပစ္စည်းများရရှိရန် တောင်းဆိုနေချိန်တွင် ထွက်ပေါ်လာခဲ့ခြင်းလည်းဖြစ်သည်။

အဆိုပါသဘောတူညီချက်အရ ယူကရိန်းစစ်ဘက်သည် ဘုံခွဲဝေစုပုံထားသည့် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ အသုံးစရိတ်မှ ယူရို ၃ ဒသမ ၆ ဘီလီယံထိ ယူကရိန်းစစ်ဘက်ကို ပံ့ပိုးပေးရန်ကတိကဝတ်ပြုထားပြီး အဖွဲ့ဝင်နိုင်ငံတစ်ခုချင်းစီ၏ နိုင်ငံပိုင် အမျိုးသားအသုံးစရိတ်မှ သီးခြားအသုံးပြုသွားမည်လည်းဖြစ်သည်။

ယေဘုယျအားဖြင့် ဥရောပနိုင်ငံများသည် ယူကရိန်းကို စစ်လက်နက်များပံ့ပိုးပေးအပ်ရန်အတွက် ယူရို ၁၁ ဘီလီယံ ကျော်ကတိပြုထားသည်ဟု ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများမှ အရာရှိများက ပြောကြားပြီး အမေရိကန်နိုင်ငံမှ အသုံးပြုနေမှုနှင့်ယှဉ်လျှင် ထက်ဝက်ခန့်နည်းနေသေးသည်ဟု ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများမှ အရာရှိများက ပြောကြားခဲ့သည်။

ဂျာမနီသည် ယူကရိန်းကို တိုက်ခိုက်ရေးတင့်ကားများပေးအပ်ရန် တုံ့ဆိုင်းနေသည့်အတွက် ပြင်းထန်သောဖိအားများနှင့် ရင်ဆိုင်နေရချိန်တွင် ယခုကဲ့သို့နောက်ဆုံးရန်ပုံငွေသုံးစွဲမှုတစ်ရပ် ထွက်ပေါ်လာခြင်းလည်းဖြစ်သည်။

ယခုနှစ်တွင် ယူကရိန်း၏ အောင်ပွဲရရှိရန် ရဲရင့်မှု၊ ပြတ်သားမှုနှင့် တည်ငြိမ်သောခြေလှမ်းများလိုအပ်သည်ဟု ယူကရိန်းနိုင်ငံခြားရေးဝန်ကြီး Dmytro Kuleba က ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများမှ လုပ်ဖော်ကိုင်ဖက်များကို ရှင်းလင်းပြောကြားခဲ့ပြီးနောက် တွစ်တာတွင် ရေးသားဖော်ပြခဲ့သည်။

ယူကရိန်း၏ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအဖွဲ့ဝင်ဖြစ်မှု၊ စစ်ရေးအကူအညီနှင့် တင့်ကားများ၊ ဒုံးကျည်လုပ်ငန်းနှင့် ဇျူကလီးယားနယ်ပယ်အပါအဝင် ရုရှားအပေါ် ပိတ်ဆို့အရေးယူမှုများစသည်တို့ကို ဆွေးနွေးရန် ဥရောပသမဂ္ဂနိုင်ငံခြားရေးနှင့် လုံခြုံရေးမူဝါဒဆိုင်ရာအဆင့်မြင့်ကိုယ်စားလှယ် Josep BorrellF ၏ ဖိတ်ကြားချက်အရ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများနိုင်ငံခြားရေးရာကောင်စီတွင် ပူးပေါင်းပါဝင်ခဲ့သည်။ ၂၀၂၃ ခုနှစ်တွင် ယူကရိန်းအောင်ပွဲရရှိရန် ရဲရင့်မှု၊ ပြတ်သားမှုနှင့် နောက်မဆုတ်တမ်းလုပ်ဆောင်ချက်များလိုအပ်ကြောင်း Josep BorrellF က ရေးသားထားသည်။

ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများတွင် ဘောလ်တစ်နိုင်ငံများမှ ဝန်ကြီးများသည် ဘရပ်ဆဲလ်မြို့တွင် ပြုလုပ်သည့် အစည်းအဝေးအတွင်း Leopard 2 တင့်ကားများကို ယူကရိန်းနိုင်ငံသို့ ပေးပို့သွားနိုင်ရေး ဂျာမနီထံမှ မီးစိမ်းပြရန်တောင်းဆိုခဲ့သည်။ ဂျာမနီထုတ်တင့်ကားများ လွှဲပြောင်းပေးအပ်ရန် ပိုလန်ကဲ့သို့သော နိုင်ငံများအတွက် ခွင့်ပြုချက်ပေးသွားရန် အဆင်သင့်ဖြစ်နေပြီဖြစ်သည်ဟု ဂျာမနီက အချက်ပြခဲ့ကြောင်း သိရသည်။

“တင့်ကားတွေပို့ပေးဖို့ တစ်ရက်ထပ်စောင့်စရာမလိုတော့ဘူး”ဟု လစ်သူရေးနီးယားနိုင်ငံခြားရေးဝန်ကြီး Gabrielius Landsbergis က ပြောကြားခဲ့သည်။

ရန်ပုံငွေများကို ယူကရိန်းသို့ပေးပို့ထားသောလက်နက်များအတွက် အဖွဲ့ဝင်နိုင်ငံများကို ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများက ပြန်လည်ပေးအပ်ရန် အသုံးပြုလျက်ရှိသည်။

ယူကရိန်းစစ်သားဦးရေ ၁၅၀၀၀ ကို လေ့ကျင့်ပေးရန်အတွက် ယမန်နှစ်က ဖွဲ့စည်းတည်ထောင်ခဲ့သည့် လေ့ကျင့်ရေးမစ်ရှင်တစ်ခုအတွက် နိုင်ငံခြားရေးဝန်ကြီးများက ယူရို ၄၅ သန်းအသုံးပြုရန် သဘောတူညီခဲ့ကြပြီးဖြစ်သည်။

**EU Agrees Extra $540M to Arm Ukraine ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ပုသိမ်မြို့နယ်တွင် မိုးစပါးစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် မိုးစပါး ၉၁၄၁၆ ဧက ရိတ်သိမ်းပြီးစီး



**ပုသိမ် ဇန်နဝါရီ ၂၅**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့နယ်တွင် မိုးစပါးစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် မိုးစပါး ၉၁၄၁၆ ဧကကို ပြန်လည်ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပုသိမ်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးလှိုင်မျိုးသန့်က ပြောပြ၍ သိရသည်။

ပုသိမ်မြို့နယ်တွင် ၂၀၂၂ ခုနှစ် မိုးစပါးစိုက်ပျိုးရာသီက မိုးစပါး ၉၁၄၁၆ ဧက စိုက်ပျိုးခဲ့ကြောင်း၊ အဆိုပါမိုးစပါး ၉၁၄၁၆ ဧကကို နိုဝင်ဘာလပထမပတ်က စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ပြန်လည်ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ မိုးစပါးစိုက်ပျိုးရာသီက မိုးစပါးလျာထား ၉၁၄၁၆ ဧကစိုက်ပျိုးခဲ့ပြီး ဒီနေ့မှာ အားလုံးရိတ်သိမ်းပြီးစီးပါပြီ။ မိုးစပါးတွေလျာထားချက် ပြည့်မီဖို့အတွက် မျိုးစေ့နဲ့ နည်းပညာပိုင်းတွေ၊ သွင်းအားစုတွေကိုလဲ ပံ့ပိုးပေးခဲ့ပါတယ်။ ရွှေခရုကာကွယ်နှိမ်နင်းရေးအတွက် တောင်သူတွေ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေဖို့ အသိပညာပေးဆိုင်းဘုတ်တွေကို စိုက်ထူပေးခဲ့တဲ့အပြင် ကွင်းဆင်းသရုပ်ပြလုပ်ငန်းတွေကိုလဲ လုပ်ဆောင်ပေးခဲ့ပါတယ်။ ဒီလိုလုပ်ဆောင်ပေးခဲ့တာကြောင့် မိုးစပါးတွေ ရာနှုန်းပြည့်စိုက်ပျိုးနိုင်ခဲ့ပြီး စပါးတွေ ပြန်လည်ရိတ်သိမ်းတဲ့အခါ အရည်အသွေးနဲ့ အထွက်နှုန်းကောင်းမွန်တာပါ"ဟု ပုသိမ်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးလှိုင်မျိုးသန့်က ပြောပြသည်။

ပုသိမ်မြို့နယ်တွင် ၂၀၂၂ ခုနှစ် မိုးစပါးစိုက်ပျိုးရာသီက ပုသိမ်ပေါ်ဆန်းရင်၊ ကျားပျံ၊ ထိုင်းဘောကျား၊ ဆင်းသုခ၊ မနောသုခ၊ နှစ်လခွဲ၊ ရက်ကိုးဆယ် စသည့်စပါးအမျိုးအစားများကို အများဆုံးစိုက်ပျိုးခဲ့ကြောင်း ပုသိမ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးလှိုင်မျိုးသန့်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# အုတ်ဖိုမြို့နယ် အညာတန်းကျေးရွာ၌ ၄၀၀ ဗို့ဓာတ်အားလိုင်းသွယ်တန်းခြင်းပြီးစီးမှု စစ်ဆေး

**အုတ်ဖို ဇန်နဝါရီ ၂၅**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် အုတ်ဖိုမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆင်ဝေါင်းကျေးရွာအုပ်စု အညာတန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် ၄၀၀ ဗို့ဓာတ်အားလိုင်းသွယ်တန်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် အုတ်ဖိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်စိုးနှင့် ဝန်ထမ်းများက ကျေးရွာမီးလင်းရေးကော်မတီဝင်များနှင့်အတူ အညာတန်းကျေးရွာတွင် အရှည် ပေ ၁၅၀၀ ရှိ ၄၀၀ ဗို့ဓာတ်အားလိုင်းသွယ်တန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများနှင့်တွေ့ဆုံကာ လိုအပ်သည်များမှာကြားသည်။

အညာတန်းကျေးရွာတွင် အရှည် ပေ ၁၅၀၀ ရှိ ၄၀၀ ဗို့ဓာတ်အားလိုင်း သွယ်တန်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေကျပ် ခုနစ်သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၃ ဒသမ ၆၆၄၄ သန်း စုစုပေါင်းရန်ပုံငွေကျပ် ၁၀ ဒသမ ၆၆၄၄ သန်းဖြင့် မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်စိုးနှင့် ဝန်ထမ်းများ၊ အုတ်ဖိုမြို့နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ တာဝန်ရှိသူများက မြေပြင်ကွင်းဆင်း၍ အနီးကပ်ကြီးကြပ်ပြီး ၂၀၂၂ ခုနှစ် ဒီဇင်ဘာလပထမပတ်က လုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။



အဆိုပါ ဓာတ်အားလိုင်းသွယ်တန်းပြီးစီးမှုကြောင့် ကျေးရွာရှိ အိမ်ထောင်စု ၁၃၁ စု၊ လူဦးရေ ၅၅၂ ဦးအတွက် အကျိုးပြုလျက်ရှိပြီး ကျေးလက်နေပြည်သူများ ယခင်ကထက် လူနေမှုအဆင့်အတန်း ပိုမိုမြင့်မားပြီး လူမှုစီးပွားဘဝပိုမိုဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်ကြောင်း သိရသည်။

**အေးမြတ်**

# မိုးမိတ်မြို့နယ် ဘော်ဒေကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မိုးမိတ် ဇန်နဝါရီ ၂၅**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုးမိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဘော်ဒေကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ဒုတိယအကြိမ်ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုးမိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်ထက်အောင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မိုးမိတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး၊ စီမံကိန်းတာဝန်ခံနှင့်ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းကော်မတီဝင်များထံ အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၂၈ ဒသမ ၅ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းကော်မတီဝင်များက ဘော်ဒေကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ဒုတိယအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀ ဦးကို ငွေကျပ် ၅၉ ဒသမ ၅ သိန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၃၇ ဦးကို ငွေကျပ် ၂၂၉ ဒသမ ၅ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ လေးဦးကို ငွေကျပ် ၂၆ ဒသမ ၅ သိန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူနှစ်ဦးကို ငွေကျပ် ၁၃ သိန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၅၃ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၂၈ ဒသမ ၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း မိုးမိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၂၅-၁-၂၀၂၃

| | | |
|---|---|---|
| **ရွှေ** | | |
| ၁၆ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၆၀၀၀၀၀ |
| ၁၅ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၅၁၈၀၀၀ |
| **(ခွဲထက်ရွှေဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၂၀၀၀/၈၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၀၀၀၀/၇၃၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၅၃၀၀၀/၅၆၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၄၂၀၀၀/၄၅၀၀၀ |
| နွေဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၄၁၀၀၀/၄၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၃၅၀၀၀/၃၉၀၀၀ |
| **ဓားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၁၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၁၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၅၆၀၀/၆၀၀၀ |
| **ကော်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၅၂၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၆၀၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၂၀၅ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၃၅၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၄၃၅ |
| **(သာ ကော်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ** | | |
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၈၅)



အောင်မြေရတနာကျောင်းတိုက်ပဓာနနာယက ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ မကွေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တသုမန၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်နှင့်တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦးတို့က မန်းရွှေစက်တော်အောက်ခြေတော်ရာအား ရွှေသင်္ကန်းများကပ်လှူပူဇော်စဉ်။

☆ ကျောဖုံးမှအဆက်

ဖိတ်ကြားထားသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ အထူးတံတားနှင့်မုခ်ဦးကို တိုင်းမှူးနှင့်တာဝန်ရှိသူများက ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးသည်။ အဆိုပါတံတားကို မန်းရွှေစက်တော်ရာဘုရားပွဲကျင်းပသည့်ကာလအတွင်း တည်ဆောက်မည့် မန်းချောင်းကူး ယာယီဝါးတံတားအစား ဘုရားဖူးပြည်သူများ စိတ်အေးချမ်းသာ ပိုမိုအဆင်ပြေလွယ်ကူစွာသွားလာနိုင်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ လမ်းညွှန်မှာကြားချက်အရ တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး တံတားအရှည် ပေ ၁၀၀၊ အကျယ် ၁၄ ပေရှိကြောင်းနှင့် တံတား၏ခံနိုင်ဝန်မှာ ၁၃ တန်ဖြစ်ကြောင်းသိရသည်။ ထို့ပြင် ချောင်းရေထိန်းသိမ်းရန်အတွက် ရေထိန်းနံရံရေတား တစ်ခုကိုလည်း ထည့်သွင်းဆောက်လုပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် ဗုဒ္ဓပူဇနိယပွဲတော်အထူးမုခ်ဦးကို မဟာဝိသုတာရာမတိုက်သစ်ပဓာနနာယကဆရာတော်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က စက်ခလုတ်နှိပ်၍ဖွင့်လှစ်ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်တိုင်းမှူးတို့က ဇီဇိတဒါန ငှက်လွှတ်ခြင်း၊ အထူးတံတားပေါ်မှ ဇီဝိတဒါန ငါးလွှတ်ခြင်းတို့ကို ဆောင်ရွက်ကြသည်။

ထို့နောက် မန်းရွှေစက်တော်အောက်ခြေတော်ရာ ပါဒစေတီတော် အလင်းပေါက်ဖန်အုပ်ဆောင်းတော်ဖွင့်လှစ်ခြင်း၊ ရွှေသင်္ကန်းကပ်လှူခြင်းနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်ပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားကို ဆက်လက်ကျင်းပရာ သံဃာတော်များ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်တိုင်းမှူးတို့က အလင်းပေါက်ဖန်အုပ်ဆောင်းတော်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ကြသည်။ ယင်းနောက် သံဃာတော်အရှင်သူမြတ်တို့က မန်းရွှေစက်တော်အောက်ခြေတော်ရာ ပါဒစေတီတော်မြတ်အား ဗုဒ္ဓါဘိသေကအနေကဇာတင်တော်မူပြီး ဗုဒ္ဓပါဒခြေတော်ရာကို နမ္မဒါရေစင်ဖြင့်သွန်းဖျန်း၍ ရွှေသင်္ကန်းများ ကပ်လှူပူဇော်ကြသည်။ ထို့နောက် ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်းပြီး အခမ်းအနားကို အောင်မြင်စွာရုပ်သိမ်းကြသည်။

ဆက်လက်၍ အထက်စက်တော်ရာ ပါဒစေတီတော် ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကို ကျင်းပရာ ဆရာတော်အရှင်သူမြတ်များနှင့် တာဝန်ရှိသူများ၊ ဧည့်ပရိသတ်များက နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကိုဖွင့်လှစ်ကြပြီး တောင်တွင်းကြီးမြို့ ငှက်ပစ်တောင်ကျောင်း ပဓာနနာယက မကွေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တမာနိတ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က အထက်စက်တော်ရာ ပါဒစေတီတော်မြတ်ကြီးကိုဖွင့်လှစ်၍ နမ္မဒါရေစင်ဖြင့် သွန်းဖျန်းကာ ရွှေသင်္ကန်းတော်များ ကပ်လှူပူဇော်ကြသည်။

ယင်းနောက် သံဃာတော်အရှင်သူမြတ်များက အထက်စက်တော်ရာ ပါဒစေတီတော်မြတ်အား ဗုဒ္ဓါဘိသေကအနေကဇာတင်တော်မူပြီး ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို အောင်မြင်စွာရုပ်သိမ်းခဲ့သည်။

ထို့နောက် သုံးထပ်သာသနာ့ဗိမာန်တွင် မန်းရွှေစက်တော်ရာဘုရား ပါဒစေတီတော်နှစ်ဆူ ဖွင့်လှစ်ပူဇော်ပွဲ အောင်မြင်ခြင်းအတွက် ဒါန၊ သီလ၊ ဘာဝနာကုသိုလ်ဆည်းပူးခြင်းနှင့် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေခြင်းအခမ်းအနား ကျင်းပ၍ သံဃာတော်အရှင်သူမြတ်တို့ကို နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် မင်းဘူးသစ်ထုတ်ရေးဒေသ၊ ရွှေစက်တော် မန်းချောင်းဆင်စခန်း လေးနှစ်ပြည့် အထိမ်းအမှတ်အခမ်းအနားသို့သွားရောက်၍ ဆင်သရုပ်ပြ (Elephant Show) အစီအစဉ်များကို ကြည့်ရှုအားပေးကာ ဆင်ကလေးများကို အစားအစာများ ကျွေးမွေးခဲ့ကြသည်။

အဆိုပါ မန်းရွှေစက်တော်ရာ ပါဒစေတီတော် ဗုဒ္ဓပူဇနိယပွဲတော်ကို ဇန်နဝါရီ ၂၅ ရက်မှ ဧပြီ ၁၇ ရက်ထိ ၈၃ ရက်တိုင်တိုင် ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။



ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်း၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နီလင်းအောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက (၂၈)ကြိမ်မြောက် မိုင်းဆတ်ခရိုင်နှင့်မိုင်းတုံခရိုင် လားဟူတိုင်းရင်းသားစုပေါင်းနှစ်သစ်ကူးပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

# (၂၈)ကြိမ်မြောက် မိုင်းဆတ်ခရိုင်နှင့် မိုင်းတုံခရိုင် လားဟူတိုင်းရင်းသား စုပေါင်းနှစ်သစ်ကူးပွဲတော် ကျင်းပပြုလုပ်

**နေပြည်တော် ဇန်နဝါရီ ၂၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) (၂၈)ကြိမ်မြောက် မိုင်းဆတ်ခရိုင်နှင့် မိုင်းတုံခရိုင် လားဟူတိုင်းရင်းသားစုပေါင်းနှစ်သစ်ကူးပွဲတော်ကို ယနေ့နံနက်ပိုင်းတွင် မိုင်းဆတ်မြို့ ဝိန်းဝိုင်ရပ်ကွက်ရှိ လားဟူစာပေနှင့်ယဉ်ကျေးမှုကွင်း၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်း၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နီလင်းအောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ဒေသခံတိုင်းရင်းသားများနှင့်ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက (၂၈)ကြိမ်မြောက် မိုင်းဆတ်ခရိုင်နှင့်မိုင်းတုံခရိုင် လားဟူတိုင်းရင်းသားစုပေါင်းနှစ်သစ်ကူးပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့်တိုင်းမှူးတို့က နှစ်သစ်ကူးအဖွင့်အမှာစကား အသီးသီးပြောကြားကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က လားဟူတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ကို ထောက်ပံ့ငွေများ ပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူပြီး သဘာပတိအဖွဲ့ဝင် လားဟူတိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအဖွဲ့နာယက သိက္ခာတော်ရဆရာတော် ဦးကျရှောက နှစ်သစ်ကူးကြိုဆိုအဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ၂၀၂၁-၂၀၂၂ တက္ကသိုလ်ဝင်တန်းအောင်မြင်သူ ၅၇ ဦးကို တာဝန်ရှိသူတစ်ဦးက ဂုဏ်ပြုဆုများပေးအပ်ရာ ကျောင်းသား၊ ကျောင်းသူများကိုယ်စား ကျောင်းသူတစ်ဦးက လက်ခံရယူပြီး လားဟူရိုးရာ လက်ဆေးမင်္ဂလာခံယူခြင်းဆက်လက်ကျင်းပသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက လားဟူ၊ ရှမ်း၊ “ဝ”၊ အာခါ၊ လီဆူ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကအဖွဲ့များ၏ ကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးပြီး လားဟူတိုင်းရင်းသားယဉ်ကျေးမှုပြခန်းကို လှည့်လည်ကြည့်ရှု အားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

# ဒေသတွင်း စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၂၅**

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေချိန်တွင် ဒေသတွင်းစားနပ်ရိက္ခာဖူလုံရေးနှင့်ပြည်သူများ၏ စားသောက်ရေးကိုအထောက်အကူဖြစ်စေရန်အတွက် တိုင်းစစ်ဌာနချုပ်များ၊ တပ်ရင်း၊ တပ်ဖွဲ့များ၌ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုမောင်နှင့် တာဝန်ရှိသူများက တိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်ရင်း၊ တပ်ဖွဲ့များမှ စိုက်ပျိုးရေးဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ဥစားကြက်၊ အသားစားကြက်၊ DYL ဝက်၊ နို့စားနွားနှင့် ဆိတ်မွေးမြူထားရှိမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေးနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုမောင် မြစ်ကြီးနားမြို့ရှိ နယ်မြေခံတပ်ရင်း စိုက်ပျိုးမွေးမြူရေးခြံတွင် ဥစားကြက်များ မွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

# တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးတို့ရှိ ဘုရားစေတီပုထိုးများနှင့် ဘုန်းတော်ကြီးကျောင်းများ၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၂၅**

တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ မြို့နယ်များမှ ဘုရားစေတီများသို့ ဘုရားဖူးလာရောက်ကြမည့် ရဟန်းသံဃာတော်များ၊ အများပြည်သူများ စိတ်အေးချမ်းသာစွာ တရားဘာဝနာပွားများ၍ ဖူးမြော်ကြည်ညိုနိုင်စေရန်နှင့် ဘုရားစေတီပုထိုးများ ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပစေရန်အတွက် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက သန့်ရှင်းရေးလုပ်ငန်းများ ကုသိုလ်ပြုစုပေါင်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဘုရားစေတီပုထိုးများနှင့် ဘုန်းတော်ကြီးကျောင်းများ၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ် ရှစ်မြို့နယ်တို့၌လည်းကောင်း၊ ကချင်ပြည်နယ်အတွင်းရှိ မြို့နယ် ခုနစ်မြို့နယ်တို့၌လည်းကောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ မြို့နယ် ၁၄ မြို့နယ်တို့၌လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) အတွင်းရှိ မြို့နယ် သုံးမြို့နယ်တို့၌လည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်းရှိ မြို့နယ်ကိုးမြို့နယ်တို့၌လည်းကောင်း၊ မွန်ပြည်နယ်အတွင်းရှိ မြို့နယ် သုံးမြို့နယ်တို့၌လည်းကောင်း၊ ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်တို့၌လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ လေးကျွန်းဆီမီးစေတီတော်မြတ်ကြီး၌လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ရှစ်မြို့နယ်တို့၌လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်လေးမြို့နယ်တို့၌လည်းကောင်း၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၂ မြို့နယ်တို့၌လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၀မြို့နယ်တို့၌လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၂ မြို့နယ်တို့၌လည်းကောင်း၊ မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ခြောက်မြို့နယ်တို့၌လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ နန်းတော်ဦးလောကမာရဇိန်စေတီမြတ်ကြီး၌လည်းကောင်း ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေနုတ်မြောင်းများတူးဖော်ပေးခြင်း၊ ဘုရား၊ စေတီများနှင့် ရုပ်ပွားတော်များအား ရောင်တော်ဖွင့်ပေးခြင်း၊ ထုံးသက်န်းများကပ်လှူခြင်း စသည့် သန့်ရှင်းရေးလုပ်ငန်းများကို ကုသိုလ်ပြု ဆောင်ရွက်ကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။



ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး ရင်ပြင်တော်ပေါ်၌ ရန်ကုန်တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက်ရှိ နယ်မြေခံတပ်မတော်သားများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်ပေးစဉ်။



နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ကိုးတောင်ပြည့်ပြည်တော်ဝင်စေတီတော်၌ ဌာနဆိုင်ရာတာဝန်ရှိသူများက သန့်ရှင်းရေးပြုလုပ်၍ ထုံးသက်န်းကပ်လှူစဉ်။



မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် ကဘဲ့ရပ်ကွက် ကမ္ဘာအေးဆုတောင်းပြည့်ဘုရား၌ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့်မီးသတ်တပ်ဖွဲ့ဝင်များက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဇန်နဝါရီ ၂၅**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆောင်ရွက်ရာတွင် ကာကွယ်ဆေးထိုးနှံခြင်းသည် အဓိကအခန်းကဏ္ဍတွင်ပါဝင်သည့် လုပ်ငန်းတစ်ရပ်ဖြစ်သောကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို အင်တိုက်အားတိုက်ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၈၄၅ ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခုတို့၌ ဒေသခံပြည်သူ ၁၃၈၈၂ ဦးတို့ကို တပ်မတော်မှဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့အတူ ကျောင်းသား၊ ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၌ ကျောင်းသား၊ ကျောင်းသူ ၉၅၂ ဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆မြို့နယ်တို့၌ ကျောင်းသား၊ ကျောင်းသူ ၂၀၅၆ ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခုတို့၌ ကျောင်းသား၊ကျောင်းသူ ဦးရေ ၂၇၇၈၀ တို့ကို တပ်မတော်မှဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့်တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများ၊ အားကစားပစ္စည်းများနှင့် ထောက်ပံ့ငွေများပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။



အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦး အသက် ငါးနှစ်မှ အသက် ၁၂ နှစ်ကြား ကျောင်းသား၊ ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံပေးနေမှုကို ကြည့်ရှုအားပေးစဉ်။



ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့ရှိ ကျောင်းသား၊ ကျောင်းသူများကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးစဉ်။

# မန္တလေးနည်းပညာတက္ကသိုလ်၏ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲအခမ်းအနား ကျင်းပ






**နေပြည်တော် ဇန်နဝါရီ ၂၅**

မန္တလေး နည်းပညာတက္ကသိုလ်၏ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲအခမ်းအနားကို အဆိုပါတက္ကသိုလ် မူလပင်မဆောင် စုဝေးခန်းမတွင် ယနေ့နံနက်ပိုင်းက ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကို၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခဌာနမှူးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဆရာ၊ ဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့်အတူတကွ နံနက်စာသုံးဆောင်ကြပြီး အခမ်းအနားကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ရွေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက်(၉)ရပ်တို့ကို ချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ လူမှုရေးဦးတည်ချက်ထဲမှ တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးကို အလေးထားဆောင်ရွက်နေကြောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့က တိုင်းဒေသကြီးအတွင်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် နိုင်ငံတော်၏ မူဝါဒနှင့်အညီ အနီးကပ်ကြီးကြပ်ဆောင်ရွက်နေကြောင်း၊ တက္ကသိုလ်မှ သင်ကြားပေးသော ပညာရပ်များကို ကျွမ်းကျင်တတ်မြောက်အောင် လေ့လာသင်ယူပြီး တက္ကသိုလ်၏ရည်မှန်းချက်များကို အကောင်အထည်ဖော်သွားကြရမည်ဖြစ်ကြောင်း၊ မှန်ကန်သော ခေတ်အမြင်၊ ခေတ်အတွေးများဖြင့် ပညာရပ်များ၊ ဗဟုသုတများကို လေ့လာရှာဖွေ စုဆောင်းကာ သုတေသီကောင်းများဖြစ်အောင် လေ့ကျင့်ကြိုးစားကြရမည် ဖြစ်ကြောင်း၊ အသိပညာကိုအခြေခံပြီး လက်တွေ့နယ်ပယ်တွင် အတတ်ပညာရှင်များအဖြစ် အများအကျိုးကို ဖော်ဆောင်ပေးနိုင်သူများဖြစ်အောင် ကြိုးစားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မန်းမြင့်မိုရ်ဟိန်းကုမ္ပဏီ အုပ်ချုပ်မှုဒါရိုက်တာ ဦးခင်မောင်ထွေးက မန္တလေး နည်းပညာတက္ကသိုလ်အတွက် ငွေကျပ် ၁၁၅ သိန်းရှိ အလှူငွေများနှင့် စာအုပ်စာတမ်းများ၊ ပရိဘောဂများကို လှူဒါန်းသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျောင်းသား၊ ကျောင်းသူများ၏ တိုင်းရင်းသားရိုးရာအကများ၊ တေးသီချင်းတီးခတ်မှုနှင့် သရုပ်ဖော်ကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ကပြဖျော်ဖြေကြသော ကျောင်းသား၊ ကျောင်းသူများအတွက် ဂုဏ်ပြုချီးမြှင့်ငွေကျပ်သိန်း ၂၀ နှင့် အားကစားပစ္စည်းများကို ပေးအပ်ပြီးနောက် တာဝန်ခံပါမောက္ခချုပ်၊ ဒုတိယပါမောက္ခ၊ ပါမောက္ခဌာနမှူးများ၊ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများနှင့်တွေ့ဆုံပြီး တင်ပြဆွေးနွေးမှုများအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြည်ကြီးတံခွန်မြို့နယ်ရှိ သာယာဝတီမင်းတရားကြီး တည်ထားကိုးကွယ်ခဲ့သည့် နှစ်ပေါင်း ၁၈၀ ကျော် သမိုင်းဝင် လောကမဏိစူဠာစေတီတော်ကြီး ဘုရားပရိဝုဏ်တွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများနှင့် ထုံးသက်န်းကပ်လှူနေမှုများကို လိုက်လံကြည့်ရှုကာ ဘုရားဖူးများ စိတ်ချမ်းမြေ့စွာ ဖူးမြော်နိုင်ရေး၊ အမြဲသန့်ရှင်းသပ်ရပ်ရေးတို့ကို အလေးထားဆောင်ရွက်ရန်ရေးနှင့် ရေ၊ မြေ၊ သဘာဝနှင့်ကိုက်ညီသည့် အရိပ်ရအပင်များ စိုက်ပျိုးကာ ရှင်သန်ထိန်းသိမ်းရေးတို့ကို တာဝန်ရှိသူများအား မှာကြားပြီး စေတီတော်များကို ထုံးသက်န်းကပ်လှူပူဇော်ကာ အလှူငွေကျပ် ငါးသိန်း လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | **အမည်၊ ရာထူး၊ ဌာန** | **ခန့်ထားသည့်နေရာ** |
|---|---|---|
| (၁) | ဒေါက်တာမြင့်မြင့်ခိုင်<br>ဒုတိယပါမောက္ခချုပ်<br>နည်းပညာတက္ကသိုလ်(ပခုက္ကူ)<br>အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန<br>သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | ပါမောက္ခချုပ်<br>နည်းပညာတက္ကသိုလ်(ပခုက္ကူ)<br>အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန<br>သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန |
| (၂) | ဒေါက်တာနန်းစိုးစိုးအောင်<br>ဒုတိယပါမောက္ခချုပ်<br>ကွန်ပျူတာတက္ကသိုလ်(လားရှိုး)<br>အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန<br>သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ကွန်ပျူတာတက္ကသိုလ်(လားရှိုး)<br>အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန<br>သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန |

## ဇန်နဝါရီ ၂၅ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ငါးဦး တွေ့ရှိ

### ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၃၃၈၁၄ ဦး |
| သေဆုံးသူ | ၁၉၄၉၀ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၁၄၂၆၅ ဦး |

**နေပြည်တော် ဇန်နဝါရီ ၂၅**

ဇန်နဝါရီ ၂၄ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း ၃၈၇၇ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ငါးဦး တွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်မြို့တော်များ၏ ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၆-၁-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | တာချီ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၃၀၅ | ၂၃၅၅ | ၂၃၅၀ | ၂၃၁၅ | ၂၃၅၅ | ၂၃၇၅ | ၂၃၆၀ | ၂၃၄၀ | ၂၄၃၅ | ၂၄၅၅ | ၂၃၄၅ | ၂၃၅၅ | ၂၃၈၀ | ၂၃၈၀ | ၂၃၈၅ | ၂၆၂၅ | ၂၉၀၀ |
| 95 Ron | ၂၃၈၅ | ၂၄၃၅ | ၂၄၃၀ | ၂၃၉၅ | ၂၄၃၀ | ၂၄၅၅ | ၂၄၄၀ | ၂၄၂၀ | ၂၅၁၅ | ၂၅၃၀ | ၂၄၂၅ | ၂၄၄၀ | ၂၄၇၀ | ၂၄၇၀ | ၂၄၇၅ | ၂၇၀၅ | ၂၉၈၀ |
| HSD (500 ppm) | ၂၅၂၀ | ၂၅၇၀ | ၂၅၆၅ | ၂၅၃၀ | ၂၅၇၀ | ၂၅၉၀ | ၂၅၈၅ | ၂၅၅၅ | ၂၆၇၅ | ၂၆၇၀ | ၂၅၆၀ | ၂၅၇၅ | ၂၆၀၅ | ၂၆၀၅ | ၂၆၁၀ | ၂၈၄၀ | ၃၅၀၀ |
| HSD (50 ppm) | ၂၆၀၀ | ၂၆၅၀ | ၂၆၄၅ | ၂၆၁၀ | ၂၆၅၀ | ၂၆၇၀ | ၂၆၆၅ | ၂၆၃၅ | ၂၇၅၅ | ၂၇၅၀ | ၂၆၄၀ | ၂၆၅၅ | ၂၆၈၅ | ၂၆၈၅ | ၂၆၉၀ | ၂၉၂၀ | ၃၅၃၀ |
| HSD (10 ppm) | ၂၆၀၀ | ၂၆၅၀ | ၂၆၄၅ | ၂၆၁၀ | ၂၆၅၀ | ၂၆၇၀ | ၂၆၆၅ | ၂၆၃၅ | ၂၇၅၅ | ၂၇၅၀ | ၂၆၄၀ | ၂၆၅၅ | ၂၆၈၅ | ၂၆၈၅ | ၂၆၉၀ | ၂၉၂၀ | ၃၅၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၁၉၂ | ၂၂၆၉ |
| 95 Ron | ၂၂၆၈ | ၂၃၄၇ |
| HSD (500 ppm) | ၂၄၀၄ | ၂၄၈၁ |
| HSD (50 ppm) | ၂၄၇၈ | ၂၅၅၇ |
| HSD (10 ppm) | ၂၄၇၈ | ၂၅၅၇ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိတ်ဆွေများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# ဥပဒေဘောင်အတွင်းဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော PDF အဖွဲ့ဝင်များကို ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ ထပ်မံလွှဲပြောင်းပေးအပ်



ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်း မရှိခဲ့သော PDF အဖွဲ့ဝင်များကို ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်း ပေးအပ်ပွဲတွင် အမှာစကား ပြောကြားစဉ်။

**နေပြည်တော် ဇန်နဝါရီ ၂၅**

တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ နယ်မြေအတွင်း သင်တန်းများတက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သည့် ဥပဒေဘောင်အတွင်းဝင်ရောက်လာသော PDF အဖွဲ့ဝင်များကို ပြန်လည်ကြိုဆိုလက်ခံ၍ ၎င်း၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ယနေ့နံနက်ပိုင်းတွင်လည်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ပြန်လည်ကြိုဆိုလက်ခံခြင်းကို ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေနှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းမှူးက နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေဆိုင်ရာပုဒ်မများနှင့် အသိပညာပေးစကားများကို ရှင်းလင်းဆွေးနွေး ပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဒေါပုံမြို့နယ်၊ သဃ်န်းကျွန်းမြို့နယ်၊ မြောက်ဥက္ကလာပမြို့နယ်၊ သာကေတမြို့နယ်၊ ကျောက်တန်းမြို့နယ်၊ ဒလမြို့နယ်နှင့် ကော့မှူးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်တို့မှ PDF အဖွဲ့ဝင် အမျိုးသား ၁၂ ဦး၊ အမျိုးသမီး နှစ်ဦးတို့ကို ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ ထောက်ပံ့ပစ္စည်းများပေးအပ်ပြီး ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးကြသည်။ ဆက်လက်၍ ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သည့် ဥပဒေဘောင်အတွင်းဝင်ရောက်လာသော PDF အဖွဲ့ဝင်များ၏ မိသားစုဝင်များကိုယ်စား မိခင်တစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ယခုကဲ့သို့ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော PDF အဖွဲ့ဝင်များ၏ ရင်တွင်းစကားသံများကို ယခုလိုကြားသိရပါတယ်-



ဟိုမှာနေရတာအဆင်မပြေလို့ ဒုက္ခပေါင်းစုံရောက်တယ်။ တောထဲမှာစားရတာလည်းအဆင်မပြေဘူး။ အစစအရာရာ ဘာမှအဆင်မပြေဘူး။ အစကတော့ ကောင်းမယ်ထင်လို့သွားခဲ့တာ။ ကြီးနိုင်ငယ်ညှဉ်းပုံစံဖြစ်နေတယ်။ သူတို့အကြီးတွေလောက်ပဲအဆင်ပြေတာ။ အောက်က အငယ်တွေကတော့ စားချင်သလိုစား နေချင်သလိုနေဖြစ်နေတယ်။ ခဏလေးပဲနေခဲ့တော့ ဘာမှသိပ်မသင်ပေးပါဘူး။ သူငယ်ချင်းတစ်ယောက်က ပြန်လာတော့ ကျွန်တော်တို့မြို့ကတာဝန်ရှိတဲ့ ဗိုလ်ကြီးကို မေးကြည့်တာ။ အလင်းဝင်လို့ရလား။ ပြန်လာလို့ရတယ်ဆိုလို့ သူတို့ကလည်း နွေးနွေးထွေးထွေး ကြိုဆိုမယ်ဆိုလို့ ကျွန်တော်လည်း ပြန်ချိတ်ဆက်ပြီး ပြန်လာတာ။ အကုန်လုံးကတော့ ကိုယ့်အိမ်ကို ပြန်လာချင်ကြတာချည်းပါပဲ။ သူတို့ကိုပြောချင်တာက ဆက်ပြီး ဒုက္ခခံမနေနဲ့ ပြန်လာချင်ရင် ဒီက အကြီးအကဲတွေနဲ့ ပြန်လာပေါ့။ ဒီက တာဝန်ရှိတဲ့သူတွေကလည်း နွေးနွေးထွေးထွေးနဲ့ကြိုဆိုတော့ ပြန်လာဖို့ပဲ ပြောချင်ပါတယ်။



အသိမိတ်ဆွေကခေါ်သွားလို့ ညီမအဲ့ဒီကိုရောက်သွားတာပေါ့ တောထဲကို။ ဘာမှကိုမပြောတာ။ သင်လဲမသင်ပေးဘူး။ သိလဲမသိရဘူး။ အဲ့ရောက်သွားတာနဲ့ တစ်ရက်နှစ်ရက်နေတော့ နောက်နေ့တွေကြ ဟင်းချက်ရတယ်။ ကိုယ့်ထက်အရင်ရောက်နေတဲ့ စောတဲ့စီနီယာတွေရဲ့ ဝေယျာဝစ္စတွေလုပ်ပေးရတယ်။ ခုလိုမျိုး လူကြီးစုံရာနဲ့ အလင်းဝင်တာကောင်းတယ်ပေါ့နော်။ အဲ့လိုမျိုးလည်းဝင်စေချင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ တောထဲမှာ အတော်ဒုက္ခရောက်တယ်။ ကိုယ်တိုင်က ဘာမှမဟုတ်တာလည်းမဟုတ်ဘူးပေါ့နော်။ ကိုယ့်အချိန်တွေ ဆုံးရှုံးတာပဲရှိတယ်။ အဲ့တော့လူကြီးတွေနဲ့ ဒီလိုမျိုးအတိအလင်း အလင်းဝင်စေချင်တယ်။ ကိုယ့်လို သူငယ်ချင်းတွေကိုလည်း ညီမကတော့ အတိုင်းအထက်အလွန်ကို ဝမ်းသာတယ်ပေါ့။ မိဘရင်ခွင်ထဲကို အရင်လိုပြန်ပြီး ခိုလို့ရတယ်။ ဘာပဲပြောပြော သွားနေတဲ့ ကာလအတွင်းမှာ မိဘတွေနဲ့လည်း ဖုန်းဆိုတာ ပြောချင်မှပြောရတာ။ ခုလိုအိမ်ပြန်ရောက်တဲ့အတွက် အတိုင်းထက်အလွန် ဝမ်းသာပါတယ်။ ခုလိုမျိုးစီစဉ်ပေးတဲ့ လူတွေအကုန်လုံးကိုကျေးဇူးတင်ပါတယ်။

PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်ခြင်း ပြုမည်ဆိုပါက ကြိုဆိုလက်ခံသွားမည် ဖြစ်ကြောင်း နိုင်ငံတော်အစိုးရက ထုတ်ပြန်ထားပြီးဖြစ်ရာ ပြစ်မှုကျူးလွန်ခဲ့ခြင်းမရှိသော PDF အဖွဲ့ဝင်များက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးလျက်ရှိကြောင်း သတင်းရရှိသည်။

# တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု) မြောင်းမြမြို့နယ် တောင်ကလေးကျေးရွာနှင့်ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



တပ်မတော် မြစ်တွင်းသွား ဆေးရုံရေယာဉ် (ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု) တို့မှ မြောင်းမြမြို့နယ် တောင်ကလေး ကျေးရွာနှင့် ပတ်ဝန်းကျင် ကျေးရွာများရှိ ဒေသခံပြည်သူများကို ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဇန်နဝါရီ ၂၅**

ဧရာဝတီတိုင်းဒေသကြီး ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ မြစ်ဝကျွန်းပေါ်ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးရန် ရောက်ရှိနေသော တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများ ပါဝင်သော တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့သည် ယနေ့တွင် မြောင်းမြမြို့နယ် တောင်ကလေးကျေးရွာနှင့် ပတ်ဝန်းကျင် ကျေးရွာများမှ ဒေသခံပြည်သူဦးရေ ၂၆၀ ကို ၎င်းကျေးရွာများရှိ ဗြဟ္မာဝိဟာရ ဘုန်းတော်ကြီးကျောင်း၌ အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၈၁ ဦး၊ ခွဲစိတ်ရောဂါ ၂၁ ဦး၊ သားဖွားမီးယပ်ရောဂါ ၂၆ ဦး၊ ကလေးရောဂါ ၂၃ ဦး၊ အရိုးရောဂါ ၃၂ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၂၅ ဦး၊ မျက်စိရောဂါ ၃၅ ဦးနှင့် သွားရောဂါ ၁၇ ဦးတို့ကို လိုအပ်သည့်ဆေးဝါးကုသမှုများဆောင်ရွက်ပေးသည်။ ထို့ပြင် အထွေထွေခွဲစိတ်လူနာ ရှစ်ဦးနှင့် မျက်စိခွဲစိတ်လူနာ ခုနစ်ဦးတို့ကို ခွဲစိတ်ကုသပေးခြင်းများနှင့် ဓာတ်မှန်ရိုက်လူနာ ခြောက်ဦး၊ တယ်လီဗေးရှင်း ဓာတ်မှန်ရိုက်လူနာ ၂၁ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၁၆ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၁၈ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

# မင်းပြားမြို့နယ်၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၂၅**

ရခိုင်ပြည်နယ် မင်းပြားမြို့နယ်အတွင်းရှိ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် ဒေသခံပြည်သူများကို ယနေ့တွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က မင်းပြားမြို့ရှိ ရာမောင်ခန်းမ၌ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက် ဆောင်ရွက်ပေးသည်။

တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူ စုစုပေါင်း ၈၇၇ ဦးတို့ကို မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ကလေးရောဂါ၊ ခွဲစိပ်ကုသမှုဆိုင်ရာရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးပြီး EGC စက်ဖြင့် ရောဂါရှာဖွေစမ်းသပ်ပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။



အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ရခိုင်ပြည်နယ် မင်းပြားမြို့နယ်အတွင်းရှိ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

# ကျိုက်ထီးရိုးဘုရားဖူးမြော်ရန်လာရောက်သည့် ဘုရားဖူးမော်တော်ယာဉ်ကို PDF အမည်ခံ အကြမ်းဖက်သမားများက ဗုံးပစ်လောင်ချာဖြင့် ဆင်ခြင်တုံတရားမဲ့စွာ ပစ်ခတ်မှုကြောင့် အပြစ်မဲ့ဘုရားဖူးပြည်သူ အမျိုးသား တစ်ဦး သေဆုံးပြီး ခုနစ်ဦး ထိခိုက်ဒဏ်ရာရရှိ

ကျိုက်ထိုမြို့နယ် မုပွလင်လမ်းဆုံအနီး၌ ဘုရားဖူးလာရောက်သည့် မော်တော်ယာဉ်အား အကြမ်းဖက်သမားများက ပစ်ခတ်ခဲ့သည့် နေရာပြပုံ။








အကြမ်းဖက်သမားများ၏ ပစ်ခတ်မှုကြောင့် ဘုရားဖူးမော်တော်ယာဉ်ပျက်စီးခဲ့မှု မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် ဇန်နဝါရီ ၂၅**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်အတွင်း NUG၊ CRPH လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများက ကျိုက်ထီးရိုး ဘုရားဖူးမြော်ရန်လာရောက်သည့် မော်တော်ယာဉ်ကို ဆင်ခြင်တုံတရားမဲ့စွာ ဗုံးပစ်လောင်ချာဖြင့် ပစ်ခတ်မှုကြောင့် အပြစ်မဲ့ ဘုရားဖူးပြည်သူ တစ်ဦး သေဆုံးပြီး ခုနစ်ဦး ဗုံးစထိမှန်ဒဏ်ရာ ရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မကွေးတိုင်းဒေသကြီး နတ်မောက်မြို့မှ ဦးသီဟမောင်မောင် မောင်းနှင်၍ ဘုရားဖူးခရီးသည် ၁၁ ဦး လိုက်ပါလာသည့် မော်တော်ယာဉ်သည် ယနေ့ နံနက် ၁၁ နာရီ မိနစ် ၄၀ ခန့်တွင် ကျိုက်ထိုမြို့နယ် မုပွလင်ကျေးရွာအနီး ရန်ကုန်-မော်လမြိုင် ကားလမ်းပေါ်ရှိ KP စက်သုံးဆီဆိုင်အနီးသို့ရောက်ရှိစဉ် NUG၊ CRPH လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများက ဗုံးပစ်လောင်ချာဖြင့် ဆင်ခြင်တုံတရားမဲ့စွာ ပစ်ခတ်ခဲ့ကြောင်း၊ ထိုသို့ပစ်ခတ်မှုကြောင့် မော်တော်ယာဉ်ကို ဗုံးသီးထိမှန်ခဲ့ကာ ယာဉ်ပေါ်တွင်လိုက်ပါလာသည့် အပြစ်မဲ့ဘုရားဖူးပြည်သူ အမျိုးသား တစ်ဦး သေဆုံးခဲ့ပြီး အမျိုးသား နှစ်ဦး၊ အမျိုးသမီး ငါးဦးတို့တွင် ဗုံးစထိမှန်ဒဏ်ရာများ ရရှိခဲ့ကြောင်း၊ အဆိုပါဒဏ်ရာရရှိခဲ့သူများကို လုံခြုံရေး တပ်ဖွဲ့ဝင်များက ကျိုက်ထိုမြို့ ပြည်သူ့ဆေးရုံကြီးသို့ပို့ဆောင်ပြီး လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အကြမ်းဖက်သမားများ အနေဖြင့် စစ်ရေးနှင့်မသက်ဆိုင်သော ဆေးရုံ၊ စာသင်ကျောင်း၊ လူနေအဆောက်အအုံများကို ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှုများ ပြုလုပ်လာသည့်အပြင် အများပြည်သူ ယုံကြည်ကိုးကွယ်ရာဖြစ်သော ဘာသာရေးဆိုင်ရာ ဘုရား၊ ကျောင်းကန်များထိ ယုတ်မာရိုင်းစိုင်းသည့် အကြမ်းဖက်လုပ်ရပ်များ ပြုလုပ်လာသည်ကို တွေ့ရှိရသည်။

အထက်ပါဖြစ်စဉ်မှ အကြမ်းဖက်မှုလုပ်ရပ်များကို ကျူးလွန်သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေးနှင့် နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ပြည်သူလူထုနှင့် ပူးပေါင်းလက်တွဲကာ လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

# KNDO တပ်ရင်း(၆)မှ အကြမ်းဖက်မှုကိုလိုလားသည့် အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ကော့ကရိတ်မြို့နယ် ကမ်းနီကျေးရွာရှိ နေအိမ် တစ်လုံးကို မီးရှို့ဖျက်ဆီး၊ ကျေးရွာအုပ်ချုပ်ရေးမှူးကို ဖမ်းဆီးခေါ်ဆောင်

**နေပြည်တော် ဇန်နဝါရီ ၂၅**

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ကမ်းနီကျေးရွာရှိ နေအိမ်တစ်လုံးကို KNDO တပ်ရင်း(၆)မှ အကြမ်းဖက်မှုကို လိုလားသည့်အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ဇန်နဝါရီ ၂၄ ရက်တွင် အကြောင်းမဲ့ လာရောက်မီးရှို့ဖျက်ဆီးပြီး ကျေးရွာအုပ်ချုပ်ရေးမှူးကို ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ KNDO တပ်ရင်း(၆)မှ အကြမ်းဖက်မှုကို လိုလားသည့်အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများသည် ဇန်နဝါရီ ၂၄ ရက် ညနေ ၅ နာရီ ၁၅ မိနစ်ခန့်တွင် ကော့ကရိတ်မြို့နယ် တံတားဦးကျေးရွာဘက်မှ ကမ်းနီကျေးရွာဘက်သို့ မော်တော်ယာဉ်နှစ်စီးဖြင့် ရောက်ရှိလာပြီး ကမ်းနီကျေးရွာရှိ လူနေအိမ် တစ်လုံးကို အကြောင်းမဲ့ မီးရှို့ဖျက်ဆီးကာ ကျေးရွာအုပ်ချုပ်ရေးမှူးအား ဖမ်းဆီးခေါ်ဆောင်၍ ကော့ကျိုက်ကျေးရွာဘက်သို့ ပြန်လည်ထွက်ခွာသွားခဲ့ကြောင်း၊ ထိုသို့ မီးရှို့ဖျက်ဆီးမှုကြောင့် ကျေးရွာအတွင်းရှိ နေအိမ်များကို မီးကူးစက်လောင်ကျွမ်းခဲ့ကြောင်း သိရသည်။

အလားတူ ဇန်နဝါရီ ၂၄ ရက် နံနက် ၃ နာရီခန့်တွင် အဆိုပါကျေးရွာရှိ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးကို KNDO တပ်ရင်း(၆)မှ အကြမ်းဖက်မှုကိုလိုလားသည့်အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက အကြောင်းမဲ့ လာရောက်မီးရှို့ဖျက်ဆီးသွားခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်များမှ အကြမ်းဖက်မှုလုပ်ရပ်များကို ကျူးလွန်သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေးနှင့် နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။



**ကော့ကရိတ်မြို့နယ် ကမ်းနီကျေးရွာရှိ နေအိမ် တစ်လုံးကို KNDO တပ်ရင်း(၆) နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးခဲ့သည့် မှတ်တမ်းဓာတ်ပုံ။**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇန်နဝါရီ ၂၅**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့ (၃)ရပ်ကွက်နေ နိုင်မိုးဦး(ခ) ဖက်တီး(ခ) ဝတုတ်သည် ၎င်းအသုံးပြုသည့် “Oo Naing Moe” Facebook အကောင့်၊ မွန်ပြည်နယ် ရေးမြို့နယ် ဘုရားသုံးဆူမြို့ အမှတ်(၃)ရပ်ကွက်နေ ဇာခြည်လဲ့သည် ၎င်းအသုံးပြုသည့် “Zar Chi Lae” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေး သတင်းထုတ်ပြန်အပ်ပါသည်။

# မက္ကဆီကိုကမ်းခြေဒေသများတွင် လေဆင်နှာမောင်းဝင်ရောက်တိုက်ခတ်ဖွယ်ရှိ



**မက္ကဆီကိုစီးတီး ဇန်နဝါရီ ၂၅**

မက္ကဆီကိုနိုင်ငံ မက္ကဆီကို ကမ်းခြေဒေသများတွင် လာမည့် ၄၈ နာရီအတွင်း လေဆင်နှာမောင်း ဝင်ရောက်တိုက်ခတ်ဖွယ် ရှိနေကြောင်း WLOX First Alert Weather Team က ထုတ်ပြန်ခဲ့သည်ဟု Wlox သတင်းဌာနက ဇန်နဝါရီ ၂၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

မက္ကဆီကို ကမ်းခြေဒေသများတွင် ဇန်နဝါရီ ၂၃ ရက်မှစ၍ လေတိုက်နှုန်းပြင်းထန်သဖြင့် မိုးရွာသွန်းမှုများလည်းဖြစ်ပေါ်နေပြီး အသေးစားမုန်တိုင်း ဝင်ရောက်နေသည့် အခြေအနေဖြင့် ရင်ဆိုင်နေရကာ လေဆင်နှာမောင်းဝင်ရောက်တော့မည့်လက္ခဏာများ မြင်တွေ့နေရကြောင်း WLOX First Alert Weather Team က သတိပေးချက်ထုတ်ပြန်ခဲ့သည်။

"လာမဲ့ ၄၈ နာရီအတွင်း မက္ကဆီကို ကမ်းခြေဒေသတွေမှာ လေဆင်နှာမောင်း ဝင်ရောက်လာဖွယ်ရှိပါတယ်။ လေဆင်နှာမောင်းဟာ တစ်နာရီ ၅၈ မိုင်နှုန်းနဲ့ တိုက်ခတ်လာနိုင်ပြီး အန္တရာယ်ရှိတဲ့အဆင့်ဖြစ်ပါတယ်။ လေဆင်နှာမောင်းရဲ့လှည့်အားကလဲ တော်တော်လေးကိုမြင့်နိုင်ပါတယ်။ လေဆင်နှာမောင်းဝင်ရောက်ဖွယ်ရှိနေတဲ့ဧရိယာတစ်လျှောက် မိုးသည်းထန်စွာရွာသွန်းမှုတွေ ဖြစ်ပေါ်နေပါတယ်။ ရေကြီးရေလျှံမှုတွေလဲဖြစ်ပေါ်လာနိုင်တဲ့ အခြေအနေမှာရှိပါတယ်။ လေဆင်နှာမောင်းဟာ မက္ကဆီကိုကမ်းခြေကို ဝင်ရောက်ပြီးရင် အမေရိကန်နိုင်ငံ မစ္စစ္စပီပြည်နယ်တောင်ဘက်ပိုင်းကို ဦးတည်သွားနိုင်ပါတယ်"ဟု WLOX First Alert Weather Team မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

လေဆင်နှာမောင်းသည် တစ်နာရီ ၅၈ မိုင်နှုန်းဖြင့် တိုက်ခတ်လာဖွယ်ရှိနေပြီး အန္တရာယ်ရှိသည့်အခြေအနေဖြစ်နေကြောင်း၊ လေဆင်နှာမောင်းအန္တရာယ်အဆင့်ကိုလည်း အဆင့်(၃)အဖြစ် သတ်မှတ်သွားဖွယ်ရှိနေကြောင်း၊ မိုးရွာသွန်းမှုဖြစ်ပေါ်လာနိုင်ပြီး မိုးရေချိန်လည်းမြင့်မားဖွယ်ရှိနေသည့်အတွက် ရေဘေးအန္တရာယ်ကြိုတင် ပြင်ဆင်မှုများလည်း ပြုလုပ်သွားရဖွယ်ရှိနေကြောင်း သိရသည်။ **နိုင်းဆက်**

# နိုင်ဂျီးရီးယားနိုင်ငံမှ တောင်သူများထံ အထွက်နှုန်းကောင်းပြီး မိုးခေါင်ရေရှားမှုဒဏ်ခံ ပြောင်းဖူးမျိုးစိတ်သစ်ကို ဖြန့်ဝေမည်

**အဘူဂျာ ဇန်နဝါရီ ၂၅**

နိုင်ဂျီးရီးယားနိုင်ငံ အမျိုးသား ဇီဝဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီက ၎င်းတို့ သုတေသနပြုထုတ်လုပ်ထားသော အထွက်နှုန်းကောင်းပြီး မိုးခေါင်ရေရှားမှုဒဏ် ခံနိုင်သော ပြောင်းဖူးမျိုးစိတ်သစ် တစ်မျိုးကို တောင်သူများထံ မကြာမီဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း အေဂျင်စီတာဝန်ရှိသူများက ဇန်နဝါရီ ၂၃ ရက်တွင် ပြောကြားခဲ့သည်ဟု Leadership News သတင်းဌာနက ဇန်နဝါရီ ၂၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အမျိုးသားဇီဝဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီက နိုင်ဂျီးရီးယားနိုင်ငံ အဘူဂျာမြို့တွင် ဇန်နဝါရီ ၂၀ ရက်က ကျင်းပခဲ့သော သိပ္ပံနှင့် နည်းပညာဆန်းသစ်ပြောင်းလဲရေးပြပွဲ (Science Technology and Innovation Expo 2023) တွင် ၎င်းတို့၏ ပြောင်းမျိုးစိတ်သစ်နှင့်ပတ်သက်၍ ထုတ်ဖော်ကြေညာခဲ့ပြီး အဆိုပါ ပြောင်းမျိုးစိတ်သစ်ကို တောင်သူများထံ ဖြန့်ဝေပေးနိုင်ရန် အေဂျင်စီ၏ ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ အဗွဒူလာဟီမူစတာဖာက ပြောကြားခဲ့သည်။

ရက်အနည်းငယ်အတွင်း ထွက်ရှိတော့မည့် ပြောင်းမျိုးစိတ်သစ်သည် အထွက်နှုန်းကောင်းပြီး အင်းဆက်ပိုးမွှားဒဏ် ခံနိုင်သည့်အပြင် မိုးခေါင်ရေရှားမှုဒဏ်ကို ကောင်းစွာခံနိုင်သောကြောင့် တောင်သူများအတွက် အသင့်လျော်ဆုံးမျိုးစိတ်တစ်ခုဖြစ်ကြောင်း၊ နိုင်ဂျီးရီးယားနိုင်ငံ ကောက်ပဲသီးနှံထုတ်လုပ်ရေးနှင့်ပတ်သက်၍လည်း အေဂျင်စီအနေဖြင့် အခြားအဖွဲ့အစည်းများနှင့်ပူးပေါင်းကာ ကောက်ပဲသီးနှံစီးပွားဖြစ်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း မူစတာဖာက ပြောကြားခဲ့သည်။

အထွက်နှုန်းကောင်းသည့်အပြင် ပိုးမွှားကျရောက်မှုကို ခံနိုင်ရည်ရှိသဖြင့် ပိုးမွှားထိန်းချုပ်ရေးအတွက် ဓာတုဆေးဝါးများဝယ်ယူရန် စရိတ်စကလည်း သက်သာသောကြောင့် လယ်သမားများအနေဖြင့် သုတေသနလုပ်ငန်းများနှင့် စီးပွားဖြစ်ပိုမိုပူးပေါင်း ဆောင်ရွက်ကြရန်နှင့် ရင်းနှီးမြှုပ်နှံကြရန် မူစတာဖာက တိုက်တွန်းထားကြောင်း သိရသည်။


AZH

# ဂျပန်နိုင်ငံတွင် လေဖိအားနည်းရပ်ဝန်းကြောင့် လေပြင်းတိုက်ခတ်ခြင်းနှင့် မုန်တိုင်းများဖြစ်ပေါ်လာနိုင်

**တိုကျို ဇန်နဝါရီ ၂၅**

ဂျပန်နိုင်ငံတွင် ဂျပန်ပင်လယ်နှင့်ဆက်စပ်လျက်ရှိသော ပစိဖိတ်သမုဒ္ဒရာဘက်မှ ဆောင်းရာသီ လေဖိအားနည်း ရပ်ဝန်းတစ်ခုကြောင့် ယနေ့မှ ဇန်နဝါရီ ၂၆ ရက်ထိ လေပြင်းတိုက်ခတ်ခြင်းနှင့် မုန်တိုင်းများ ဖြစ်ပေါ်လာနိုင်ဖွယ်ရှိနေကြောင်း နိုင်ငံပိုင် မိုးလေဝသအေဂျင်စီက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်ဟု The Japan Times သတင်းဌာနက ရေးသားဖော်ပြထားသည်။

လေဖိအားနည်းရပ်ဝန်းသည် ဟော့ကိုင်းဒိုးကျွန်းအနီး ပင်လယ်ပြင်ဘက်သို့ ဆက်လက်ရွေ့လျားလျက်ရှိပြီး ဂျပန်နိုင်ငံအရှေ့ဘက်ရှိ ကူရိုင်းကျွန်းစုများအနီး ပင်လယ်ပြင်သို့ ဆက်လက်ရွေ့လျားနိုင်ဖွယ် ရှိကာ အလွန်အအေးပိုလာနိုင်ကြောင်း မိုးလေဝသအေဂျင်စီက ဖော်ပြထားသည်။



ယနေ့မှစ၍ ၂၄ နာရီအတွင်း ဟိုကူရီကူဒေသ၊ တိုဟိုကူဒေသ၊ ကန်တို-ကိုရှင်ဒေသနှင့် ချူဂိုကူဒေသတို့တွင် နှင်းများထူထပ်စွာကျဆင်းနေကြောင်း၊ ဟိုကူရိကူ၊ ကင်ကီ၊ ရှီကိုကူးနှင့် အိုကီနာဝါဒေသတို့တွင် တစ်နာရီ လေတိုက်နှုန်း ၈၂ ကီလိုမီတာနှင့် ကန်တို-ကိုရှင်ဒေသတွင် တစ်နာရီ လေတိုက်နှုန်း ၇၂ ကီလိုမီတာထိ တိုက်ခတ်နိုင်ကြောင်း သိရသည်။

အဆိုပါဒေသရှိ ပြည်သူများအနေဖြင့် မလိုအပ်ဘဲအပြင်မထွက်ရန်နှင့် ယာဉ်ကြောပိတ်ဆို့မှုနှင့် ယာဉ်မတော်တဆမှုများ ဖြစ်ပွားနိုင်ခြင်းကြောင့် မိုးလေဝသသတင်းများကို ဂရုပြုနားထောင်ကြရန် မိုးလေဝသဌာနက တိုက်တွန်းထားကြောင်း သိရသည်။

AZH

# နယ်သာလန်နိုင်ငံတွင် ထိန်းချုပ်ရခက်သည့် တောမီးလောင်ကျွမ်းမှုနှုန်း မြင့်တက်လာဖွယ်ရှိ

**အမ်စတာဒမ် ဇန်နဝါရီ ၂၅**

နယ်သာလန်နိုင်ငံတွင် မိုးခေါင်ရေရှားသည့်ပြဿနာကြောင့် အပူချိန်မြင့်တက်မှုဖြစ်ပေါ်နေပြီး အပူချိန်မြင့်တက်မှုနှင့် ဆက်စပ်ကာ ထိန်းချုပ်ရခက်သည့် တောမီးလောင်ကျွမ်းမှုဖြစ်ပွားနှုန်း မြင့်တက်လာဖွယ်ရှိနေကြောင်း နယ်သာလန်အခြေစိုက် Institute of Public Safety (NIPV) က ဇန်နဝါရီ ၂၄ ရက်တွင် ထုတ်ပြန်ခဲ့သည်ဟု NL Times သတင်းဌာနက ဇန်နဝါရီ ၂၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

နယ်သာလန်နိုင်ငံတွင် ၂၀၂၃ ခုနှစ်အတွင်း အဓိကရင်ဆိုင်ရဖွယ်ရှိနေသည့် သဘာဝဘေးအန္တရာယ်မှာ တောမီးလောင်ကျွမ်းမှုပြဿနာဖြစ်သည့်အတွက် အာဏာပိုင်အဖွဲ့အစည်းအနေဖြင့် ကြိုတင်ပြင်ဆင်မှုများပြုလုပ်ထားရန် လိုအပ်နေကြောင်း၊ မီးသတ်ဦးစီးဌာနများကလည်း တောမီးအန္တရာယ်ကိုတုံ့ပြန်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများပြုလုပ်ထားသင့်ကြောင်း Institute of Public Safety (NIPV) က ထုတ်ပြန်ခဲ့သည်။

"၂၀၂၃ ခုနှစ်အတွင်း နယ်သာလန်နိုင်ငံက အဓိကရင်ဆိုင်ရမဲ့ သဘာဝဘေးအန္တရာယ်ဟာ ထိန်းချုပ်ရခက်တဲ့ တောမီးလောင်ကျွမ်းမှု ဆက်တိုက်ဖြစ်လာနိုင်တယ်။ တောမီးလောင်ကျွမ်းမှုဖြစ်ပြီဆိုရင် လူမှုအဖွဲ့အစည်းတွေရဲ့ နေထိုင်ရေး၊ ကျန်းမာရေးကဏ္ဍနဲ့ စီးပွားရေးကဏ္ဍတွေမှာ အခက်အခဲတွေရှိလာနိုင်တယ်။ ဒ့ါပြင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းတွေကိုလဲ ထိခိုက်လာနိုင်ပါတယ်။ ဆိုးကျိုးသက်ရောက်မှုတွေများတဲ့အတွက် တောမီးလောင်ကျွမ်းမှုမဖြစ်ပေါ်စေဖို့ ကြိုတင်ပြင်ဆင်မှုတွေ ဆောင်ရွက်ထားရှိဖို့လိုအပ်တယ်။ အပူချိန်မြင့်တက်မှုကိုလျှော့ချနိုင်ရင် ဒီပြဿနာကို အကောင်းဆုံးဖြေရှင်းနိုင်မှာပါ"ဟု Institute of Public Safety (NIPV) မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

**နိုင်းဆက်**

# ပေါ်တူဂီနိုင်ငံသို့ပေးဆပ်ရမည့်ကြွေးမြီများကို ကိပ်ဗာဒီကျွန်း၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေးရန်ပုံငွေအဖြစ် ပြောင်းလဲသတ်မှတ်မည်

**လစ္စဘွန်း ဇန်နဝါရီ ၂၅**

ကိပ်ဗာဒီကျွန်းနိုင်ငံမှ ပေါ်တူဂီနိုင်ငံသို့ပေးဆပ်ရမည့် ကြွေးမြီများကို ကိပ်ဗာဒီကျွန်းနိုင်ငံ၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းနှင့် ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေးဆိုင်ရာရန်ပုံငွေအဖြစ် ပြောင်းလဲ သတ်မှတ်ပေးသွားမည်ဖြစ်ကြောင်း ပေါ်တူဂီနိုင်ငံက အတည်ပြုပြောကြားခဲ့သည်ဟု Gulf News သတင်းဌာနက ဇန်နဝါရီ ၂၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ပေါ်တူဂီ အာဏာပိုင်အဖွဲ့အစည်းနှင့် ကိပ်ဗာဒီကျွန်းအာဏာပိုင်အဖွဲ့အစည်းတို့ကြား ဇန်နဝါရီ ၂၃ ရက်က ကြွေးမြီကိစ္စနှင့်ပတ်သက်၍ ကိပ်ဗာဒီကျွန်းတွင် ဆွေးနွေးမှုတစ်ရပ် ပြုလုပ်ခဲ့ရာ ဆွေးနွေးညှိနှိုင်းမှုအပြီး ပေါ်တူဂီဝန်ကြီးချုပ် အန်တိုနီယိုကော်စတာက ထိုသို့ ပြောကြားခဲ့သည်။

ကိပ်ဗာဒီကျွန်းနိုင်ငံတွင် ရာသီဥတုပြောင်းလဲမှုကြောင့် ပင်လယ်ရေမြင့်တက်မှုဖြင့်ရင်ဆိုင်ရပြီး ဇီဝမျိုးစုံမျိုးကွဲများ ယိုယွင်းပျက်စီးလာကာ ရာသီဥတုပြောင်းလဲမှုပြဿနာကို ဖြေရှင်းနိုင်ရန် လိုအပ်နေကြောင်း၊ ထို့ပြင် စွမ်းအင်ကဏ္ဍပြုပြင်ပြောင်းလဲရေးလုပ်ငန်းများလည်း ဆောင်ရွက်သွားရန်လိုအပ်နေပြီး ဘဏ္ဍာရေးလိုအပ်ချက်များရှိနေသဖြင့် ပေါ်တူဂီဝန်ကြီးချုပ် အန်တိုနီယိုကော်စတာက ကိပ်ဗာဒီကျွန်းနိုင်ငံမှရရှိမည့်ကြွေးမြီများကို သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာရန်ပုံငွေအဖြစ် ပြောင်းလဲ သတ်မှတ်ပေးမည်ဖြစ်ပြီး ကနဦးအနေဖြင့် ကြွေးမြီယူရိုသန်း ၁၄၀ မှ ၁၂ သန်းကို ရန်ပုံငွေအဖြစ် ပြောင်းလဲသတ်မှတ်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါကြွေးမြီများအားလုံးကို တစ်နှစ်ချင်းစီအလိုက် ပမာဏသတ်မှတ်ကာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာရန်ပုံငွေအဖြစ် ပြောင်းလဲသတ်မှတ်ပေးမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

**နိုင်းဆက်**

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

0w Kw M @

# မိဘအရိပ်

စိုးစိုး



(၁)

"ဖြစ်ပြီးမှတော့ ဘယ်တတ်နိုင်မလဲရှင်။ သူတို့ဘက်က တင့်တင့်တယ်တယ်လုပ်ပေးပါ့မယ်ပြောနေပြီပဲ"

"ငါကြားတာက သမီးကြီးကို တက္ကသိုလ်ဆက်မတက်ပါဘူးဆိုမှ မင်္ဂလာဆောင်ပေးမယ်ပြောနေတယ်တဲ့ကွ။ အဲဒီလိုတော့ အဖြစ်မခံနိုင်ဘူးကွာ"

"ရှင့်ကို ဘယ်သူပြောလိုက်တာလဲ။ အဲဒီလိုဆိုရင်တော့ ကျွန်မလဲလက်မခံနိုင်ဘူး။ သူတို့က ကြားလူနဲ့သာကျွန်မတို့ဆီ မင်္ဂလာကိစ္စစကားပါးနေကြတာ။ သူတို့ကိုယ်တိုင် အခုထိလာမပြောကြသေးဘူး။ အို. . . ကြာပါတယ်ရှင်။ မိန်းကလေးရှင်ဖြစ်နေလဲ ကျွန်မတော့ ညနေ သူတို့အိမ်သွားလိုက်မယ်။ အကျိုးအကြောင်းပြောရမှာပဲ။ သမီးကြီးကလဲ အမေ့အိမ်ကို ခဏလေးတောင် မလာဘူး"

"ဟူး. . . အေးကွာ။ ငါတောင်မှ လိုက်ခဲ့ချင်သေး။ မကောင်းတတ်ပါဘူးကွာ။ မင်းသာ သွားလိုက်ပါ။ စကားတော့ ထိန်းထိန်းသိမ်းသိမ်းပြောနော်"

"ဟုတ်ကဲ့ပါရှင်"

ကျွန်တော့်ရင်တွင်းတွင် သမီးကြီးအပေါ် အားကိုးထားခြင်းတို့က နှမြောတသဖြစ်ကာ ဆုံးရှုံးရပါပြီ။

"မောင်ရင်ရေ မင်းသမီးကြီးကို အားတဲ့အချိန်လေး ငါ့ဆိုင်လွှတ်ပေးပါဟယ်။ စာရင်းလေးလုပ်ကူခိုင်းချင်တာ။ မုန့်ဖိုးလဲမနည်းစေရဘူး ပေးမယ်"

ရင်းနှီးသောဒေါ်မြတ်စုက လမ်းလေးဆုံတွင်ဖွင့်ထားသော သူ့ကုန်စုံဆိုင်သို့ သမီးကြီးအားအလုပ်ကူရန်ခေါ်ခြင်းကို ကျွန်တော်ခွင့်ပြုပေးခဲ့ခြင်းက မှားခဲ့ခြင်းပင်။ ဆယ်တန်းအောင်ပြီးသည်နှင့် သမီးကြီးကိုသူတို့ဆိုင်တွင် အလုပ်လုပ်စေခဲ့သည်။ သမီးကြီး ၁၈ နှစ်ပြည့်သည်နှင့် ကျွန်တော်တို့ဌာနကတိုင်းရုံးတွင်လုပ်သားရုံးအကူအဖြစ် အလုပ်သွင်းပေးလိုက်သည်။ ၁၈ နှစ်ပြည့်ပြီးစ သမီးကြီးသည် ဖူးပွင့်လာသည့်ပန်းကလေးနှယ် အလှသွေးကြွယ်လှသည်။ သူ့အမေကလည်း သမီးကြီး အဝေးသင်တက္ကသိုလ်တက်လျှင်မျက်နှာမငယ်ရစေရန် ချွေတာစားသောက်ပြီး အဝတ်အစားသစ်များဝယ်ပေးနိုင်ရေး လုံးပန်းနေရှာသည်။ သားသမီးငါးယောက်နှင့် ကျွန်တော့်လစာမလောက်ငပါ။ ဇနီးမကျော့ကလည်း သူ့ရွာက ဂျပ်ခုတ်စောင်များ၊ ချည်ထည်များကို ဖောက်သည်ဈေးနှင့်ယူကာ ဝန်ထမ်းမိသားစုများကို လဆိုင်းအကြွေးစနစ်ဖြင့် ရောင်းချသည်။ သမီးကြီးကို အလုပ်သွင်းပေးပြီး၍ ကျွန်တော်နှင့်သမီးကြီး လစာနှစ်ခုဖြစ်လာတော့ ဝင်ငွေတိုးလာကာ အသက်ရှူချောင်ပြီဟု တွေးထားခဲ့သရွေ့ ရေစုန်မျောပါပြီ။ သမီးကြီးအလုပ်ဝင်ပြီး နှစ်လသာရှိသေး၏။

ဒေါ်မြတ်စုသားအကြီးနှင့် ခိုးရာလိုက်သွားသည်။ ကောင်လေးက ဆယ်တန်းမအောင်သော်လည်း စီးပွားရေးတော့လာဘ်မြင်၏။ သမီးကြီးထက် ဆယ်နှစ်ခန့်ကြီးသည်။ ဒေါ်မြတ်စုတို့မိသားစုကများသည်။ ကုန်စုံဆိုင်ကြီးဖွင့်ကာ စီးပွားရေးကလွဲပြီး လူမှုရေးမရှိတစ်ယူသန်ဆန်ကြသူများပင်။ ယခုတွင် သမီးကြီးကို ခိုးသွားသည်မှာ ဆယ်ရက်ပြည့်ပြီဖြစ်သော်လည်း လာမအပ်ကြသေးပေ။ ကြားလူစကားများအရ နောက်လ သမီးကြီးကို အဝေးသင်တက္ကသိုလ်မတက်ရဟုတားမြစ်နေကြကြောင်း ကြားသိရသည်။ ကျွန်တော်သာရှစ်တန်းအောင်နှင့် လုပ်သားဘဝဖြစ်ခဲ့ရသော်လည်း သားသမီးများကိုတော့ ဘွဲ့ရရာထူးကြီးဘဝများဖြစ်စေချင်သည်။ မကျော့ သူတို့အိမ်သွား၍ သမီးကြီးအတွက် စကားဆိုရာတွင် အဆင်ပြေရန် ကျွန်တော်ဆုတောင်းနေမိသည်။

(၂)

မကျော့တစ်ယောက် ဒေါ်မြတ်စုအိမ်သို့သွားသည်မှာ နှစ်နာရီကြာပြီ။ သည်မိန်းမ လေကြောရှည်နေသည်လား။ လိုရင်းတိုရှင်းထိထိမိမိမပြောတတ်သည်လား။ ကျွန်တော် စိတ်မရှည်နိုင်တော့။ ဝရန်တာတွင်ထိုင်နေရင်း မကျော့ကိုမျှော်နေမိသည်။ ကျွန်တော်တို့နေထိုင်သည်မှာ ငါးခန်းတွဲဝန်ထမ်းလိုင်းခန်းများ မျက်နှာချင်းဆိုင်ဖြစ်၍ ဝန်ထမ်းမိသားစုဆယ်စု။ ဘယ်အခန်းက မိသားစုဘာဖြစ်သည်ဆိုသည်ကို ချက်ချင်းသိကြသူများ။ စိတ်ရင်းစေတနာကောင်းကြသော်လည်း စပ်စုကြသည်မှာ အလေ့အထဖြစ်နေ၏။

"ဟော့ကောင် မောင်ရင် မင်းသမီးက သူဌေးချွေးမဖြစ်ပြီဆို။ ဟန်ကျတာပေါ့ကွာ။ လစာလေးချွေတာသုံးရတဲ့ ဝန်ထမ်းဘဝက လွတ်ပြီပေါ့"

ကျွန်တော့်မှာ အိမ်ခန်းကပ်လျက်နေသော ကိုတင်သန်းစကားကြောင့် ရင်တွေပိုပူလာ၏။ သမီးကြီးကို ဘွဲ့ရပြီး ရာထူးကြီးကြီးနှင့် တင့်တယ်စေချင်သော ကျွန်တော့်ဆန္ဒကို ရေစုန်မျောမခံနိုင်ပါ။ နေဝင်မိုးချုပ်မှ မကျော့ပြန်ရောက်လာသည်။

"ဗိုက်ဆာလိုက်တာ ကိုရင်ရယ်"

ထမင်းဆာလျှင် အသားတုန်တတ်သောမကျော့ကို ကျွန်တော်မစာနာအား။

"အကျိုးအကြောင်းအရင်ပြောပါဟာ။ ပြီးမှထမင်းစား"

"အိုတော် ထမင်းစားရင်းပြောပါ့မယ်"

မကျော့က မီးဖိုချောင်ဝင်၊ ထမင်းပွဲပြင် သားလတ်နှင့် သမီးငယ်သုံးယောက်လည်း စာကျက်နေကြရာမှ ထမင်းပန်းကန်များသယ်ကူချကြ၏။ မိသားစုထမင်းစားပွဲဝိုင်းကြီးတွင် သမီးကြီးနေရာလစ်ဟာနေတော့ ကျွန်တော်မျက်ရည်ဝဲမိ၏။ ခေါင်းမဖော်အောင်မကျော့ထမင်းစားနေသည်ကို ကျွန်တော်ငေးကြည့်နေမိသည်။

"ကိုရင်စားလေ။ ဘာမှစိတ်မပူနဲ့။ ကျွန်မသေချာပြောခဲ့ပါတယ်။ သန်ဘက်ခါ သမီးကြီးကို လာအပ်ကြလိမ့်မယ်"

"မမကို ဘယ်မှာမင်္ဂလာဆောင်ပေးမှာတဲ့လဲအမေ"

"သူတို့အိမ်ရှေ့မှာ ညနေဆည်းဆာတဲ့သားရေ"

"ဟင်"ဆိုသော စကားလုံးကို ကျွန်တော်ရေခွေးနှင့်သာမျောချလိုက်သည်။ ထမင်းစားပြီးမှ ရေနွေးသောက်ရင်း မကျော့က စကားစလာသည်။

"ကိုရင်ရယ် ကျွန်မလဲ ကိုယ့်သမီးကြီးကို ခန်းမကြီးမှာ ရှယ်မင်္ဂလာပွဲလုပ်ပေးစေချင်တာပေါ့တော်။ ဒေါ်မြတ်စုကပြောတယ် မင်္ဂလာပွဲကုန်ကျမဲ့ငွေကို ချွေတာပြီး အဲဒီကုန်ကျမဲ့ငွေနဲ့ သမီးကြီးကို ရွှေတွေဆင်မှာတဲ့။ ကျွန်မသမီးကြီးကို ရွှေတွေဝတ်စေချင်တယ်လေ။ ညနေဆည်းဆာညှိခံပွဲလဲကောင်းပါတယ်"

"အဲဒါက ထားပါဟာ။ ငါ့သမီးကို တက္ကသိုလ်ပေးမတက်ဘူးဆိုတာ ဟုတ်သလား"

"အမယ်။ သမီးကြီးက အဝေးသင်တက်မလို့ဖောင်တင်ပြီးပြီတဲ့တော့"

မကျော့အပြောကြောင့် ကျွန်တော်စိတ်အေးရပါပြီ။

(၃)

လူကြီးစုံရာနှင့် သမီးကြီးကို လာအပ်ကြသည်။ မင်္ဂလာကိစ္စဆွေးနွေးကြတော့လည်း သူတို့သဘောသာ။ ကျွန်တော်တို့လင်မယားက ဘာမှတောင်းဆိုခြင်းမရှိ။ သမီးကြီးဘဝလေး တိုးတက်မြင့်မားအဆင်ပြေရန်သာ မျှော်လင့်သည်။

"သမီးကြီးရုံးပိတ်ရက်လေးတော့ အိမ်လာပါအုံးအေ"

"လာပါ့မယ်အမေ။ သိပ်တော့မမျှော်နဲ့နော်။ သမီးက ရုံးပိတ်ရက်ဆိုရင် ဆိုင်ကစာရင်းတွေလုပ်ရသေးတယ်။ နောက်လတွေဆို အဝေးသင်အပတ်စဉ်သွားတက်ရမှာနဲ့ မအားတော့ဘူးရယ်"

"အေးပါသမီးရယ်။ အလိမ္မာလေးနဲ့နေနော်"

သမီးကြီးက သိပ်လိမ္မာသည်။ ယောက်ျားကိုချစ်သလို ယောက္ခမအလိုကျသာနေသည်။ တစ်လနေလို့ အိမ်သို့တစ်ခေါက်မလာပါ။ မကျော့မှာ သမီးကြီးကိုတွေ့ချင်၍ သူတို့ကုန်စုံဆိုင်သို့ ဈေးဝယ်သွားသည်မှာ မကြာခဏ။ မကျော့ဈေးဝယ်ပြန်လာတိုင်း သမီးကြီးနေမှုထိုင်မှုကို သတင်းမေးရသည်က ကျွန်တော်။

"အဟင်း ဟင်း။ သတင်းကောင်းကိုရင်ရေ။ ကျွန်မတို့မြေးဦးလေးရတော့မယ်"

ကျွန်တော့်ရင်ထဲလှုပ်ခတ်သွားသည်။ သမီးကြီးကလေးယူသည်မှာ စောသေးသည်ဟု ခံစားမိသည်။ သို့သော်လည်း ဘာတတ်နိုင်မည်နည်း။

"အေးကွာ။ ရုံးတစ်ဖက်၊ ကျောင်းတစ်ဖက်နဲ့ ငါ့သမီးကြီး ပင်ပန်းရှာတော့မယ်"

"ကျွန်မလဲတွေးမိနေတယ်။ သမီးကြီး ကိုယ်ဝန်လရင့်လာရင်တော့ အိမ်မှာခေါ်ထားမလားလို့။ ဟိုအိမ်မှာ ပင်ပန်းမယ်ထင်တယ်။ ဒီနေ့ ကျွန်မဈေးဝယ်သွားတော့ သမီးမှာ ရုံးယူနီဖောင်းတောင်မလဲနိုင်ဘူး ဆိုင်စာရင်းတွေလုပ်နေရတယ်"

"အင်းလေ မိဘအိမ်မှာလို ရုံးကပြန်ရောက်တာနဲ့ အဝတ်အစားလေးလဲပြီး ဝတ္ထုစာအုပ်ဖတ်ချိန်မရတော့ဘူးပေါ့"

"ဒါပေမဲ့တော်။ ကျွန်မသမီးကြီးက ရွှေတွေဝတ်ထားတာများ ကြည့်လို့လှချက်။ အမေ့အတွက်တဲ့ ကော်ဖီနဲ့မုန့်ကြွပ်ထုပ်ပေးလိုက်တယ်နော်"

"အေးပါကွာ။ ငါတို့ကို မုန့်တွေပေးလိုက်တိုင်းလဲ ယူမလာပါနဲ့။ သူ့ယောက္ခမတွေပြုံမြင်မစိုးလို့ပါ"

မြေးဦးလေးရတော့မည်ဆို၍ ကျွန်တော်ကြည်နူးမိသည်ကအမှန်ပါ။

(၄)

"အမယ်လေး သမီးကြီးမှာ ဗိုက်ကလေးမပြီး ဆိုင်အလုပ်တွေကူနေရတယ်။ ကျွန်မက မွေးခါနီးနေလို့ အိမ်မှာခဏခေါ်ထားမယ်ပြောတာကို စိတ်ဆိုးကြတယ် ကိုရင်ရေ။ သူတို့ဗိုက်ဆံတတ်နိုင်တယ်။ အိုဂျီနဲ့ဗိုက်အပ်ပေးထားတယ်။ ဘာမှမပူနဲ့တဲ့ ပြောလွှတ်လိုက်တယ်။ မပူပဲနေမလားတော်။ သမီးကြီးက ငယ်သေးတာကိုး"

"အေးကွာ။ တို့တွေက ဆိုင်သာဆိုင်တာ မပိုင်ကြတော့ဘူးလေ"

သမီးကြီးကိုယ်ဝန်လရင့်လာ၍ အိမ်မှာခေါ်ထားချင်လည်းမရခဲ့ပါ။ မကျော့ကတော့ သမီးကြီးခံတွင်းတွေ့ရန် ဟင်းလျာများချက်ပြုတ်ပြီးသွားပို့ရသည်မှာ မမောနိုင်မပန်းနိုင်။ သမီးကြီးသားဦးလေးမွေးတော့ မကျော့သာမီးနေစောင့်၊ ဆေးခန်းစောင့်။ ဆေးရုံသို့ မြေးဦးလေးကို ကျွန်တော်သွားကြည့်တော့ သားနှင့်သမီးသုံးယောက်ပါခေါ်သွားသည်။ ဒေါ်မြတ်စုက သားအဖတစ်တွေရယ်ကာမောကာ စကားပြောကြခြင်းကို မကြိုက်သည့်အမူအရာ။ ကျွန်တော့်စိတ်ထဲတွင် သမီးကြီးကို သူတို့ချုပ်ကိုင်အပိုင်စီးထားပြီဟူသော အသိကြောင့် ရင်နင့်ကြေကွဲမိသည်။

(၅)

"အမေ၊ အမေ"

"ဟင် သမီးကြီး"

ညစာမိသားစုထမင်းစားနေကြတုန်း အနှီးထုပ်ဖြူဖြူလေးနှင့် မြေးလေးကိုပွေ့ကာ ရုတ်တရက်ရောက်လာသော သမီးကြီး။

"လာလေသမီးကြီး။ ဘာဖြစ်လာတာလဲ"

ကျွန်တော်ထိတ်ထိတ်ပျာပျာဖြစ်သွားသလို မကျော့လည်း လက်ဆေးကာ သမီးကြီးကို ဆီးခေါ်သည်။ အငယ်လေးယောက်က သူတို့မမကို ငေးကြည့်နေကြ၏။

"သမီး သူတို့အိမ်က ဆင်းလာတာ အဟင့် ဟင့်"

"အို. . . ငါ့သမီးကို ဘာလုပ်သလဲ။ ဘာဖြစ်လို့လဲ။ ရိုက်နှက်လိုက်သေးလား။ မိကျော့က ကိုယ့်သမီးထိရင် မခံဘူးဟေ့"

အကျီလက်မောင်းပင့်တင်ကာ သမီးဇောနှင့် ကြိမ်းဝါးသည့် မကျော့ဟန်ပန်က အားမာန်အပြည့်။

စာမျက်နှာ ၂၅သို့ ➤

# မင်းပြားမြို့နယ် ဇင်ယော်မော်ကျေးရွာ၌ လက်တူးတွင်းတူးဖော်ခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး



**မင်းပြား ဇန်နဝါရီ ၂၅**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မင်းပြားမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဇင်ယော်မော်ကျေးရွာ၌ လက်တူးတွင်းတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဇန်နဝါရီ ၂၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းပြားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သိန်းနှင့် မြို့နယ်တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာရေကော်မတီဝင်များနှင့်အတူ ဇင်ယော်မော်ကျေးရွာ၌ လက်တူးတွင်းတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို တန်ဖိုးထားထိန်းသိမ်းရန်မှာကြားခဲ့သည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် မင်းပြားမြို့နယ်အတွင်း ဇင်ယော်မော်ကျေးရွာ၌ အကျယ် ခြောက်ပေ၊ အနက် ၂၅ ပေ လက်တူးတွင်းတူးဖော်ခြင်းလုပ်ငန်းကို ပြည်နယ်အစိုးရခွင့်ပြုရန်ပုံငွေကျပ် ၇ ဒသမ ၅ သန်းဖြင့် Winner Star ကုမ္ပဏီကတာဝန်ယူ၍ ဩဂုတ် ၂၀ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်၍ ကျေးရွာရှိ အိမ်ခြေ ၁၆၆ အိမ်၊ လူ ၈၆၈ ဦးနှင့် ကျွဲ၊ နွားတိရစ္ဆာန်တို့အတွက် သန့်ရှင်းသော သောက်သုံးရေဖူလုံစွာရရှိမည်ဖြစ်ကြောင်း မင်းပြားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သိန်းက ပြောပြ၍ သိရသည်။

**ကိုသန်း**

➤ စာမျက်နှာ ၂၄မှအဆက်

"နေစမ်းပါအုံးမကျော့ရယ်။ ထိုင် သမီးကြီး။ ဘာဖြစ်ခဲ့လဲ ဖြည်းဖြည်းပြောပြ။ ဟော့ အငယ်မ မမကို ရေခပ်တိုက်စမ်း"

မကျော့က မြေးလေးကိုပွေ့၊ ကျွန်တော်က သမီးကြီးမျက်ရည်တွေ သုတ်ပေး၊ အငယ်လေးတွေက သူတို့မမကိုငေး။ အရေးကြီးသွေးနီးနေကြသော မိသားစုလေး။

"သမီးကို ကိုကြီးက အလုပ်ထွက်ခိုင်းတယ်အဖေ။ လစာလေးတစ်ပဲခြောက်ပြားနဲ့ မလုပ်နဲ့တော့တဲ့။ သမီးက မထွက်နိုင်ဘူးပြောလို့ အမေမြတ်ကတော မစုနိုင်တို့ကပါ ဝိုင်းပြောလိုက်ကြတာ"

"ဟာ ဒါတော့လွန်တာပေါ့"

"အလွန်ဆုံးစကားက စာရေးသေအမွေမရဘူးတဲ့။ အငယ်တန်းစာရေးက ဘာဂုဏ်ရှိလို့လဲတဲ့။ နင့်အဖေဝန်ထမ်းလုပ်သားမလို့ နင်တို့ပြာပုံဝပ်တဲ့ခွေးတွေလို ပြောင်ရောင်သလားတဲ့။ အီး ဟီး ဟီး"

"ဟာ ဒီလောက်တောင်စော်ကားသလား သမီးရယ်"

ကျွန်တော် သိပ်ကိုတွယ်တာမြတ်နိုးသောဝန်ထမ်းဘဝကို ပြောရက်လှသည်။ မရှိမာနများ ဟုန်းဟုန်းတောက်လောင်လာပြီ။

"တွေ့မယ်။ ငါနဲ့တွေ့မယ်"

"အယ့် ကိုရင် ဘယ်လဲနေအုံး"

"ဟေ့ကောင် မောင်ရင်။ လာစမ်း ထိုင်စမ်းကွာ။ စိတ်လိုက်မာန်ပါတွေ မလုပ်ရဘူးကွ"

ကျွန်တော် လှေကားမှအဆင်း တစ်ဖက်ခန်းမှ ကိုတင်သန်းက လက်ကိုဖမ်းဆွဲကာ ပြန်ထိုင်ခိုင်းသည်။

"အသာနေပါအုံး မောင်ရင်ရာ။ ငွေဂုဏ်မက်တဲ့သူတို့က မစာမနာပြောလဲ အသားပဲ့မပါပါဘူးကွ။ မင်းက သူတို့ကိုသွားပြောစကားများရန်ဖြစ်ကြရင် မင်းသမီးအိမ်ထောင်ထိခိုက်ပေမပေါ့ကွ။ လူငယ်တွေပါကွာ။ သူ့လင်၊ သူ့မယား စိတ်တိုတုန်းခဏပါ"

ကိုတင်သန်းပြောသည်မှာလည်း ဟုတ်ပေသည်။ ငိုနေသောသမီးကြီးကိုလည်း မကြည့်ရက်နိုင်။

"တိတ်ပါ သမီးကြီးရယ်။ အားငယ်စရာမလိုဘူး။ အဖေတို့ရှိတယ်၊ သူတို့ပြောတဲ့ပြာပုံထဲကနေ အတောက်ပဆုံးဖြစ်အောင်လုပ်ပြရမှာပေါ့"

"ဟေ့ အငယ်လေးယောက်။ ကြားကြတယ်နော် ဂုဏ်ကြီးရှင်တွေပြောတတ်တဲ့စကား။ မင်းတို့လဲ စာကြိုးစားကြ ကိုယ့်ကိုယ်ကိုယ် အရောင်တင်တတ်ရမယ်ကြားလား"

"ဟား တောက်"

လူပျိုပေါက်ဖြစ်နေသောအလတ်ကောင်က လက်သီးဆုပ်၍ တောက်ခေါက်ကာ အိမ်ခန်းတွင်းဝင်သွားသည်။ အငယ်မသုံးယောက်ကတော့ ကိုယ်စီစားပွဲပုလေးများဖြင့် အိမ်စာလုပ်ကြတော့သည်။ သမီးကြီးကို ချော့မော့ထမင်းကျွေးပြီး သားအမိနှစ်ဦးကို အိပ်ခိုင်းလိုက်သော်လည်း ကျွန်တော်နှင့် မကျော့ အိပ်မပျော်ကြပါ။

(၆)

နောက်ရက်များတွင် သမက်ဖြစ်သူက သမီးကြီးတို့သားအမိကို လာပြန်ခေါ်မည်ထင်သော်လည်း လာမခေါ်ပါ။ လူကြုံနှင့် စကားပါးလိုက်သည်က သူတို့အလိုကျနေနိုင်လျှင် သမီးကိုပြန်လာပါဟုဆိုသည့် စကားဖြစ်သည်။

"တော်ပြီအဖေ။ သမီးမပြန်ချင်ဘူး။ သူတို့လက်ခုပ်ထဲကရေလိုဘဝမျိုးလဲ သမီးမနေချင်ဘူး။ ကျောင်းလဲဆက်တက်မယ်။ ရာထူးတက်အောင်လဲ သမီးကြိုးစားမယ်"

"အေး ဒါမှ ငါ့သမီးကြီးကွ"

သမက်ဖြစ်သူက မာနထားပြီး လာမခေါ်ခဲ့ခြင်းကိုပင် ကျွန်တော် ကျေနပ်နေမိသည်။ သမီးကြီးကလည်း စိတ်ဓာတ်ကြံ့ခိုင်သည်။ သူ့အဝတ်အစားများပင် သွားမယူတော့ပါ။ ဆင်ယင်ထားသော ရွှေထည်များကိုလည်း သမီးကြီး ကလေးမမွေးခင်ကတည်းက ယောက္ခမမှဖြုတ်ယူသိမ်းထား၏။

"ကိုရင်ရေ သတင်းကောင်းလား၊ သတင်းဆိုးလားတော့မသိဘူး။ မမြတ်စုတို့မိသားစုတွေ သူတို့ဇာတိမြို့ကို ပြောင်းကြတော့မလို့တဲ့တော့။ သူတို့ဆိုင်ကြီးကိုလဲ အပြတ်ရောင်းပြီးပြီတဲ့"

"ဟုတ်လား။ သမီးကြီးကောသိနေလားကွ။ မသိရင်လဲနေပါစေကွာ။ သွားမပြောနဲ့"

"မပြောပါဘူး။ အကြင်နာတရားမရှိတဲ့မိသားစုနဲ့ဝေးလေကောင်းလေ"

မျက်ဝန်းထောင့်မှ သမီးကြီးအိပ်ခန်းက ခန်းဆီးစလေး လှုပ်ခတ်သွားသည်ကို မြင်လိုက်မိသည်။ မြေးလေးက စကားစပြောတတ်သည်နှင့် သမီးကြီးကို မမဟုသာခေါ်သည်။ ကျွန်တော်နှင့်မကျော့ကိုတော့ အဖေ၊ အမေဟုခေါ်သည်။ တစ်သားမွေး တစ်သွေးလှသောသမီးကြီးက အပျိုများငေးယူရသည်ထိ ပိုလှလာသည်။ ငယ်ငယ်နှင့် လောကဓံကြုံလိုက်ရသောသမီးကြီးကို မိသားစုက အစွမ်းကုန်စိတ်ဓာတ်ခွန်အားပေးကြသည်။ သမီးကြီးဘွဲ့ယူသွားကြသည့်နေ့က ကျွန်တော်တို့မိသားစု အလွန်ပျော်ရသည်။ ဆယ်တန်းတဖုန်းဖုန်းကျသောသားလတ်သည် စီးပွားရေးနယ်ပယ်ထဲဝင်ဆံ့ပြီး လုပ်ငန်းရှင်အမျိုးသမီးလေးနှင့် ဖူးစာပါကာ ဆံထုံးနောက်သျှောင်ပါသွားသည်။ မြေးလေးကို ကျွန်တော့်အိမ်ထောင်စုဇယားတွင်သာ သမီးကြီးက စာရင်းသွင်းစေသည်။ ဖခင်နာမည်ကိုလည်း ဦးမောင်ရင်ဟုပင်။ နုလွန်းသည့်သမီးကြီးအသည်းက အလွန်မာသွားသည်မှာ ဆိုဖွယ်မရှိ။ သည်လိုနှင့် မြေးလေးက ကျွန်တော်တို့အတွက် အငယ်ဆုံးသားလေးသဖွယ်ဖြစ်ခဲ့ရတော့သည်။

"အဖေရေပြောစရာရှိတယ်။ စီမံကိန်းလမ်းကို ပြောင်းရွှေ့တာဝန်ထမ်းမယ်ဆိုရင် သမီး ရာထူးတိုးရမယ်တဲ့။ သမီး ပြောင်းရွှေ့လိုကြောင်း ပြန်ကြားလိုက်ရမလား"

"ကောင်းတယ်သမီး။ ငါ့သမီးထက်မြက်ပုံနဲ့ အဖေစိတ်ချတယ်။ ကိုယ့်တက်လမ်းကိုယ်ရှာ။ ညည်းသားအတွက်က ပူစရာမလိုဘူး"

အဒေါ်သုံးယောက်တစ်လှည့်စီပြုစုပေးနေ၍ မြေးလေးသဲမောင်မောင်၏ ဝေယျာဝစ္စကို သမီးကြီးပင် လုပ်ပေးစရာမလိုပါ။ မြေးလေး ကျောင်းပို့ကြိုခြင်းက ကျွန်တော့်တာဝန်။ အငယ်မသုံးယောက်ကလည်း စာကြိုးစားကြသည်။ ဆယ်တန်းအောင်လိုက်၊ အလုပ်သွင်းပေးလိုက်နှင့် လုပ်ငန်းခွင်ဝင်ရောက်နေကြပြီ။ အငယ်ဆုံးလည်း သည်နှစ် ဆယ်တန်းရောက်ပြီဖြစ်၏။ လကုန်သည်နှင့် ကျွန်တော်နှင့် သမီးသုံးယောက်လစာ မကျော့လက်ထဲအပ်ရသည်။ စည်းကမ်းတကျစားသောက်နေထိုင်တတ်၍ ရွှေလေးများပင် ဝယ်စုလာနိုင်သည်။ သမီးကြီးက စီမံကိန်းသို့ ရာထူးတိုးဖြင့် ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရမည်။ ထိုစီမံကိန်းငါးနှစ်တာကာလပြီးလျှင် ရာထူးနောက်တစ်ဆင့်ထပ်တိုးမည်။ ကျွန်တော်မျှော်မှန်းထားသလို သမီးကြီးဘဝ တိုးတက်မြင့်မားလာပြီ။

"အဖေနဲ့ အမေ သမီး ကန်တော့မယ်နော်"

"အေး ငါ့သမီးကြီး အန္တရာယ်ကင်းကင်းနဲ့ အလိုဆန္ဒပြည့်ပါစေကွာ"

"သဲလေး လိမ္မာနော်။ စာကြိုးစားနော်"

"မမ ညတိုင်းဖုန်းဆက်နော်"

မအေကို ဖုန်းဆက်ပြောနေသော်လည်း သဲမောင်မောင်က မကျော့ကိုသာ ဖက်ထား၏။

သားလတ်က သူ့မမကို တာဝန်ကျရာဆီသို့လိုက်ပို့ပေးရန် သူ့ကားဖြင့်လာခေါ်သည်။ မောင်နှမနှစ်ယောက်ကားပေါ်တက်ပြီး မောင်းထွက်သွားသည်ကိုကြည့်ရင်း ကျွန်တော် မျက်ရည်များတားမရစွာစီးကျလာသည်။

"ဟောတော် ကိုရင် ဘာလို့ငိုရတာတုံး"

"မငိုပါဘူးကွာ။ ပီတိမျက်ရည်က သူ့ဘာသာကျလာတာကွ။ ဟား ဟား ဟား"

မြေးလေး၊ မကျော့နှင့် သမီးသုံးယောက်က ကျွန်တော် ပီတိမျက်ရည်ကျနေသည်ကိုကြည့်ပြီး ရယ်လိုက်ကြပါတော့သည်။

## ထူးခြားရှင်ကဲ ထမနဲပွဲနှင့် လတပို့တွဲ

- စန်းယှဉ်နက္ခတ် ရက်မြတ်ရယ်ညီ
  ကြယ်စင်မာဃ သာစွလင်းထိန်ကြည်
  ချိန်တာရာသည် ကုံရာသီမှတ်
  ညတာရယ်ပို နေ့တာတို
  နှင်းစိုစိုတို့ ရွဲတတ်သည်တည့်လေး။

- ရိုးပြတ်တွေကြား ငှက်များပျော်ရွှင်
  ဉသြငှက်တေး ချိုအေးသံသာလွင်
  ဆက်ရက်ညံသရှင် ပတ်ဝန်းကျင်လှ
  ရွက်ဟောင်းတို့ကြွေ ရွက်သစ်ဝေ
  ရေမြေပန်းချီ ရှုံးရသည်တည့်လေး။

- ပွင့်ကြနီရဲ ပေါက်လဲလက်ပံ
  ဖူးငုံသရက် သီးလျက်တမာပင်ယံ
  ထန်းနို့ထွက်ရန် စိတ်ရည်သန်လျက်
  မြူအိုးမီးကင် ကြိုးချည်ဆင်
  ပြုပြင်လှေကား လျှော်ထက်သည်တည့်လေး။

- ညနက်နှင်းလွှမ်း အေးချမ်းလှအိမ်
  လေပွေလေရူး မြူးထူးလို့မငြိမ်
  ဆောင်းနှောင်းအချိန် လွင့်ပြယ်တိမ်များ
  ဝန်းကျင်တစ်ခို နွေဦးပျို
  စောင့်ကြိုလျက် ခစားသည်တည့်လေး။

- စိတ်ထားတို့ကောင်း အပေါင်းမိတ်ဆွေ
  ထမနဲပွဲ ဆင်နွှဲကြကာနေ
  ယောက်မနှင့်မွှေ ချွေးရွှဲပေကော
  ထိုးကြအပြိုင် မည်သူနိုင်
  ကြံ့ခိုင်စိတ်သဘော ရှိသည်တည့်လေး။

- မနှောလှုပ ထိုးကြရည်ရွယ်
  လှူဒါန်းဖို့ရေး မနေ့စိတ်ထားရယ်
  ထမနဲနယ် ကျွေးမွေးတယ်ရှိ
  စတုဒိသာ များသူငါ
  သွားလာစားကြ အတိသည်တည့်လေး။

- မွေးဘိကရမက် တောထွက်ကာရှာ
  နံ့သာအများ သနပ်ခါးရယ်ပါ
  ဗုဒ္ဓမြတ်စွာ ရည်မှန်းကာပေါ့
  မီးဖုန်းပွဲတွေ ကျင်းပနေ
  မြန်ပြေတစ်ဝန်း ပြုကြသည်တည့်လေး။

- ကြည်မြထိန်ဘဝင် ပြုံးရွှင်ကြတော့သည်။
- သည်လအချိန်တွင် နှလုံးညဉ်လှပေါ့အတည်။ ။

**ခေတ်သစ်(ကြွေပုဂံ)**

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



# အချိန်ကို အကျိုးရှိရှိအသုံးချတတ်ကြပါစေ

**ဖျာပုံမောင်သုည**

ယနေ့ခေတ် လူ့ဘောင်အဖွဲ့အစည်းကိုကြည့်လိုက်ရင် အချိန်မရှိဘူး၊ မအားဘူးဆိုတဲ့စကားကို ဂုဏ်ယူစရာတစ်ခုလို အာဂုံဆောင်ထားတတ်ကြပါတယ်။ တကယ်လဲအချိန်မရကြပါဘူး။ ဘယ်သူ့ကိုပဲကြည့်ကြည့် လောလော လောလောချည်းပဲ တွေ့နေရတာပါ။ တစ်ခါတလေ ကမ္ဘာလောကကြီးဟာ လူလောတွေနဲ့ ဖွဲ့စည်းထားသလားတောင် ထင်မှတ်မိတယ်။ ခေတ်ကာလကိုကလဲ အဲဒီလိုအပြေးအလွှားရှန်းကန်လှုပ်ရှားနိုင်ပါမှ တော်ကာကျတဲ့ခေတ်ဖြစ်နေတာပါ။ အချိန်တွေကိုလုရင်း နာရီတွေဆွဲခေါ်ရာနောက်ကိုပဲ လိုက်ပါနေရတာပါ။ ဒီလိုနဲ့ပဲ တစ်နေ့ဝင်၊ တစ်နေ့ထွက်နဲ့ သံသရာစက်ဝန်းကြီးထဲ ကျင်လည်နေရတော့တာပါပဲ။

အချိန်ဆိုတာ ကိုယ်က ပိုင်ပိုင်နိုင်နိုင်အသုံးချတတ်မှအကျိုးရှိမှာပါ။ အချိန်ပိုတွေမရှိအောင်ကို အလုပ်တွေလုပ်နေရတာ ကောင်းပါတယ်။ ဒါပေမဲ့ အလုပ်တွေ ပိပြီးတော့လဲ မိမိရဲ့ပျော်ရွှင်စရာလေးတွေ ဆုံးရှုံးတတ်ပါတယ်။ ဒါကိုတော့ သတိထားဖို့ လိုပါတယ်။ အလုပ်တွေဘယ်လောက်များများ မိမိတို့ရဲ့ အားလပ်ခွင့်အချိန်လေးတွေကိုတော့ ဖန်တီးယူရမှာပါပဲ။ အားလပ်ခွင့်အချိန်ဆိုတာ ဟေးလားဝါးလားနဲ့ ဗရုတ်ဗရက်ပျော်ပါးဖို့အချိန်တွေကို ပြောတာမဟုတ်ပါဘူး။ မိတ်ဆွေအပေါင်းအသင်းတွေနဲ့ တွေ့ဆုံဖို့အချိန်၊ မိသားစုတွေနဲ့အတူတူနေပြီး ပျော်ပါးဖို့အချိန် စတာတွေကိုပြောတာပါ။ လူရယ်လို့ဖြစ်လာရင် အချိန်တစ်ခုပေးပြီးတော့ မိတ်ဆွေတွေနဲ့တွေ့ဆုံတာ၊ စကားပြောတာ၊ မိမိ မိသားစုနဲ့ပျော်ပျော်ပါးပါးနေတာ၊ ခရီးတစ်ခုခုကို မိသားစုနဲ့အတူသွားတာ စတာတွေဟာ မဖြစ်မနေအချိန်ပေးသင့်တဲ့အရာတွေပါ။

❖ အချိန်ဆိုတာ ကိုယ်က ပိုင်ပိုင်နိုင်နိုင်အသုံးချတတ်မှ အကျိုးရှိမှာပါ။ အချိန်ပိုတွေမရှိအောင်ကို အလုပ်တွေလုပ်နေရတာ ကောင်းပါတယ်။ ဒါပေမဲ့ အလုပ်တွေပိပြီးတော့လဲ မိမိရဲ့ပျော်ရွှင်စရာလေးတွေ ဆုံးရှုံးတတ်ပါတယ်။ ဒါကိုတော့ သတိထားဖို့လိုပါတယ်။ အလုပ်တွေဘယ်လောက်များများ မိမိတို့ရဲ့ အားလပ်ခွင့်အချိန်လေးတွေကိုတော့ ဖန်တီးယူရမှာပါပဲ။ အားလပ်ခွင့်အချိန်ဆိုတာ ဟေးလားဝါးလားနဲ့ ဗရုတ်ဗရက်ပျော်ပါးဖို့ အချိန်တွေကို ပြောတာမဟုတ်ပါဘူး။ မိတ်ဆွေအပေါင်းအသင်းတွေနဲ့ တွေ့ဆုံဖို့အချိန်၊ မိသားစုတွေနဲ့အတူတူနေပြီး ပျော်ပါးဖို့အချိန် စတာတွေကို ပြောတာပါ။ ❖

အထက်ကပြောခဲ့တဲ့အရာတွေက လူ့ဘဝရလာတဲ့အခိုက်မှာ လူ့သဘာဝအရ အချိန်ပေးပြီးရယူသင့်တဲ့ လောကီချမ်းသာသုခတွေပါ။ လောကုတ္တရာတရားသဘောဘက်ကနေကြည့်ရင်လဲ အချိန်ပေးပြီးတော့ မဖြစ်မနေပြုလုပ်သင့်တဲ့အရာတွေ အများကြီးရှိပါတယ်။ အဲဒီအခါ အထက်ကဖော်ပြခဲ့သလို ရသင့်ရထိုက်တဲ့ လောကီလောကုတ္တရာသုခတွေကို ဆုံးရှုံးသွားရတတ်ပါတယ်။ အချိန်ကို အကျိုးရှိစွာအသုံးချတတ်တဲ့သူကတော့ အဲဒီလိုမဟုတ်ပါဘူး။ သူ့မှာအလုပ်လုပ်ရမဲ့အချိန်၊ ကုသိုလ်လုပ်ရမဲ့အချိန်၊ မိတ်ဆွေတွေကို ပေးရမဲ့အချိန်၊ မိသားစုကို ပေးရမဲ့အချိန်ဆိုပြီး ခွဲခြားသတ်မှတ်ချက်တွေရှိပါတယ်။ အချိန်ကို အဲဒီလို အကျိုးရှိရှိအသုံးချနိုင်မှလဲ လောကီလောကုတ္တရာ နှစ်ဖြာသောကြီးပွားချမ်းသာခြင်းမျိုးကို ရရှိနိုင်မှာပါ။ အချိန်ကို အကျိုးရှိအောင်မသုံးတတ်ရင်တော့ အချိန်မရှိဘူး၊ မအားဘူးဆိုတဲ့ အကြောင်းပြချက်တွေနဲ့ အလုပ်တွေပဲ ပိနေတော့မှာပါ။ ဒီနေရာမှာအလုပ်တွေ ပိနေလို့ မိမိအတွက် တရားအားထုတ်ဖို့အချိန်မပေးနိုင်တဲ့ မထေရ်ကြီးတစ်ပါးကို တပည့်ဖြစ်သူက တရားပြခဲ့ရတဲ့ သာဓကလေးတစ်ခုကို တင်ပြလိုပါတယ်။

သီဟိုဠ်ကျွန်းကြီးမှာ သာသနာ နေလို လလို ထွန်းကားနေတဲ့အချိန် မဟာသီဝလို့အမည်ရတဲ့ မထေရ်ကြီးတစ်ပါးရှိပါတယ်။ မဟာသီဝမထေရ်မြတ်ဟာ သီဟိုဠ်ကျွန်း မဟာဂါမရွာ မဟာဝိဟာရကျောင်းတိုက်ကြီးမှာ သီတင်းသုံးနေထိုင်ပါတယ်။ သံဃာတစ်ထောင်၊ နှစ်ထောင်စီရှိတဲ့ ဂိုဏ်းကြီး ၁၈ ဂိုဏ်းက သံဃာတော်အရှင်မြတ်တို့ကို ပါဠိအဋ္ဌကထာကျမ်းစာတို့ကိုပို့ချပေးတဲ့နေရာမှာ အလွန်ကိုထင်ရှားကျော်ကြားပါတယ်။ အဋ္ဌကထာကျမ်းပြု ဋီကာကျမ်းပြု ဆရာတော်ကြီးတွေကတောင် ဒီဆရာတော်ကြီးရဲ့ ဆုံးဖြတ်ချက်ကို အလေးအမြတ်ထားကြရပါတယ်။ မဟာသီဝမထေရ်ကြီးဟာ ပရိယတ်စာပေသင်ကြားပြသရာမှာသာမက ကမ္မဋ္ဌာန်းတရားပြသပေးတဲ့နေရာမှာလဲ ရှင်းလင်းတိကျစွာသင်ပြတတ်ပါတယ်။ အရှင်မြတ်ရဲ့ထံမှာနည်းခံပြီး တရားအားထုတ်ကြလို့ ရဟန္တာဖြစ်သွားတဲ့သူတွေတောင် သုံးသောင်းလောက်ရှိပါတယ်။ တစ်နေ့မှာတော့ အဲဒီတပည့်ရဟန္တာအရှင်မြတ်တွေထဲက အရှင်မြတ်တစ်ပါးက ဆင်းရဲဒုက္ခတွေကင်းဝေးပြီး အေးငြိမ်းချမ်းသာမှုတွေကိုရအောင် လမ်းညွှန်ပေးတဲ့ဆရာတော်၊ ကမ္မဋ္ဌာန်းပြပေးတဲ့ဆရာတော် မဟာသီဝမထေရ်ကြီးကို အထူးကျေးဇူးတင်ပြီး သတိရပါတယ်။ ဒီချမ်းသာမျိုးကို ဆရာဖြစ်သူ ရ၊ မရ ဆင်ခြင်ကြည့်တဲ့အခါ တရားထူးတရားမြတ်မရသေးတဲ့ ပုထုဇဉ်သာဖြစ်နေသေးတာကို သိသွားပါတယ်။ အချိန်မီသတိသံဝေဂရအောင် သတိပေးမယ်လို့ စဉ်းစားဆုံးဖြတ်ပြီး ဆရာဖြစ်သူ မဟာသီဝမထေရ်မြတ်ထံ လျှောက်ထားပါတယ်။

“အရှင်ဘုရား တပည့်တော် တရားတစ်ပုဒ် သင်လိုပါတယ်ဘုရား”

“သီးသန့်သင်ပေးဖို့ အချိန်မရှိဘူး ငါ့ရှင်”

“အရှင်ဘုရား ဒီလိုဆိုရင် ဆွမ်းခံမကြွခင် စုရပ်တန်ဆောင်းမှာရပ်နေတုန်း မေးလျှောက်ပါရစေဘုရား”

“အဲဒီမှာလဲ မေးတဲ့သူ၊ သင်တဲ့သူတွေရှိနေတယ် ငါ့ရှင်”

“အရှင်ဘုရားဆွမ်းခံကြွတုန်း လမ်းမှာမေးပါရစေဘုရား”

“အဲဒီမှာလဲ မေးသူတွေရှိတယ် ငါ့ရှင်”

တပည့်ဖြစ်တဲ့ ရဟန္တာအရှင်မြတ်က သတိပေးချင်လို့ သူတစ်ပါးတွေအတွက်နဲ့သာ အချိန်ကုန်နေတဲ့ ဆရာသမားကို သတိသံဝေဂတွေရစေချင်လို့ မေးလျှောက်နေတာပါ။ မနက်ပိုင်းလဲ အချိန်မရှိ၊ နေ့လယ်ပိုင်းလဲ အချိန်မရှိ၊ အိပ်ရာဝင်ချိန်ထိလဲ စာပေပို့ချ၊ ကမ္မဋ္ဌာန်းသင်ပေးတာနဲ့အချိန်ကုန်ဆိုတော့ ကိုယ့်အတွက် တရားအားထုတ်ဖို့ အချိန်မရှိဘူးဖြစ်နေတာပါ။ နောက်ဆုံးမှာတော့ မအားဘူးလို့ပဲတွင်တွင်ပြောနေတဲ့ မဟာသီဝမထေရ်ကို တပည့်ဖြစ်သူက-

“အရှင်ဘုရား ဒီလိုဆိုရင် အရှင်ဘုရားမှာသေဖို့အချိန်တောင် ရှိမှရှိသေးရဲ့လားဘုရား။ ကိုယ့်တရားကို ကိုယ်နှလုံးသွင်းချိန်၊ အားထုတ်ချိန်လေး နည်းနည်းတော့ရှိသင့်ပါတယ်”လို့ သတိပေးပြီး ဈာန်အဘိညာဉ်နဲ့ ကောင်းကင်ကိုပျံတက်သွားပြီး လိုရာကိုကြွသွားပါတယ်။ တပည့်ဖြစ်သူ ပြန်ကြွသွားတဲ့အခါ မဟာသီဝမထေရ်ကြီးလဲ “ဒါဟာ ငါ့ကိုသတိပေးတာ၊ ဆုံးမတာပဲ။ ဟုတ်တယ်။ ငါဟာ အများအလုပ်နဲ့ အချိန်ကုန်နေလို့ ငါဘာမှ တရားအားမထုတ်ရသေးဘူး။ ကိုယ့်အတွက် တရားအားထုတ်အုံးမှပဲ”လို့ သတိသံဝေဂရသွားပါတယ်။ အဲဒီနေ့ကစလို့ သပိတ်ကိုလွယ်ပြီး တောထဲကြွသွားပါတယ်။ ဓူတင်ဆောက်တည်ကာ တရားမမ္မကျင့်ကြံပါတယ်။ မဟာသီဝမထေရ်ကြီး ထင်ထားတာက ကိုယ်တိုင်လဲ တရားအားထုတ်နည်းတွေကို သိထားတယ်။ ကိုယ့်တပည့်တွေကိုလဲ တရားရအောင်ပြသထားနိုင်တယ်ဆိုတော့ တစ်ရက်၊ နှစ်ရက် အားထုတ်လိုက်ရင်ရမှာပဲ ဘာမှမခက်ပါဘူးလို့ ထင်ထားတာပါ။ ဒါကြောင့်လဲ ကျောင်းရှိသံဃာတော်တွေကိုတောင် ဘယ်သွားမယ်လို့ ပြောမသွားပါဘူး။ နောက်က ပရိသတ်တွေတရှန်းရှန်းနဲ့ လိုက်လာရင် တရားအလုပ်ပျက်မှာကို စိုးရိမ်တာလဲပါမှာပါ။ ခဏလေးနဲ့ တရားထူးတွေရမယ်ထင်ပြီး ဘယ်သူ့ကိုမှ မပြောဘဲ တောထဲကလိုဏ်ဂူမှာ တစ်ပါးတည်းသီတင်းသုံးကာ အားထုတ်ပါတယ်။ တစ်ရက်၊ နှစ်ရက်နဲ့တရားရမယ်ထင်ပြီး အားထုတ်လိုက်တာ တရားမရရှာပါဘူး။ တရားပေါ်အထင်သေးစိတ်၊ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးစိတ်တွေကြောင့်ဖြစ်မှာပါ။ ဝါကျွတ်တဲ့ထိကို တရားမရပါဘူး။ သီတင်းကျွတ်လပြည့် ပဝါရဏာနေ့ကိုရောက်တော့ ဝါကျွတ်ရင် ရဟန္တာအဖြစ်နဲ့ကျောင်းပြန်ပြီး သံဃာတွေနဲ့အတူ ပဝါရဏာပြုမယ်လို့အားခဲခဲ့တာ လွဲချော်ရတော့ စိတ်မကောင်းဖြစ်ပြီး ဝမ်းနည်းရှာပါတယ်။ မျက်ရည်ကျပါတယ်။ မဟာသီဝမထေရ်မြတ်ကျတဲ့မျက်ရည် တရားမရလို့ကျတဲ့မျက်ရည်ပါ။ ဒါကြောင့် လောဘ၊ ဒေါသ၊ မောဟကင်းစင်ပါတယ်။

အားရပါးရငိုကြွေးပြီးတဲ့အခါ မဟာသီဝမထေရ်ကြီး စဉ်းစားပါတယ်။ လျှောက်လှမ်းတဲ့တရားလမ်းကြောင်းကို ပြန်ပြီးသုံးသပ်ပါတယ်။ လျောင်း၊ ထိုင်၊ ရပ်၊ သွား ဣရိယာပုထ်လေးပါးနဲ့အားထုတ်တဲ့အခါမှာ ထိုင်တဲ့အခါမှာလဲ မပြတ်လပ်အောင်အားထုတ်တယ်။ ရပ်နေစဉ်မှာလဲ အားထုတ်တယ်။ သွားလာနေတဲ့အခါမှာလဲ အားထုတ်တယ်။ အိပ်ရာဝင်ခါနီး ခြေထောက်ဆေးရ၊ အိပ်ရာခင်းရ၊ တစ်ခါအိပ်ရာသိမ်းရနဲ့ အလုပ်တွေရှုပ်တယ်။ အိပ်ပျော်နေပြန်တော့ တရားမှတ်ချိန်လျော့တယ်လို့ တွေးမိပါတယ်။ တွေးမိတဲ့အချိန်ကစလို့ တရားအားထုတ်ချိန်များများရအောင် အိပ်ရာထဲကျောမခင်းတော့ဘူးလို့ ဆုံးဖြတ်လိုက်ပါတယ်။ တရားထူးတရားမြတ်မရမချင်း အိပ်မနေတော့ဘူး။ တရားမရမချင်း မအိပ်မနေကြိုးစားအားထုတ်မယ်လို့ တွေးပြီး ချက်ချင်းအိပ်ရာကို ခေါက်ထားလိုက်ပါတယ်။ အိပ်တဲ့ဣရိယာပုထ်ကိုပယ်ပြီး သွား၊ ရပ်၊ ထိုင် အနေအထားသုံးမျိုးနဲ့သာ နေ့ညမပြတ်အားထုတ်ပါတော့တယ်။ အသေအလဲကြိုးစားပါတော့တယ်။ ကြိုးစားအားထုတ်လိုက်တာ တစ်ရက်ပြီး တစ်ရက်၊ တစ်လပြီး တစ်လအချိန်ကာလတွေ ကုန်မှန်းမသိ ကုန်သွားပါတယ်။ ဒီလိုနဲ့ နောက်တစ်နှစ် သီတင်းကျွတ်လပြည့်နေ့ကို တစ်ပတ်ကျော့ကာ ရောက်လာပါတယ်။ အရှင်မြတ်မှာ ဘာတရားမှမရသေးပါဘူး။ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်တွေမပေါ်သေးပါဘူး။ အဲဒီအခါမှာလဲ ငိုရပြန်တာပါပဲ။ ဒါပေမဲ့ ဇွဲမလျှော့ဘဲ တရားအားထုတ်ပြန်ပါတယ်။ တစ်နေ့နေ့တစ်ချိန်ချိန်မှာတော့ ရကိုရစေမယ်လို့အားတင်းပြီး ကြိုးစားပြန်ပါတယ်။ ဒီလိုနဲ့ ကုန်လွန်သွားခဲ့တဲ့ လတွေ၊ နှစ်တွေကို တွက်စစ်လိုက်တော့ ၂၉ နှစ်ကြာသွားပါပြီ။ ဒါလဲပဲ တရားက အစအနတောင် မမြင်သေးပါဘူး။

ဒီလိုနဲ့ မဟာသီဝမထေရ်ကြီးဟာ တစ်ရက်၊ နှစ်ရက်နဲ့ရလိမ့်မယ်လို့ထင်ပြီး အားထုတ်လာလိုက်တာ အနှစ်သုံးဆယ်မြောက် သီတင်းကျွတ်လပြည့်ပဝါရဏာနေ့ကိုရောက်ရှိလာပါတော့တယ်။ တရားထူးလဲ ဘာမှမရသေးတော့ “ငါဟာ ကြိုးစားပြီးအားထုတ်လာခဲ့တာ အခုဆိုရင် နှစ်ပေါင်းသုံးဆယ်တောင်ကြာခဲ့ပြီ။ သာမန်ကာလျှံကာ အားထုတ်တာလဲမဟုတ်ဘူး။ အရိုးကြေကြေ၊ အရေခန်းခန်းမလျှော့တမ်းဇွဲနဲ့ ဒီလောက်အားထုတ်တာမှမရရင် ဒီတစ်သက်တော့ ရစရာအကြောင်းမမြင်တော့ဘူး”လို့တွေးပြီး ပြင်းပြင်းထန်ထန်ကြေကွဲဝမ်းနည်းကာ ရှိုက်ကြီးတငင်ငိုကြွေးပါတော့တယ်။ အကြိမ်သုံးဆယ်မြောက် ငိုကြွေးခြင်းပါ။ အရှင်မြတ်သတိလက်လွတ်ငိုကြွေးနေချိန်မှာပဲ လိုဏ်ဂူနံဘေးမှာ နတ်သမီးတစ်ပါးကလဲ အဖြိုင်ငိုကြွေးနေပါတယ်။ နတ်သမီးကလဲ အသံထွက်အောင် အားရပါးရငိုနေတာပါ။ အပြင်က ငိုသံကြားရတော့ အထဲက မထေရ်မြတ်က မနေနိုင်တော့ဘဲ လှမ်းမေးပါတယ်။

“ဟဲ့. . . အပြင်က ငိုနေတာဘယ်သူလဲ”

“တပည့်တော်မ နတ်သမီးပါဘုရား”

“နင်က ဘာလို့ငိုနေရတာလဲ”

“မသိပါဘူးဘုရား အရှင်ဘုရားငိုနေတာကို မြင်တော့ ငိုရင်မဂ်ဖိုလ်ရမယ်ထင်ပြီး တပည့်တော်မလဲ နှစ်မဂ်၊ သုံးမဂ်လောက်ရမလားလို့ငိုနေတာပါ ဘုရား”

နတ်သမီးစကားကြားတော့မှ မဟာသီဝမထေရ်ကြီးဟာ သတိပြန်ဝင်လာပါတယ်။ ငိုနေရုံနဲ့တရားမရဘူးလို့ နတ်သမီးက သတိပေးနေမှန်းသိသွားပါတယ်။ မိမိငိုနေတာကို နတ်တွေသိပါလားလို့လဲ ရှက်သွားမိပါတယ်။ ဒါကြောင့် ကိုယ့်ကိုယ်ကိုယ်ဆုံးမပြီး ပူဆွေးတာ၊ ဝမ်းနည်းတာတွေ ဖျောက်လိုက်ပါတယ်။ မိမိရဲ့ သီလ၊ သမာဓိ၊ ပညာတွေကို ပြန်ဆင်ခြင်သုံးသပ်ပါတယ်။ တရားအားထုတ်ခဲ့တဲ့ သက်တမ်းတစ်လျှောက် အားသာချက်၊ အားနည်းချက်တွေကို ပြန်စစ်ဆေးပါတယ်။ အရင်က ဂိုဏ်းကြီး ၁၈ ဂိုဏ်းက သံဃာတွေကို စာချ၊ တရားပြပေးတဲ့အလုပ်နဲ့ မိမိကိုယ်မိမိ အထင်ကြီးနေတဲ့မာနတွေကို မြင်လာပါတယ်။ “ငါ့အနေနဲ့ တရားအားထုတ်ရင် ခဏလေးနဲ့ရမှာပဲ”ဆိုတဲ့ တရားအပေါ် အထင်သေးမှုတွေကိုလဲမြင်လာပါတယ်။ တရားမရတဲ့အခါမှာလဲ ရချင်လွန်းတဲ့ လောဘ၊ ဝီရိယတွေ လွန်ကဲနေတာကိုလဲ မြင်လာပါတယ်။ ဒါကြောင့် ရချင်စိတ်ပြင်းထန်နေမှုတွေကိုလျှော့ချပြီး မျှမျှတတ နှလုံးသွင်းရှုမှတ်လိုက်တဲ့အခါ တစ်ခဏချင်းမှာပဲ ပဋိသမ္ဘိဒါလေးပါးနဲ့တကွ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်တွေကို ရပြီး ရဟန္တာအရှင်မြတ်ဖြစ်သွားပါတော့တယ်။

နောက်ဆုံးအနေနဲ့ပြောချင်တာက အချိန်ဟာ တန်ဖိုးရှိတာမှန်ပေမဲ့လဲ အဲဒီတန်ဖိုးရှိတဲ့ အချိန်ကို အကျိုးရှိရှိအသုံးချတတ်ဖို့ပါပဲ။ မဟာသီဝမထေရ်ကြီးဆိုရင်လဲ အချိန်တွေကို လောကီကောင်းကျိုးကော၊ လောကုတ္တရာကောင်းကျိုးကော အကျိုးရှိရှိအသုံးချသွားတာပါ။ တပည့်ဟောင်းဖြစ်သူကို တရားတိုလေးတစ်ပုဒ်တောင် ဟောပြဖို့အချိန်မရှိတဲ့မထေရ်ကြီးဟာ အဲဒီအလုပ်တွေပေါ်မှာပဲသာယာနေရင် ရဟန္တာမဖြစ်လိုက်ဘဲ သံသရာမှာအခက်တွေ့ရအုံးမှာပါ။ ဒါကြောင့် ဘယ်လောက်ပဲ အလုပ်တွေများများ တရားနာတဲ့အချိန်၊ တရားအားထုတ်တဲ့အချိန်၊ ဘုရားရှိခိုးတဲ့အချိန်၊ မိတ်ဆွေတွေနဲ့ တွေ့ဆုံစကားပြောတဲ့အချိန်၊ မိသားစုအတွက်အချိန်၊ စာဖတ်တဲ့အချိန် အစရှိတာတွေကိုတော့ မအားမလပ်တဲ့ကြားကနေ အချိန်လေးတစ်ခုပေးပြီး အကျိုးရှိရှိအသုံးချတတ်ကြပါစေလို့ ဆန္ဒပြုလိုက်ရပါတော့တယ်။

**ကိုးကား**

– မဟာဗုဒ္ဓဝင်၊ ပဉ္စမတွဲ၊
မဟာသီဝမထေရ်ကြီးဝတ္ထု။

# ပွင့်ဖြူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားတော်ပဲသီးနှံ ၃၁၈၅ ဧက စိုက်ပျိုးပြီးစီး



**ပွင့်ဖြူ ဇန်နဝါရီ ၂၅**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ၂၀၂၂-၂၀၂၃ ခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ စားတော်ပဲသီးနှံ ၃၁၈၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေထံမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ၂၀၂၂-၂၀၂၃ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားတော်ပဲသီးနှံ လျာထား ၂၁၅၈ ဧကကို ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ဒုတိယပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် စားတော်ပဲ ၃၁၈၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အနေနဲ့ ပဲမျိုးစုံသီးနှံ ပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်ဖို့နဲ့ စားနပ်ရိက္ခာဖူလုံစေဖို့အတွက်ရည်ရွယ်ပြီး တစ်မြို့နယ်လုံး စားတော်ပဲသီးနှံ လျာထား ၂၁၅၈ ဧကကို ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ဒုတိယပတ်က စတင်စိုက်ပျိုးခဲ့ရာ ဒီနေ့မှာ စားတော်ပဲ ၃၁၈၅ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ စားတော်ပဲကို လျာထားဧကထက် ပိုပြီးစိုက်ပျိုးနိုင်ခဲ့ပါတယ်။ နောက်ပြီး စားတော်ပဲသီးနှံဟာဆိုရင် ပြည်တွင်းစားသုံးမှုများတဲ့ သီးနှံဖြစ်လို့ ဈေးကွက်ရှိပြီး တောင်သူတွေအတွက် သီးနှံဝင်ငွေတွက်ခြေကိုက်တယ်။ ဒါကြောင့် ဒေသခံတောင်သူတွေက နှစ်စဉ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ အခြားပဲမျိုးစုံအပြင် စားတော်ပဲသီးနှံကို စီးပွားဖြစ်ပိုမိုစိုက်ပျိုးကြပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ်၌ စိုက်ပျိုးရေဖူလုံမှုနှင့် စိုက်ပျိုးမြေကောင်းမွန်မှုကြောင့် ဒေသခံတောင်သူများက (နွေ၊ မိုး၊ ဆောင်း) တစ်နှစ်ပတ်လုံး စိုက်ပျိုးရေးလုပ်ငန်းကို အားထားလုပ်ကိုင်ကြကြောင်း၊ ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံသီးနှံစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဒေသတွင်းစားနပ်ရိက္ခာဖူလုံစေရန်အတွက် စားတော်ပဲသီးနှံအပါအဝင် ကုလားပဲ၊ ထောပတ်ပဲ၊ မတ်ပဲ၊ ပဲကြီး၊ ပဲလွန်း၊ ပဲကျား၊ ပဲနောက်၊ ပဲယဉ်း၊ ပဲပုပ် စသည့် ပဲမျိုးစုံသီးနှံ ၃၉၇၀၂ ဧက လျာထားစိုက်ပျိုးဆောင်ရွက်လျက်ရှိကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# မိုင်းလားမြို့နယ် တာပင်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**မိုင်းလား ဇန်နဝါရီ ၂၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းလားခရိုင် မိုင်းလားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက တာပင်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း(VDP)ရန်ပုံငွေဖြင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းလားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်ညီညီနှင့် တာဝန်ခံအင်ဂျင်နီယာများက တာပင်းကျေးရွာ၌ လမ်းအရှည်ပေ ၄၅၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်တွေ့ဆုံကာ ဆောင်ရွက်ပြီး ကွန်ကရစ်လမ်း ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

တာပင်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ် ၁၀ သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၅ ဒသမ ၂၉၇ သန်းအသုံးပြု၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၂ ခုနှစ် ဩဂုတ်လ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်သောကြောင့် တာပင်းကျေးရွာရှိ အိမ်ခြေ ၃၃ အိမ်၊ လူ ၁၄၂ ဦးတို့အတွက် လမ်းပန်းဆက်သွယ်ရေး အဆင်ပြေလွယ်ကူပြီး ရာသီမရွေး သွားလာနိုင်မည်ဖြစ်ကြောင်း မိုင်းလားမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်ညီညီက ပြောပြ၍ သိရသည်။

**မောင်ရိုင်**

# စဉ့်ကူးမြို့နယ် ကျေးရွာနှစ်ရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်မှု စစ်ဆေး

**စဉ့်ကူး ဇန်နဝါရီ ၂၅**

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းခရိုင် စဉ့်ကူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် မြို့နယ်အတွင်းရှိ ကျေးရွာနှစ်ရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ဇန်နဝါရီ ၂၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သပိတ်ကျင်းခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်စိုး၊ စဉ့်ကူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်အောင်စိုးနှင့် တာဝန်ရှိသူများက ကျီတော်ကုန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လမ်းရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ရှိသူများကို မှာကြားသည်။



ထို့နောက် ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကျောက်တိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများ၊ ကျေးရွာကော်မတီဝင်များ၏ ငွေစာရင်းဇယားများ ရေးသွင်းထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများနှင့်ပတ်သက်၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ကျီတော်ကုန်းကျေးရွာ၌ နိုင်ငံတော်ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၀၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၅၅၄၀၀၀၀ အသုံးပြု၍ လမ်းအရှည်ပေ ၇၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၂ ခုနှစ် စက်တင်ဘာလ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးကျော်စိုးက ပြောပြ၍ သိရသည်။

**တင်ဇောလွင်**

# စလင်းမြို့နယ် မောင်ကော့ကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**စလင်း ဇန်နဝါရီ ၂၅**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရှုံးပင်ကန်ကျေးရွာအုပ်စု မောင်ကော့ကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ သတ္တမအကြိမ်ထုတ်ချေးခြင်းကို ဇန်နဝါရီ ၂၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ရည်ရွယ်ချက်၊ စီမံကိန်းလုပ်ငန်းဆောင်ရွက်ပုံအဆင့်ဆင့်၊ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သင်းမြတ်ကြူက ချေးငွေရယူသူ အသင်းသားများကို ယခုစက်ဝန်းတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကို တစ်လလျှင် အတိုးနှုန်း သုည ဒသမ ၅ ရာခိုင်နှုန်းဖြင့် ထုတ်ချေးပေးပြီး အရင်းဆပ်ကာလမှာ ၁၂ လ ဖြစ်ကြောင်း၊ အရင်းအတိုးငွေများကို သတ်မှတ်ရက်ထက် နောက်မကျစေဘဲ ဘဏ်သို့ အချိန်မီပေးသွင်းရမည်ဖြစ်ကြောင်း၊ တိုးပွားလာသောအတိုးငွေများ၏ ၅၀ ရာခိုင်နှုန်းကို မိမိတို့ရပ်ရွာတွင် လိုအပ်သောဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေး သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၄၃ ဒသမ ၅ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက မောင်ကော့ကန်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ၊ အရောင်းအဝယ် လုပ်ငန်းလုပ်ကိုင်သူနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ အသင်းသား၊ အသင်းသူဦးရေ ၂၅၀ ကို ငွေကျပ် ၄၃ ဒသမ ၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သန်းသန်းမိုး**

# ကြာအင်းဆိပ်ကြီးမြို့နယ် လှိုင်ကနီ-လုကဒါကျေးရွာချင်းဆက်လမ်းဖောက်လုပ်မှု စစ်ဆေး

**ကြာအင်းဆိပ်ကြီး ဇန်နဝါရီ ၂၅**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးခရိုင် ကြာအင်းဆိပ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် ၇၆ ဒသမ ၁၂၀၅ သန်းဖြင့် ဆောင်ရွက်လျက်ရှိသည့် လှိုင်ကနီ-လုကဒါ ကျေးရွာချင်းဆက်လမ်းဖောက်လုပ်နေမှု အခြေအနေများကို ယနေ့နံနက် ၉ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကြာအင်းဆိပ်ကြီးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးညွန့်ဇော်နှင့် ခရိုင်၊ မြို့နယ်တာဝန်ခံဝန်ထမ်းများက ကျေးရွာလမ်းကော်မတီများနှင့်အတူ လှိုင်ကနီ-လုကဒါကျေးရွာချင်းဆက်လမ်း ဖောက်လုပ်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ရန် မှာကြားသည်။

လှိုင်ကနီ-လုကဒါကျေးရွာချင်းဆက်လမ်း အရှည် တစ်မိုင် လေးဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် တစ်ပေကိုးလက်မရှိ မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်းကို နေသစ္စာကုမ္ပဏီက ၂၀၂၂ ခုနှစ် အောက်တိုဘာလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၅ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါကျေးရွာချင်းဆက်လမ်း ဖောက်လုပ်ပြီးစီးပါက လှိုင်ကနီနှင့် လုကဒါကျေးရွာရှိ အိမ်ခြေ ၉၆၁ အိမ်၊ လူ ၄၁၇၈ ဦးတို့၏ စိုက်ပျိုးမြေဧက ၁၂၀၀ မှ ထွက်ရှိသော ဆီထွက်သီးနှံများ၊ ထုတ်ကုန်၊ ထွက်ကုန်များကို ဈေးကွက်အတွင်းသို့ ကုန်ကျစရိတ် သက်သာစွာဖြင့် အလွယ်တကူ သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးညွန့်ဇော်က ပြောပြ၍သိရသည်။

**သက်နိုင်ထွန်း**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

# အရည်ပျော်လာသောဝင်ရိုးစွန်းဒေသရှိ ရေခဲပြင်များ

**မေဇင်ထွန်း**

ကမ္ဘာကြီးပူနွေးလာမှု၊ ရာသီဥတုဖောက်ပြန်မှုများကြောင့် ဝင်ရိုးစွန်းဒေသရှိ ရေခဲပြင်များ အရည်ပျော်လာသည်။ ရေခဲပြင်များသည် ဆယ်စုနှစ်တစ်ခုလျှင် ၁၃ ရာခိုင်နှုန်းခန့်ဖြင့် အရည်ပျော်မှုကြောင့် အာတိတ်ပင်လယ်ရေခဲပြင်များကို ဆုံးရှုံးခဲ့ရပြီး လွန်ခဲ့သည့်နှစ်ပေါင်း ၃၀ မှစကာ အာတိတ်ရှိ ရှေးအကျဆုံးနှင့် အထူဆုံးရေခဲများသည် အံ့မခန်းဖွယ်နှုန်းဖြင့် ကျဆင်းသွားခဲ့ရာ ယခုဆိုလျှင် ၉၅ ရာခိုင်နှုန်းခန့် အရည်ပျော်နေသည်ဟု လေ့လာတွေ့ရှိရသည်။ အကယ်၍ ဓာတ်ငွေ့ထုတ်လွှတ်မှုများ ဆက်လက်မြင့်တက်နေမည်ဆိုပါက အာတိတ်သည် ၂၀၄၀ ပြည့်နှစ် နွေရာသီတွင် ရေခဲပြင်များ လုံးဝပျောက်ကွယ်သွားမည်ဖြစ်ကြောင်း သုတေသီများက ခန့်မှန်းထားသည်။ သို့သော် အာတိတ်တွင် ဖြစ်ပျက်နေသည့်ရေခဲပြင် အရည်ပျော်မှုသည် အာတိတ်ဒေသကိုပင် အကျိုးသက်ရောက်မှုရှိမည်မဟုတ် ပင်လယ်ရေခဲပြင်များ ဆုံးရှုံးမှုသည် ကမ္ဘာတစ်ဝန်းကိုလည်း ကြီးမားသောသက်ရောက်မှုရှိသည်။

**ရေခဲများအရည်ပျော်ခြင်းကြောင့် မြင့်တက်လာသော အပူချိန်များ**

အာတိတ်နှင့် အန္တာတိတ်တို့သည် ကမ္ဘာ့ရေခဲပြင်များတည်ရှိရာ ကမ္ဘာကြီး၏ ရေခဲသေတ္တာများဟု ဆိုနိုင်သော နေရာများဖြစ်သည်။ အာကာသထဲမှ ကမ္ဘာမြေသို့ ပြန်လည်ဝင်ရောက်လာသော အပူများကို နှင်းဖြူများနှင့် ရေခဲများက ဖုံးလွှမ်းပေးထားပြီး ကမ္ဘာ့အခြားအစိတ်အပိုင်းများကို ပြင်းထန်သောအပူများ တိုက်ရိုက်မသက်ရောက်စေရန် အပူကိုစုပ်ယူထားသည့်အတွက် ဟန်ချက်ညီစေသည်။ သို့သော် ရေခဲပြင်များနည်းလာခြင်းကြောင့် အပူလှိုင်းများကို စုပ်ယူတုံ့ပြန်နိုင်မှုနည်းလာပြီး ဆိုလိုသည်မှာ ကမ္ဘာတစ်ဝန်းတွင် ပိုမိုပြင်းထန်သော အပူလှိုင်းများကို ဖြစ်ပေါ်စေသည်။ ထို့ပြင် အာတိတ်ဒေသတွင် လှည့်ပတ်စီးဆင်းနေသည့် လေဖိအားမြင့်လေသည် ပိုမိုပူနွေးသောလေဖြစ်သည့် ဝင်ရိုးစွန်းဂျက်လေစီးကြောင်းကြောင့် အပူချိန်များ မတည်မငြိမ်ဖြစ်ကာ ခါးသီးသောအအေးဓာတ်ကိုယူဆောင်လာနိုင်ပြီး ပို၍ပြင်းထန်သောအေးသည့် ဆောင်းရာသီကိုလည်း ဖြစ်ပေါ်စေနိုင်သည်။

**ရေခဲများအရည်ပျော်ရာ ကမ်းရိုးတန်းအနီးနေထိုင်သူများအဖို့အန္တရာယ်**

၁၉၀၀ ပြည့်နှစ်မှစ၍ ကမ္ဘာ့ပျမ်းမျှပင်လယ်ရေမျက်နှာပြင်သည် ခုနစ်လက်မမှ ရှစ်လက်မခန့်ထိ မြင့်တက်လာပြီး ပိုမိုဆိုးရွားသောအဖြစ်များကို ဖြစ်လာစေခဲ့သည်။ ပင်လယ်ရေမြင့်တက်မှုသည် ကမ်းရိုးတန်းမြို့များနှင့် ကျွန်းနိုင်ငံငယ်များကို အန္တရာယ်ဖြစ်စေပြီး ကမ်းရိုးတန်းရေကြီးမှု၊ မုန်တိုင်းတိုက်ခတ်မှုနှင့် ဒီရေလှိုင်းများ မြင့်တက်ဖုံးလွှမ်းမှုများကို ပိုမိုဆိုးရွားစေကာ အန္တရာယ်ရှိသော ရာသီဥတုဖြစ်စဉ်များကို ပိုမိုဖြစ်ပွားစေသည်။ ဂရင်းစ်လန်း၏ ရေခဲလွှာအရည်ပျော်မှုသည် အနာဂတ်ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာမှု၏ အဓိကအကြောင်းအရာတစ်ခုလည်း ဖြစ်သည်။ ကမ္ဘာ့ရေခဲလွှာများအားလုံး အရည်ပျော်သွားမည်ဆိုလျှင် ကမ္ဘာ့ပင်လယ်ရေမျက်နှာပြင်သည် ပေ ၂၀ ထိ မြင့်တက်လာနိုင်သည်။ ထို့ပြင် ကမ္ဘာ့အပူချိန်သည် ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်ကျော်ထိ မြင့်တက်လာမည်ဖြစ်ပြီး ရပ်ရွာများနှင့် တောရိုင်းတိရစ္ဆာန်များသည် ထိုမြင့်တက်လာသော အပူချိန်နှင့်လိုက်လျောညီထွေဖြစ်အောင် ပြောင်းလဲနေထိုင်ကြရမည်ဖြစ်သည်။ ထို့ကြောင့် ပင်လယ်ရေခဲပြင်များ ဆုံးရှုံးမှုနှင့် ရာသီဥတုပြောင်းလဲမှုသည် ကမ်းရိုးတန်းနှင့် ဆက်စပ်နေသည့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုဘဝများကို အဆိုးရွားဆုံးအကျိုးသက်ရောက်မှုများကို ဖြစ်ပေါ်စေသည်။



**အစားအသောက်များအပေါ်ထိခိုက်နိုင်မှု**

ဝင်ရိုးစွန်းရေငွေ့များ၊ အပူလှိုင်းများတိုးလာခြင်းနှင့် ရေခဲဆုံးရှုံးမှုကြောင့် ဖြစ်ပေါ်လာသောရာသီဥတု၏ ခန့်မှန်းမရခြင်းများသည် ကမ္ဘာ့စားနပ်ရိက္ခာစနစ်တစ်ခုလုံးက မှီခိုနေရသောသီးနှံများကို သိသိသာသာပျက်စီးစေမည်ဖြစ်သည်။ ဤမတည်မငြိမ်မှုသည် အစားအစာများ၏ဈေးနှုန်းကို မြင့်မားစေခြင်းနှင့် ကမ္ဘာ့ထိခိုက်လွယ်သော တစ်နည်းဆိုရသော် ဆင်းရဲသောနိုင်ငံများရှိ ပြည်သူများအတွက် စားနပ်ရိက္ခာအကျပ်အတည်းများကို ပိုမိုကြီးထွားလာစေသည်။

**ရေခဲပြင်တွင်သင်္ဘောများဖြင့် ပင်လယ်ရေကြောင်းခရီးသွားခြင်း**

ရေခဲများ အရည်ပျော်လာသည်နှင့်အမျှ အာတိတ်တွင် သင်္ဘောလမ်းကြောင်းအသစ်များ ပွင့်လာမည်ဖြစ်သည်။ ၎င်းရေလမ်းကြောင်းသစ်များသည် ဖြတ်လမ်းများကဲ့သို့ဖြစ်လာကာ အချိန်ကုန် ငွေကုန်ကြေးကျ သက်သာသော်လည်း မယုံနိုင်လောက်အောင်အန္တရာယ်များသည်။ ဥပမာဆိုရလျှင် Exxon-Valdez ကဲ့သို့ ဆီယိုဖိတ်မှုများ၊ အခြားသင်္ဘောများ ပျက်စီးမှုများကို ဖြစ်လာနိုင်စေပြီး အဆိုပါဖြစ်ရပ်များ ဖြစ်လာလျှင် ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်ရန်နှင့် ပင်လယ်ပြင် သန့်ရှင်းရေးလုပ်ငန်းများ လုပ်ဆောင်ရန်အတွက် လက်လှမ်းမမီနိုင်သော နေရာများတွင်ဖြစ်နေမည်ကို တွေ့ရသဖြင့် လွန်စွာအန္တရာယ်ကြီးသည်။

**ရေခဲပြင်နေတောရိုင်းတိရစ္ဆာန်များအပေါ် အကျိုးသက်ရောက်မှု**

ပင်လယ်ရေခဲပြင်များ နည်းပါးလာသောအခါ အသက်ရှင်ရပ်တည်ရေးအတွက် ရေခဲပြင်ကို မှီခိုနေသော တိရစ္ဆာန်များသည် ပြောင်းလဲသွားသော သဘာဝတရားကြီးနှင့် လိုက်လျောညီထွေဖြစ်စေရန် ၎င်းတို့၏ နေထိုင်ကျက်စားရာဒေသနှင့် အလေ့အကျင့်၊ စရိုက်များကို လျင်မြန်စွာပြောင်းလဲကြရမည်ဖြစ်ပြီး မပြောင်းလဲနိုင်ပါက ပျက်စီးဆုံးရှုံးကာ မျိုးသုဉ်းကြရပေမည်ဖြစ်သည်။ ရေခဲပြင်များ အရည်ပျော်ကာဆုံးရှုံးခြင်းသည် ဝင်ရိုးစွန်းဝက်ဝံများ၊ ပင်လယ်ဖျံမျိုးစိတ်များ၊ အာတိတ်မြေခွေးများ၊ နှင်းဇီးကွက်များ၊ သမင်အုပ်များနှင့် အခြားမျိုးစိတ်များစွာအပြင် ၎င်းဒေသတွင် နေထိုင်ကြသော လူသားတို့အပေါ်တွင်လည်း အခက်အခဲဖြစ်စေကာ များစွာသက်ရောက်မှုရှိစေသည်။ ထို့ပြင် ပင်လယ်ရေခဲပြင်များ ပျောက်ကွယ်သွားသည်နှင့်အမျှ ရေခဲပြင်နေတောရိုင်းတိရစ္ဆာန်များနှင့် လူသားတို့သည် အာတိတ်ဒေသမှ အခြားဒေသများသို့ ကျူးကျော်ဝင်ရောက်လာမှုများ မကြာခဏဆိုသလိုဖြစ်လာနိုင်သည်။

**ဝင်ရိုးစွန်းဒေသရှိ အစဉ်အေးခဲနေသော နက်ရှိုင်းမြေလွှာ (Permafrost)အပေါ်ထိခိုက်မှု**

အာတိတ်ရေခဲပြင်များတွင်ရှိသော အစဉ်အေးခဲနေသည့် နက်ရှိုင်းမြေလွှာ (Permafrost)သည် မြေပြင်ရာသီဥတုပြောင်းလဲမှုကို အဓိကဖြစ်ပေါ်စေသည့် မီသိန်းဓာတ်ငွေ့အမြောက်အမြားကို သိုလှောင်ထားနိုင်သည်။ ရေခဲပြင်များပူလာသောအခါတွင် အရည်ပျော်မှုကြောင့် သိုလှောင်ထားသော မီသိန်းထုတ်လွှတ်မှုကိုဖြစ်စေပြီး ပူနွေးမှုနှုန်းကိုတိုးလာစေသည်။ ၎င်းကတစ်ဖန်ရေခဲနှင့် Permafrost များကို ပိုမိုအရည်ပျော်စေပြီး မီသိန်းများ ပို၍ထုတ်လွှတ်ကာ အရည်ပျော်မှုကို ဖြစ်စေသည်။ ရေခဲပြင်များ၊ နှင်းခဲထုများပိုမိုလျင်မြန်စွာဆုံးရှုံးပြီး အရည်ပျော်လာသည်နှင့်အမျှ အဆိုးရွားဆုံးသော ရာသီဥတုပြောင်းလဲမှုဆိုင်ရာ သဘာဝဘေးများကို လူသားတို့အနေဖြင့် တွေ့ကြုံခံစားကြရတော့မည်ဖြစ်သည်။

ထို့ကြောင့် ကမ္ဘာ့အပူချိန်တိုးလာမှုကို ကန့်သတ်ခြင်းသည် လူသားအားလုံးအတွက် ပိုမိုလုံခြုံသော အနာဂတ်ကိုရရှိရန် အကောင်းဆုံး အခွင့်အလမ်းဖြစ်ပြီး တွေ့ကြုံရနိုင်သောပိုမိုဆိုးရွားသည့် အကျိုးဆက်များကို ကာကွယ်ပေးသည်။ အပူချိန် ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်မှ ဆက်လက်မြင့်တက်မလာအောင် ထိန်းထားခြင်းဖြင့် ရာသီဥတုပြောင်းလဲမှု၏အဆိုးရွားဆုံး သက်ရောက်မှုများကို ကာကွယ်နိုင်သည်။ ထို့ပြင် လူ့အဖွဲ့အစည်းများနှင့် တောရိုင်းတိရစ္ဆာန်များကို အရည်ပျော်လာနိုင်သော ရေခဲပြင်များကြားတွင် လိုက်လျောညီထွေဖြစ်အောင် နေထိုင်နိုင်ရန် ကူညီပေးခြင်းသည် လတ်တလောတွင် ဖြစ်ပေါ်နေသော အပြောင်းအလဲများအတွက် မရှိမဖြစ်လိုအပ်သည်။ ထိုသို့အရေးကြီးသော ပန်းတိုင်များကို အကောင်အထည်ဖော်ရန် ကမ္ဘာလုံးဆိုင်ရာသဘာဝပတ်ဝန်းကျင်ရန်ပုံငွေအဖွဲ့ (WWF)သည် ဓာတ်ငွေ့ထုတ်လွှတ်မှုကို သိသိသာသာလျှော့ချရန်နှင့်ပြောင်းလဲနေသော ရာသီဥတု၏သက်ရောက်မှုများစွာအတွက် ကြိုတင်ပြင်ဆင်နိုင်ရန် ဒေသတွင်းအသိုင်းအဝိုင်းများ၊ အစိုးရများ၊ ကမ္ဘာတစ်ဝန်းရှိ အခြားအဖွဲ့အစည်းများနှင့် ပူးပေါင်းလုပ်ဆောင်လျက်ရှိပြီး အန္တရာယ်ရှိမျိုးစိတ်များနှင့် ဒေသခံလူထုကို လိုက်လျောညီထွေဖြစ်အောင်ကူညီရန် မြေပြင်ပရောဂျက်အသစ်များကို စမ်းသပ်နေပြီဖြစ်ကြောင်း ဗဟုသုတအနေဖြင့် ရေးသားဖော်ပြအပ်ပါသည်။

**ကိုးကား**

- **Six ways loss of Arctic ice impacts everyone**

# သံတောင်ကြီးမြို့နယ် ကလေခို(အထက်)ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု စစ်ဆေး



**သံတောင်ကြီး ဇန်နဝါရီ ၂၅**

ကရင်ပြည်နယ် သံတောင်ကြီးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဒေသထွက်ကုန်များ ရာသီမရွေးဈေးကွက်သို့ အချိန်မီတင်ပို့နိုင်ရန် ရည်ရွယ်၍ သံတောင်ကြီးမြို့နယ် ကလေခို(အထက်)ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သံတောင်ကြီးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မင်းဦးနှင့် တာဝန်ရှိသူများက ကလေခို(အထက်)ကျေးရွာ ကုန်ထုတ်လမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ ကုန်ထုတ်လမ်း အရှည် နှစ်မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ ကျောက်ရောမြေခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး သံတောင်ကြီးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မင်းဦးက ကျေးရွာကုန်ထုတ်လမ်း ဖြစ်မြောက်ရေး ကော်မတီဝင်များကို ကုန်ထုတ်လမ်း ရေရှည်အသုံးပြုနိုင်ရေး စနစ်တကျ ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားသည်။

သံတောင်ကြီးမြို့နယ် ကလေခို(အထက်)ကျေးရွာ၌ ကုန်ထုတ်လမ်းအရှည် နှစ်မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ ကျောက်ရောမြေခင်းခြင်းလုပ်ငန်းကို ပြည်နယ်အစိုးရရန်ပုံငွေကျပ် ၁၄၉ ဒသမ ၈၇ သန်းဖြင့် Daw Na Goan ကုမ္ပဏီက တာဝန်ယူ၍ ၂၀၂၂ ခုနှစ် ၄ွန် ၆ ရက်ကစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကုန်ထုတ်လမ်းပြီးစီးသွားသဖြင့် ကျေးရွာရှိ လယ်ယာ ၁၈၈ ဧကမှထွက်ရှိသော ဒေသထွက်ကုန်သီးနှံမျိုးစုံကို ဈေးကွက်သို့ ရာသီမရွေးအလွယ်တကူ သယ်ယူ ပို့ဆောင်နိုင်မည်ဖြစ်ကြောင်း သံတောင်ကြီးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**အထွေး**

# မှားမှန်းသိလျှင် အမှန်ပြင်

## ကိုယဥ်ချစ်(မန္တလေး)

> ❖ အမှားကို မှားမှန်းသိလို့ ပြင်နိုင်သူဟာ သတ္တိကောင်းသူဖြစ်ပါတယ်။ သတ္တိဆိုတာစွမ်းရည်၊ ရဲရင့်ခြင်းဖြစ်တာမို့ အမှားကိုအချိန်မီပြင်နိုင်သူတွေဟာ အရည်အချင်းကောင်းတွေ ပိုင်ဆိုင်နိုင်ပါတယ်။ သူ့ရဲ့သိက္ခာကိုလဲ မြင့်မားစေပါတယ်။ အမှားနဲ့မကင်းကြလို့ မှားတတ်ကြပေမဲ့ အမှားနည်းအောင် ပြုမူပြောဆိုနေထိုင်နိုင်ရင် အကောင်းဆုံးပါပဲ။ အမှားနည်းတဲ့သူဟာ အမှားဖြစ်စေမဲ့ အလုပ်မှန်သမျှကို ဆင်ခြင်လုပ်ကိုင်တတ်ကြသလို တစ်ဖက်သားအပေါ်မှာလဲ မမှားအောင် ဂရုစိုက်တတ်ကြပါတယ်။ မလွဲသာလို့ မှားတဲ့အမှားတွေမှာ ပြုပြင်လို့ရတဲ့အမှားနဲ့ ပြုပြင်လို့မရတဲ့အမှားဆိုတာတွေရှိတာမို့ ပြုပြင်လို့ရတဲ့အမှားကိုတော့ သိသိချင်းပြင်လိုက်ရင် အမှန်ဘက်ကို အမြန်ရောက်သွားမှာပါ။ ❖

ငယ်စဉ်က အိမ်နီးချင်း ဦးလေးတစ်ယောက်က သူ့အိမ်ရဲ့ခါးပန်းမှာ မြေဖြူခဲကိုရေဆွတ်ပြီး လက်ရေးလှလှနဲ့ **"အပြစ်နဲ့ရန်သူ မည်သူကင်းသလဲ"**ဆိုတဲ့ စာကြောင်းလေးတစ်ခု ရေးထားတာမှတ်မိပါတယ်။ အဲဒီနေ့အိမ်က ပြောင်းသွားပြီး နောက်အိမ်မှာလဲ အဲဒီစာကြောင်းလေးကို ပြန်ရေးထားပါတယ်။ အဲဒီအချိန်တုန်းကတော့ အဓိပ္ပာယ်ကိုသဘောမပေါက်ခဲ့ပါဘူး။ အမှားကြောင့် အပြစ်တွေ၊ ရန်သူတွေရှိနေတယ်ဆိုတာ အသက်ကြီးလာမှ အဲဒီစာကြောင်းလေးရဲ့အဓိပ္ပာယ်ကို သဘောပေါက်ခဲ့ပါတယ်။

လူတွေဟာအမှားနဲ့ပတ်သက်လာရင် ပုထုဇဉ်တွေပဲ အမှားနဲ့ဘယ်ကင်းနိုင်ကြမှာလဲလို့ ပြောတတ်ကြပါတယ်။ နေ့စဉ်လုပ်နေကြတဲ့အလုပ်က နှစ်မျိုးရှိပါတယ်။ တစ်မျိုးကအမှန်၊ တစ်မျိုးကအမှား။ မြန်မာအဘိဓာန်မှာ မှန်=မမှားယွင်းသော၊ မလွဲသော၊ ဖြောင့်မတ်သော၊ အစဉ်ဖြစ်မြဲအတိုင်းဖြစ်သော။ မှား =မမှန်ကန်သော၊ အမှန်၏ဆန့်ကျင်ဘက်ဖြစ်သော လို့ အဓိပ္ပာယ်ဖွင့်ဆိုထားပါတယ်။ လူတွေရဲ့အတွေး၊ အမြင်နဲ့အလုပ်တွေကို မှန်အောင်လုပ်ကြရင် ရလာတဲ့အလုပ်တွေဟာ မှန်ကန်နေသလို အမှားတွေလုပ်မိကြရင် အမှန်ရဲ့ဆန့်ကျင်ဘက်ရလဒ်တွေကိုသာ ထွက်ပေါ်လာမှာပါ။

မသိလို့မှားတယ်၊ သိလျက်နဲ့မှားတယ်၊ မှားနေမှန်းသိလျက်နဲ့ မပြင်ဘဲဆက်လုပ်လို့မှားတယ်။ ဘယ်အမှားဖြစ်ဖြစ် မိမိရဲ့အကျိုးကိုထိခိုက်ပါတယ်။ အချို့အမှားတွေကတော့ မိမိကိုသာမက ပတ်ဝန်းကျင်ကိုပါထိခိုက်စေပါတယ်။ တချို့ကစေတနာအမှားပါလို့ ပြောတတ်ကြပါတယ်။ လူတိုင်းအမှားနဲ့မကင်းကြပေမဲ့လဲ အကျိုးခံစားရမဲ့အပြစ်ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ အမှားတွေ နည်းနိုင်သမျှနည်းရင် အကောင်းဆုံးပါပဲ။

အမှားဆိုတဲ့မကောင်းမှုကိုပြုလုပ်မိတာကို ဒုစရိုက်လို့ခေါ်ပါတယ်။ ဒု =မကောင်းသော+စရိတ = စရိုက်(အကျင့်)၊ ဒုစရိုက် =မကောင်းတဲ့အမှုကို ပြုမူကျူးလွန်ခြင်းဖြစ်ပါတယ်။ ဒုစရိုက် ၁၀ ပါးဆိုတာ မကောင်းသောကိုယ်မှု၊ နှုတ်မှု၊ စိတ်မှုတွေကိုခေါ်တာပါ။ ဒုစရိုက် ၁၀ ပါးမှာ ကာယကံသုံးပါး၊ ဝစီကံလေးပါးနဲ့ မနောကံသုံးပါးရှိပါတယ်။ ကာယဒုစရိုက် သုံးပါးက ပါဏာတိပါတ-သူတစ်ပါးအသက်ကိုသတ်ခြင်း၊ အဒိန္နာဒါန- ပိုင်ရှင်သည် ကိုယ်နှုတ်တို့ဖြင့် မပေးအပ်သောသူတစ်ပါးဥစ္စာကိုခိုးယူခြင်း၊ ကာမေသုမိစ္ဆာစာရ-ကာမဂုဏ်တို့တွင် မှားယွင်းစွာ ဖောက်ပြန်ကျူးလွန်ခြင်း။

ဝစီဒုစရိုက်လေးပါးက မုသာဝါဒ- မဟုတ်မမှန်သောအရာကို ဟုတ်မှန်သည့်အနေဖြင့် လိမ်ညာပြောဆိုခြင်း၊ ပိသုဏာဝါစာ- ချောပစ်ကုန်းတိုက်ခြင်း၊ ချစ်သူနှစ်ဦးကွဲသွားအောင် သို့မဟုတ် မိမိအားချစ်ခင်လာအောင် ချစ်သူနှစ်ဦးကို ရန်တိုက်ပေးခြင်း၊ သင့်တင့်ညီညွတ်နေသော မိတ်ဆွေနှစ်ဦးတို့ကို မသင့်မတင့်ဖြစ်အောင်၊ စိတ်ဝမ်းကွဲအောင်ပြောဆိုခြင်း၊ ဖရုသဝါစာ-ကြမ်းကြမ်းတမ်းတမ်း ဆဲရေးတိုင်းထွာပြောဆိုခြင်း၊ သမ္ဖပ္ပလာပ- မိမိ သူတစ်ပါး နှစ်ဦးသား လုံးဝအကျိုးမရှိသောစကား ပြောဆိုခြင်း။

မနောဒုစရိုက်သုံးပါးက အဘိဇ္ဈာ-သူများစည်းစိမ်ဥစ္စာချမ်းသာကြွယ်ဝနေသည်ကို မြင်သောအခါ ထိုစည်းစိမ်ချမ်းသာများ ငါ၏ဥစ္စာဖြစ်လာပါမူ ကောင်းလေစွဟု သူတစ်ပါး၏စည်းစိမ်ချမ်းသာအပေါ် မကောင်းကြံစည်ခြင်း၊ ဗျာပါဒ- သူတစ်ပါးပျက်စီးစေလိုသည့်စိတ်ဖြစ်ပေါ်ခြင်း၊ မိစ္ဆာဒိဋ္ဌိ- လှူခြင်းသည် အကျိုးမရှိ၊ မလှူခြင်းသည် အပြစ်မရှိ စသည်ဖြင့်ဖောက်ပြန်မှားယွင်းစွာ ယူခြင်းတို့ဖြစ်ပါတယ်။ ဒီဒုစရိုက် ၁၀ ပါးကို အကုသလကမ္မပထတရား ၁၀ ပါးလို့လဲ ခေါ်ပါတယ်(အကုသလ= အကုသိုလ်+ ကမ္မ=ကံ+ပထ အပါယ်ရောက်ကြောင်းလမ်း) ဖြစ်ပါတယ်။

သုစရိုက် ၁၀ ပါးဆိုတာ ကောင်းသောကိုယ်မှု၊ နှုတ်မှု၊ စိတ်မှုတို့ကိုခေါ်ဆိုပါတယ်။ ကုသလကမ္မပထတရား ၁၀ ပါးလို့လဲ ခေါ်ပါတယ်။

မြန်မာ့နိုင်ငံရေးသမိုင်းကြောင်းမှာ ဗမာပြည်ကွန်မြူနစ်ပါတီဥက္ကဋ္ဌ သခင်သန်းထွန်းဟာ တို့ဗမာအစည်းအရုံးခေါင်းဆောင်အဖြစ် ၁၃၀၀ ပြည့် ရေနံမြေအလုပ်သမားအရေးနှင့် ကျောင်းသားအရေးတော်ပုံတွေမှာ တက်တက်ကြွကြွဦးစီးခဲ့သလို ဗမာနိုင်ငံတောင်သူလယ်သမားသမဂ္ဂရဲ့ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့ပါတယ်။ ဗမာ့လွတ်လပ်ရေး (အင်္ဂလိပ်နယ်ချဲ့ဆန့်ကျင်ရေး) တိုက်ပွဲမှာ ရှေ့တန်းကပါဝင်ခဲ့သလို ဖက်ဆစ်ဂျပန်တိုက်ဖျက်ရေး၊ ပြောက်ကျားစစ်ပွဲတွေမှာ ဦးစီးခဲ့သူလဲဖြစ်ပါတယ်။ ဒါပေမဲ့ မာ့က်စ်လီနင်ဝါဒကို ယုံကြည်ပါတယ်ဆိုပြီး မိမိတိုင်းပြည်ရဲ့ ထူးခြားတဲ့အခြေအနေတွေနဲ့လိုက်လျောညီထွေဖြစ်အောင် ဆက်စပ်မကျင့်သုံးဘဲ ပြည်ပကအယူအဆကို ပုံတူကူးချ၊ နိုင်ငံခြားဩဇာကိုခံယူခဲ့မှုကြောင့် အတွေးအခေါ် အယူအဆတွေ မှားယွင်းခဲ့ပါတယ်။ ပဲခူးရိုးမှာ ဖြုတ်ထုတ်သတ်လမ်းစဉ်ကို ကျင့်သုံးခဲ့ပါတယ်။ နောက်ဆုံး သူကိုယ်တိုင်လဲ ၁၉၆၈ ခုနှစ် စက်တင်ဘာ ၂၄ ရက် ညနေ ၅ နာရီ မိနစ် ၂၀ မှာ ပဲခူးရိုးမအရှေ့စောင်း၊ ကျောက်ချောင်းကမ်းပါးရှိတောင်ကြောမှာ ကြုံတိတ် ခေါ် လုံတိတ် ခေါ် ရဲဘော်မြကြီးရဲ့လုပ်ကြံတာကို ခံခဲ့ရပါတယ်။

နောက်တစ်မျိုးကတော့ အထင်အမှတ်လွဲရင်လဲ မှားယွင်းတတ်ပါတယ်။ မိမိကိုယ်တိုင် မြန်မာနိုင်ငံအလယ်ပိုင်းက ပုပ္ပားတောင်ရဲ့အမြင့်ပေကို ဆယ့်ကိုးယုတ်ငါးတောင်အစား ဆယ့်ကိုးယုတ်ငါးတောင်လို့ အမှတ်မှားခဲ့ပါတယ်။ မှားပြီးမှတ်မိတာက အဓိပ္ပာယ်လဲမရှိခဲ့ပါဘူး။ နောက်မှ အမှန်ကိုသိရပါတယ်။ အမှန်က ဖိုခုံလောက်ဆိုင်တောင်ထွတ်သုံးလုံးဖြစ်တဲ့ မှန်ပြတောင် ၄၉၈၁ ပေ၊ စပါးပုံတောင် ၄၇၅၅ ပေနဲ့ ဆေးမွှန်တောင် ပေ ၄၆၀၀ တို့ထဲက အမြင့်ဆုံးဖြစ်တဲ့ မှန်ပြတောင်ရဲ့အမြင့် ၄၉၈၁ ပေကို မှတ်သားရလွယ်အောင် ဆယ့်ကိုးယုတ်ငါးတောင် (ပေ ၅၀၀၀-၁၉ ပေ = ၄၉၈၁ ပေ)လို့ တချိုးထားခဲ့တာပါ။

အပြောအဆိုနှုတ်မှုကြောင့်လဲ မှားတတ်ပါတယ်။ ဗုဒ္ဓမြတ်စွာ သာဝတ္ထိပြည် ဇေတဝန်ကျောင်းမှာသီတင်းသုံးနေစဉ်က သူငယ်တစ်စုတို့က ရွှေရောင်အဆင်းရှိပြီး အလွန်ကြီးမားတဲ့ ငါးကြီးတစ်ကောင်ကို ဖမ်းမိကြလို့ ကောသလမင်းကြီးထံဆက်သတော့ မင်းကြီးက အလွန်ထူးဆန်းတဲ့ ငါးကြီးရဲ့အကြောင်းကို အကြောင်းစုံသိလိုတာနဲ့ ဗုဒ္ဓမြတ်စွာထံ ဆက်လက်ယူဆောင်သွားခဲ့ပါတယ်။ ငါးကြီးက တစ်ကိုယ်လုံး ရွှေရောင်အဆင်းရှိပေမဲ့ ပါးစပ်ဟလိုက်ရင် အပုပ်နံ့တွေထွက်နေတာဟာ အဘယ်ကြောင့်ပါလဲလို့ မေးလျှောက်တဲ့အခါ ဗုဒ္ဓမြတ်စွာက ဤငါးကြီးသည် ကဿပဘုရားလက်ထက်က ပိဋကသုံးပုံဆောင် ရဟန်းတစ်ပါးဖြစ်ခဲ့ကြောင်း၊ ရဟန်းတို့ကို နှစ်ပေါင်းများစွာ ပိဋကသုံးပုံကိုပို့ချခဲ့ပြီး လာဘ်လာဘအခြေအရံ များပြားလာသောအခါ မာန်မာနတက်ကြွပြီး တစ်ပါးသောရဟန်းကို ဆဲဆိုကြိမ်းမောင်းခဲ့ခြင်းကြောင့် ပါးစပ်မှအပုပ်နံ့ထွက်ခြင်းဖြစ်ကြောင်း ဇာတ်ကြောင်းပြန်ဟောကြားတော်မူခဲ့ပါတယ်။ ဗုဒ္ဓမြတ်စွာက ပရိသတ်အလယ်မှာ ငါးကြီးကိုမေးမြန်းရာ ရွှေငါးကြီးက ဟုတ်မှန်ကြောင်း ဖြေကြားပြီး သေဆုံးသွားခဲ့ပါတယ်။ ဗုဒ္ဓမြတ်စွာဟာ ငါးကြီးရဲ့အဖြစ်အပျက်ဆန်းကိုကြားသိရ၍ ထိတ်လန့်တုန်လှုပ်နေတဲ့ ပရိသတ်တွေကို အခါအခွင့်နဲ့သင့်လျော်တဲ့ ဓမ္မာစရိယသုတ်ကို ဟောကြားတော်မူခဲ့ပါတယ်။ တစ်ကိုယ်လုံးရွှေရောင်အဆင်းရှိခဲ့ပေမဲ့ နှုတ်မှုအမှားကြောင့် ပါးစပ်ကအပုပ်နံ့ထွက်ခဲ့ရတဲ့ ရွှေငါးကြီးရဲ့အကြောင်းဟာ သင်ခန်းစာတစ်ခုဖြစ်ပါတယ်။

နှုတ်မှုစကားတစ်ခွန်းဟာ တစ်ဖက်သားအပေါ် အကျိုးရှိသလား၊ တန်ဖိုးရှိသလား ချင့်ချိန်စဉ်းစားပြီးမှ ပြောဆိုသင့်ပါတယ်။

နောက်တစ်ခုက လုပ်တာကိုင်တာတွေလွဲချော်ရင်လဲ အမှားတွေကြုံရတတ်ပါတယ်။ မိမိလုပ်နေတဲ့အလုပ်တွေကို အမှန်တွေချည်းပဲလို့အထင်နဲ့ လုပ်ကိုင်နေတတ်ကြပါတယ်။ လုပ်ကိုင်ပြီးမှ အားနည်းချက်တွေရှိလာနိုင်တာမို့ သတိထားဆင်ခြင်လုပ်ကြဖို့သင့်ပါတယ်။ မိမိလုပ်တဲ့အလုပ်တွေက အမြဲမှန်နေမယ်ဆိုတဲ့တစ်ယူသန်အစွဲမထားသင့်ပါဘူး။ မိမိတစ်ဦးတည်း အကျိုးအတွက် လုပ်တာက မှားသွားရင်ခံသာပေမဲ့ အများအကျိုးကို တာဝန်ယူလုပ်ကိုင်ကြသူတွေကတော့ ဆုံးရှုံးမှုကြီးမားနိုင်တာကြောင့် အများသဘောထား အကြံဉာဏ်တွေနဲ့ ပေါင်းစပ်လုပ်ကိုင်ခြင်းကသာ အမှားနည်းနိုင်ပါတယ်။

တချို့ကအမှားကိုမှားနေမှန်းမသိဘူး၊ အမှန်ပဲထင်နေတယ်။ တချို့ကမှားသွားပြီဆိုတာသိတယ်။ ဒါပေမဲ့ မထူးတော့ပါဘူးဆိုပြီး နောက်မဆုတ်ဘဲ ရှေ့ဆက်တိုးပြီး အမှားတွေလုပ်တယ်။ တချို့က အမှားနဲ့ခံစားနေရတဲ့အကျိုးအမြတ်ကိုသာကြည့်ပြီး ဆက်မှားနေတတ်တယ်။ မှားမှန်းသိတာနဲ့ အမှန်ဘက်ကိုပြောင်းနိုင်ဖို့ လိုပါတယ်။

ရှာစားကြီး စိန်တင်ဟန်ရေးတဲ့ ဘိသိက်ပြိုင် ဆိုတဲ့ဇာတ်လမ်းရဲ့ ဇာတ်သိမ်းပိုင်းမှာ ဘိသိက်ဆရာဆားတောင်သောင်းက ရတနာပုံဆရာလှိုင်ကို အမှားနဲ့ပတ်သက်လို့ ပြောလိုက်တဲ့စကားလေးက မှတ်သားစရာကောင်းလှပါတယ်။ အမှားဆိုတာ သူတစ်ပါးအပေါ်မှာ ကိုယ်ကကျူးလွန်တဲ့အမှား၊ ကိုယ့်အပေါ်မှာ သူတစ်ပါးက ကျူးလွန်တဲ့အမှားနဲ့ ကိုယ့်ဘာသာကျူးလွန်တဲ့အမှားတဲ့။ အလွန်တန်ဖိုးရှိတဲ့စကားလေးပါ။ ဘယ်လိုအမှားမျိုးပဲဖြစ်ပါစေ အမှန်ကို ပြင်လို့ရနိုင်ပါတယ်။

အမှားကို မှားမှန်းသိလို့ပြင်နိုင်သူဟာ သတ္တိကောင်းသူဖြစ်ပါတယ်။ သတ္တိဆိုတာစွမ်းရည်၊ ရဲရင့်ခြင်းဖြစ်တာမို့ အမှားကို အချိန်မီပြင်နိုင်သူတွေဟာ အရည်အချင်းကောင်းတွေ ပိုင်ဆိုင်နိုင်ပါတယ်။ သူ့ရဲ့သိက္ခာကိုလဲ မြင့်မားစေပါတယ်။ အမှားနဲ့မကင်းကြလို့ မှားတတ်ကြပေမဲ့ အမှားနည်းအောင် ပြုမူပြောဆို နေထိုင်နိုင်ရင် အကောင်းဆုံးပါပဲ။ အမှားနည်းတဲ့သူဟာ အမှားဖြစ်စေမဲ့အလုပ်မှန်သမျှကို ဆင်ခြင်လုပ်ကိုင်တတ်ကြသလို တစ်ဖက်သားအပေါ်မှာလဲ မမှားအောင်ဂရုစိုက်တတ်ကြပါတယ်။ မလွဲသာလို့မှားတဲ့အမှားတွေမှာ ပြုပြင်လို့ရတဲ့အမှားနဲ့ ပြုပြင်လို့မရတဲ့အမှားဆိုတာတွေရှိတာမို့ ပြုပြင်လို့ရတဲ့အမှားကိုတော့ သိသိချင်းပြင်လိုက်ရင် အမှန်ဘက်ကိုအမြန်ရောက်သွားမှာပါ။ ပြုပြင်လို့မရနိုင်တဲ့အမှားမျိုးတွေကိုတော့ အတတ်နိုင်ဆုံးမပြုလုပ်မိဖို့ သတိပြုဆင်ခြင်လုပ်ကိုင်သင့်ပါတယ်။

လူဆိုတာ တစ်ဦးတည်းနေလို့မရတဲ့ သဘာဝကြောင့် မိသားစုအပါအဝင် ပတ်ဝန်းကျင်တွေနဲ့ပါ ပတ်သက်ဆက်ဆံနေရတာဖြစ်လို့ အမှန်တွေကိုရှာဖွေနိုင်သလို အမှားတွေကလဲ နေရာအမျိုးမျိုး၊ ပုံစံအမျိုးမျိုးနဲ့ မိမိဆီကိုရောက်လာတတ်ပါတယ်။ မှားတယ်မှန်တယ်ဆိုတာက ကိုယ့်အမြင်တစ်ခုတည်းနဲ့ ဆုံးဖြတ်မရဘဲ ပတ်ဝန်းကျင်နဲ့ အချိန်ကာလတွေက အဆုံးအဖြတ်ပေးတယ်ဆိုတာကိုလဲ သတိပြုသင့်ပါတယ်။ ကိုယ်ပြုလိုက်မိတဲ့အမှားကြောင့် ကောင်းကျိုးထက်ဆိုးကျိုးကို ပိုပြီးခံစားရပါမယ်။ ဒါကြောင့် ကိုယ်ချင်းစာစိတ်နဲ့သူတစ်ပါးအပေါ် အမှားမပြုမိအောင် ကျင့်ကြံလုပ်ကိုင်သင့်ပါတယ်။

အသက်အရွယ်၊ မနေဥစ္စာ၊ ပညာ၊ ရာထူးဌာနန္တရတွေ ဘယ်လောက်ပဲပြည့်စုံနေပါစေ အကြောင်းဆုံလာရင် အမှားတွေပြုမိတတ်ပါတယ်။ အမှားတွေမပြုမိအောင် သတိကိုဆောင်ထားရပါမယ်။ အမှားပြုမိတာက အမှန်ကိုသိနိုင်တဲ့စွမ်းအား နည်းလို့ပါပဲ။ အမှန်မသိတာက လုပ်သင့်တာကိုမလုပ်တာ၊ မလုပ်သင့်တာကိုလုပ်မိတာ။ မသိတာကိုအကြောင်းပြုပြီးတော့ ခံစားရတဲ့အကျိုးဆက်က ကြီးမားလှပါတယ်။ ဒီနေ့မျက်မှောက်ကာလ ကမ္ဘာကြီးပေါ်မှာ တိုးတက်နေပါတယ်ဆိုတဲ့နိုင်ငံကြီးတွေတောင်မှ သူတို့အကျိုးစီးပွားကို ရှေ့တန်းတင်ပြီး မလုပ်သင့်တာတွေလုပ်ကြ၊ လုပ်သင့်တာတွေမလုပ်ကြတာကြောင့် မငြိမ်းချမ်းတဲ့လူ့ဘောင်ဘဝကို ရင်ဆိုင်နေကြရတာ လက်တွေ့ပါပဲ။

အမှားကင်းရင်၊ မှန်နေရင်ကောင်းမှုတွေ ခံစားရသလို အမှားတွေပြုမိရင် မကောင်းမှုတွေနဲ့ရင်ဆိုင်ကြရပါတယ်။ ကောင်းမှုဆိုတာ နောင်တပူပန်မှုမဖြစ်ဘူး၊ ပီတိကိုခံစားရတယ်။ မကောင်းမှုဆိုတာကတော့ လုပ်ပြီးသွားပေမဲ့ ပူပင်နေရတယ်။ အခန့်မသင့်ရင် မျက်ရည်ကျတဲ့ထိ ပူဆွေးသောကတွေ ခံစားရတယ်။ အမှားရဲ့အကျိုးဆက်က မှားခဲ့သလောက်တန်ဖိုးကို ပြန်ပြီးခံစားရအုံးမှာပါ။

ဒါပေမဲ့လဲ မှားမှန်းသိပေမဲ့ အမှန်ကို အချိန်မီမပြင်ဘဲ အမှားတွေဆက်လုပ်နေမယ်ဆိုရင်တော့ ဘဝတစ်ခုလုံး အမှောင်တိမ်တိုက်ကြီး ဖုံးလွှမ်းသွားပြီး အမြင်တွေပါ ဆုံးရှုံးတတ်တာမို့ မှားမှန်းသိရင် အမှန်ပြင်နိုင်ကြဖို့ တိုက်တွန်းရေးသားလိုက်ရပါတယ်။

**ကိုးကား**

**- ဗုဒ္ဓဘာသာကောင်းတစ်ယောက်**

**(သာသနာရေးဝန်ကြီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန)**

# ရေဦးခရိုင်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် နှမ်းဧက ၂၀၀၀၀ ကျော် စိုက်ပျိုးပြီးစီး



**ရေဦး ဇန်နဝါရီ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် နှမ်းဧက ၂၀၀၀၀ ကျော် စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရေဦးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဆောင်းနှမ်း ၂၂၁၃၉ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၂ ခုနှစ် အောက်တိုဘာလက စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၂၁၂၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ်ဆောင်းကာလ ရေဦးခရိုင်မှာ ဆောင်းနှမ်း ၂၂၁၃၉ ဧက စိုက်ပျိုးဖို့လျာထားတယ်။ ဒီနေ့ထိတော့ ဆောင်းနှမ်း ၂၂၁၂၇ ဧက စိုက်ပျိုးပြီးစီးနေပြီ။ ဆက်လက်စိုက်ပျိုးနေကြပါတယ်။ ဆောင်းနှမ်းစိုက်ပျိုးမှုက တိုးလာတဲ့အနေအထားမှာရှိတယ်။ ဒီနှစ်ဆောင်းကာလမှာလဲ ဆောင်းနှမ်းဧကလျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ဆောင်ရွက်နေပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းလှိုင်ဦးက ပြောပြသည်။

ယခုနှစ် ရေဦးခရိုင်တွင် ဆောင်းနှမ်းစိုက်ပျိုးပြီးစီးမှုအနေဖြင့် ရေဦးမြို့နယ်တွင် ၄၅၂၃ ဧက၊ တန့်ဆည်မြို့နယ်တွင် ၂၀၀၇ ဧက၊ ဒီပဲယင်းမြို့နယ်တွင် ၁၅၅၉၇ ဧက စုစုပေါင်း ၂၂၁၂၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ရေဦးခရိုင်တွင် နှမ်းစိုက်တောင်သူများအနေဖြင့် နှမ်းသီးနှံအထွက်နှုန်းကောင်းမွန်ရေး၊ GAP စနစ်ဖြင့် စိုက်ပျိုးရေး၊ မျိုးကောင်းမျိုးသန့်များ ပြောင်းလဲစိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ GAP စနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့် သီးနှံများသည် အခြားစိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးထုတ်လုပ်ထားသည့်သီးနှံများထက် အရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်များကိုပါ တင်ပို့ရောင်းချနိုင်သည့် အကျိုးကျေးဇူးများကြောင့် GAP စနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့် တောင်သူများအနေဖြင့်လည်း အကျိုးစီးပွားပိုမိုဖြစ်ထွန်းကာ ၎င်းတို့၏ လူမှုစီးပွားဘဝများကိုပါ တိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။ (၂၀၆)

# ဘုတ်ပြင်းမြို့နယ် ကျေးရွာသုံးရွာ၌ ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**ဘုတ်ပြင်း ဇန်နဝါရီ ၂၅**

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းခရိုင် ဘုတ်ပြင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ပံ့ပိုးရန်ပုံငွေဖြင့် ကျေးရွာသုံးရွာ၌ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဘုတ်ပြင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဦးအောင်ထွန်းလေး၊ တာဝန်ခံအင်ဂျင်နီယာများနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက သက်ဆိုင်ရာကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ အေးမြသာယာကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း၊ ကျားကိုက်အော်ကျေးရွာတွင် ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းနှင့် ဟန်ကဒိုင်းကျေးရွာ၌ Slab Culvert နှစ်စင်းတည်ဆောက်ခြင်းလုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး ခေတ္တမြို့နယ်ဦးစီးမှူး ဦးအောင်ထွန်းလေးက လုပ်ငန်းများ သတ်မှတ်ချိန်အတွင်း အချိန်မီပြီးစီးရေး ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့သည်။

ဘုတ်ပြင်းမြို့နယ် အေးမြသာယာကျေးရွာ၌ အရှည်ပေ ၂၅၀၊ အကျယ် ၁၂ ပေနှင့် အမြင့်ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း၊ ကျားကိုက်အော်ကျေးရွာ၌ လမ်းတစ်ဖက်လျှင် အရှည်ပေ ၅၀၀၊ အကျယ် သုံးပေနှင့် အမြင့်ခြောက်လက်မရှိ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းနှင့် ဟန်ကဒိုင်းကျေးရွာ၌ Slab Culvert နှစ်စင်းတည်ဆောက်ခြင်းလုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၃၀၀ နှင့် ပြည်သူလူထုထည့်ဝင်ငွေများဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၂ ခုနှစ် နိုဝင်ဘာလက စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းအားလုံး ၈၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက ကျေးရွာသုံးရွာရှိ အိမ်ခြေ ၄၅၀၊ လူဦးရေ ၂၂၀၀ ကျော်တို့ ရာသီမရွေးသွားလာနိုင်ပြီဖြစ်ကြောင်း ခေတ္တမြို့နယ် ဦးစီးမှူး ဦးအောင်ထွန်းလေးက ပြောပြ၍ သိရသည်။

**မင်းမြင့်မိုရ်**

## ပလင်းတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ ဖတ်ကြစို့






## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**
- (က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။
- (ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
- (ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

၂။ **စီးပွားရေး**
- (က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
- (ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
- (ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

၃။ **လူမှုရေး**
- (က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- (ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- (ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

ကျွန်တော်တို့အားလုံး ဖြတ်သန်းလာခဲ့တဲ့ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ချုပ်ဆိုခဲ့တဲ့ (၇)နှစ်ပြည့်ကာလမှာ ကျွန်တော့်အနေနဲ့ -

- ဖြတ်သန်းလာခဲ့ရတဲ့ကာလတစ်လျှောက် အတွေ့အကြုံတွေအရ တည်ငြိမ်အေးချမ်းမှုရှိခြင်းနဲ့ တည်ငြိမ်အေးချမ်းမှုမရှိခြင်းတို့ရဲ့ အကျိုးအပြစ်တွေကို သုံးသပ်ဆင်ခြင်ပြီး NCA စာချုပ်ရဲ့ တန်ဖိုးအနှစ်သာရပီပြင်လာအောင် ပိုင်းဝန်းဆောင်ရွက်ကြပါ။
- ဒို့တာဝန်အရေးသုံးပါးမူဝါဒကို လေးစားတန်ဖိုးထားပြီး ပေါင်းစည်းညီညွတ်သော ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုဖော်ဆောင်အောင်မြင်နိုင်ဖို့ NCAစာချုပ်ပါ ကတိကဝတ်တွေကို လေးလေးစားစားလိုက်နာကြပါ။
- အမျိုးသားနိုင်ငံရေးအတွေးအမြင်ကြွယ်ဝသော၊ နိုင်ငံသားသစ္စာတရားပြည့်ဝသော နိုင်ငံကြီးသားစိတ်ထားရှိသူတွေဖြစ်လာစေရန် မိမိတို့ကိုယ်တိုင်နှင့် မိမိတို့ပတ်ဝန်းကျင်ကို ပြုစုပျိုးထောင်သွားကြပါ။
- NCA မှာ လက်မှတ်ရေးထိုးရန် ကျန်ရှိနေသေးသည့် အဖွဲ့အစည်းတွေပါဝင်လာစေဖို့အတွက် နှိုးဆော်တိုက်တွန်းမှုတွေ၊ စည်းရုံးသိမ်းသွင်းမှုတွေ တတ်စွမ်းနိုင်သမျှ ပံ့ပိုးလုပ်ဆောင်ခြင်းဖြင့် သမိုင်းမှတ်တမ်းကောင်းတစ်ခုစိုက်ထူသွားကြပါစို့လို့ နှိုးဆော်တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် ကျင်းပပြုလုပ်သည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ချုပ်ဆိုခြင်း (၇) နှစ်မြောက် နှစ်ပတ်လည်နေ့တွင် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)**

# မန်းရွှေစက်တော်ရာပါဒစေတီတော် ဗုဒ္ဓပူဇနီယပွဲတော်ဖွင့်ပွဲမင်္ဂလာအခမ်းအနား၊ အထူးတံတားနှင့် အထူးမုခ်ဦးဖွင့်ပွဲမင်္ဂလာအခမ်းအနား ကျင်းပပြုလုပ်



**အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦးနှင့် တာဝန်ရှိသူများက အထူးတံတားနှင့် အထူးမုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။**

**နေပြည်တော် ဇန်နဝါရီ ၂၅**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ် မန်းရွှေစက်တော်ရာဘုရားပါဒစေတီတော် ဗုဒ္ဓပူဇနီယပွဲတော်ဖွင့်ပွဲမင်္ဂလာအခမ်းအနား၊ အထူးတံတားနှင့် အထူးမုခ်ဦးဖွင့်လှစ်ခြင်း မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်သည်။

အဆိုပါအခမ်းအနားသို့ မင်းဘူးမြို့အမှတ်(၂)ရပ်ကွက် မဟာဝိသုတာရာမတိုက်သစ်ပဓာနနာယက နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် ဘဒ္ဒန္တဉာဏိက အမှူးပြုသော သံဃာတော်များကြွရောက်တော်မူကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦး၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဘာသာရေးအသင်းအဖွဲ့များ၊

**စာမျက်နှာ ၁၈ ကော်လံ ၁ ☆**

**နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် သျှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ(RCSS) ဥက္ကဋ္ဌ ဦးဆောင်သော ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ ဒုတိယနေ့ တွေ့ဆုံဆွေးနွေး** စာမျက်နှာ - ၁၆

**ကျိုက်ထီးရိုးဘုရားဖူးမြော်ရန် လာရောက်သည့် ဘုရားဖူးမော်တော်ယာဉ်ကို PDF အမည်ခံအကြမ်းဖက်သမားများက ပုံးပစ်လောင်ချာဖြင့် ဆင်ခြင်တုံတရားမဲ့စွာ ပစ်ခတ်မှုကြောင့် အပြစ်မဲ့ ဘုရားဖူးပြည်သူ အမျိုးသား တစ်ဦး သေဆုံးပြီး ခုနစ်ဦး ထိခိုက်ဒဏ်ရာရရှိ** စာမျက်နှာ - ၂၂


SIN MINN

ဆင်မင်းဘိလပ်မြေစက်ရုံအုပ်စု
SINMINN CEMENT FACTORY GROUP

အရည်အသွေးမှာထိပ်ဆင်မင်းတံဆိပ်ဘိလပ်မြေ

ISO 9001 : 2015
CERTIFICATE NO.TH011875

ဆက်သွယ်ရန် – ဖုန်း ၀၉ ၆၆၅၅၀၅၄၄၃၊ ၀၉ ၆၆၇၅၄၄၄၀၉၊ ၀၉ ၆၆၁၃၆၆၁၄၀
E-Mail : scfg.kyaukse@gmail.com

BEST QUALITY CEMENT ASTM.C150 TYPE I (42.5) ဆင်မင်းဘိလပ်မြေ
BEST QUALITY CEMENT ASTM.C150 TYPE II (32.5) ဆင်မင်းဘိလပ်မြေ